The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ (26-3-2014) (၇၇၉၆)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင်ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ အဗ္ဗဒူလ် ဟာမစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံဘုရင်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်သို့ရောက်ရှိနေသော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

အလားတူ နှစ်နိုင်ငံခေါင်းဆောင်များအား အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက် လူငယ်မောင်မယ်များက နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြုကြိုဆိုကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဘရူနိုင်းနိုင်ငံဘုရင်က အတူလိုက်ပါလာသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွန့်၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးငွေအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံခေါင်းဆောင်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍနှင့်စိုက်ပျိုးရေးကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ ဘရူနိုင်းနိုင်ငံသို့ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

ပုပ္ပားရုပ်သံစက်ရုံမှ မူလလွှင့်အား 5KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် မတ် ၂၅

ပုပ္ပားရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၆ ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 5KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို အသိပေးတင်ပြထားခဲ့ပြီးဖြစ်သည်။

ယခုအခါ Digital စနစ်ဖြင့်ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်ပါသဖြင့် မတ် ၁၈ ရက် ညနေ ၆ နာရီထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 5 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်းပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယ နေ့ မာ တိ ကာ

တပ်မတော်သည် ပြည်သူ	စာမျက်နှာ - ၉
ပြန်လည်ကြည့်ချင် ရွှေခေတ်မြန်မာ့ရုပ်ရှင်	စာမျက်နှာ - ၁၂
မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ကလပ်အသင်းများ ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်	စာမျက်နှာ - ၁၃



ကြေးမုံစာတည်းရှုထောင့် ၂၆-၃-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

ကျန်းမာသည့် နေထိုင်မှု

ပြည်သူများ အသက်ရှည်ကျန်းမာစေရေးအတွက် အရေးကြီးသည့်အချက်မှာ မှန်ကန်သည့်နေထိုင်စားသောက်မှုပုံစံဖြစ်ပါသည်။ အနေအထိုင်မဆင်ခြင်ဘဲ စားသောက်မှုပုံစံမှားယွင်းပါက ထူပြောများပြားလှသော ရောဂါအမျိုးမျိုးတို့အနက် တစ်မျိုးမဟုတ်တစ်မျိုး ရရှိခံစားရနိုင်ပေသည်။

ယနေ့လူအများ အဖြစ်များပြီး ကြုံတွေ့တတ်သော ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အဆုတ်၊ အသည်း၊ ကျောက်ကပ်ရောဂါများအနက် ကျောက်ကပ်ရောဂါသည် ငွေကုန်ကြေးကျအများဆုံးနှင့် ကုသရန်ခက်ခဲသော ရောဂါတစ်မျိုးဖြစ်ပါသည်။ အဆိုပါရောဂါကို ကာကွယ်နိုင်ရန်အတွက် ဖြစ်ပွားမှ ကုသခြင်းထက် မဖြစ်ပွားမီ ကြိုတင်ဂရုစိုက် ဆင်ခြင်နေထိုင်စားသောက်တတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

မကြာသေးမီရက်ပိုင်းအတွင်းက ကမ္ဘာ့ကျောက်ကပ်နေ့ အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၄ နိုင်ငံတွင် ကျင်းပခဲ့ကြပြီး "သင်အသက်ကြီးလာသလို ကျောက်ကပ်လည်း ပျက်စီးကာအို"ဟူသော ဆောင်ပုဒ်နှင့်အညီ ကျောက်ကပ်ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ကျောက်ကပ်ရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သော်လည်း အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ကျောက်ကပ်ရောဂါဖြစ်ပွားနိုင်ခြေမြင့်တက်လာသည်ကို တွေ့ရပါသည်။ အထူးသဖြင့် အသက် (၄၀) ကျော်လျှင် ကျောက်ကပ်ရောဂါဖြစ်နိုင်ခြေမြင့်မားပြီး ထိုအသက်အရွယ်တွင် ကျောက်ကပ်ထုထည်သေးလာခြင်း၊ ကျောက်ကပ်သွေးစီးဆင်းမှုလျော့နည်းလာခြင်း၊ ကျောက်ကပ်၏ အရည်စစ်ထုတ်နိုင်မှု လျော့ကျလာခြင်း၊ ကျောက်ကပ်အတွင်းပြွန်များ အရည်ထုတ်မှုနှင့် စုပ်ယူမှုကျဆင်းလာခြင်း၊ ကျောက်ကပ်မှ အဆိပ်အတောက်သန့်စင်မှု လျော့ကျလာခြင်းများဖြစ်လေ့ရှိကြောင်း ကျန်းမာရေးပညာရှင်တို့က ဆိုထားသည်။

သာမန်လူတစ်ယောက်အနေဖြင့် အားအင်ကုန်ခန်းခြင်း၊ သွေးဖိအားတက်ခြင်း၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ ရောင်ရမ်းခြင်း၊ ပျို့အန်ခြင်း၊ ဆီးနည်းခြင်း၊ ဆီးမသွားခြင်း၊ ခန္ဓာကိုယ်အညှီအမည်းစွဲလွယ်ခြင်း၊ ခန္ဓာကိုယ်ယားယံခြင်းစသည့် ရောဂါလက္ခဏာ သုံးလေးမျိုးဖြစ်ပွားနေလျှင် နားလည်တတ်ကျွမ်းသော နီးစပ်ရာဆရာဝန်များနှင့်တိုင်ပင်ဆွေးနွေးပြီး အချိန်မီဆေးကုသမှုခံယူသင့်ပါသည်။

အဆိုပါလက္ခဏာများမှာ လူအများတွင် ဖြစ်ပွားလေ့ရှိသဖြင့် အမှုမဲ့အမှတ်မဲ့ မနေသင့်ချေ။ ထို့အပြင် အလွန်အမင်း အိပ်ခြင်း၊ အိပ်ရာထခက်ခဲခြင်း၊ မူးမေ့လဲကျတတ်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးပေါင်ချိန် အပေါ်သွေး ၁၈၀၊ အောက်သွေး ၁၀၀ နှင့်အထက်ဖြစ်နေပြီး ပြင်းထန်စွာ ပျို့အန်ခြင်း၊ သွေးထွက်လွန်ခြင်း၊ သွေးအားနည်းခြင်း၊ ဆီးမသွားနိုင်တော့ခြင်းများဖြစ်ပေါ်ပါက သက်ဆိုင်ရာအရေးပေါ်ဌာနသို့ အမြန်ဆုံးသွားရောက်ပြသသင့်ပါသည်။

ပြည်သူများအနေဖြင့် အဆိုပါအချက်များကို အလေးထားဂရုစိုက်ကာ မဖြစ်ပွားမီကာလများတွင် နေထိုင်စားသောက်မှုတို့ကို သတိတရားလက်ကိုင်ထားပါက ရောဂါဖြစ်ပွားမည့်ဘေးမှ ကြိုတင်ကာကွယ်နိုင်ပါသည်။ အဆိုပါရောဂါသာမက အခြားရောဂါများကိုပါ အလွယ်တကူကာကွယ်နိုင်သော အရာမှာ သန့်ရှင်းသော သောက်သုံးရေဖြစ်ပါသည်။ လူတစ်ယောက်သည် တစ်နေ့လျှင် သန့်ရှင်းသော သောက်ရေကို တစ်လီတာနှင့်အထက် သောက်သုံးသွားလျှင် ရောဂါများကို ကြိုတင်ကာကွယ်ပြီးသား ဖြစ်နိုင်ပါသည်။

ကျောက်ကပ်ရောဂါသာမက အခြားရောဂါများပါ မဖြစ်ပွားနိုင်စေရန် နေ့စဉ်ကြာရှည်စွာ အညောင်းမထိုင်မိစေဘဲ ကိုယ်လက်လှုပ်ရှားမှုများကို ပုံမှန်ပြုလုပ်ပေးရန်လိုအပ်ပါသည်။ ထို့အပြင် အသက်အရွယ်ရလာလျှင် သွေးပေါင်ချိန် ပုံမှန် မှန်မှန်ချိန်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ပုံမှန်စားသုံးရန်၊ ကိုယ်အလေးချိန် ထိန်းထားရန်၊ ဆေးလိပ်နှင့် အရက်ကို ရှောင်ကြဉ်ရန်၊ ဆရာဝန်ညွှန်ကြားချက်မပါသော ဆေးဝါးများကို သောက်သုံးခြင်းမှရှောင်ကြဉ်ရန်တို့ကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သို့ဖြစ်ရာ အများပြည်သူတို့အနေဖြင့် မိမိတို့ဘဝများအတွက် အဓိကလိုအပ်ချက်မှာ ကျန်းမာကြံ့ခိုင်ပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေးဖြစ်ပါသည်။ ရောဂါဖြစ်ပွားမှ ကုသခြင်းသည် လူမှုဒုက္ခကြီးမားလှပါသည်။ ရောဂါဘယများ မဖြစ်ပွားမီ ကြိုတင်ကာကွယ်ထားနိုင်သော မှန်ကန်သည့် နေထိုင်စားသောက်မှုပုံစံများကို နေ့စဉ်ကျင့်သုံးလိုက်နာခြင်းဖြင့် အသက်ရှည်ကျန်းမာသော ဘဝများကို ပိုင်ဆိုင်နိုင်အောင် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ကျန်းမာရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသို့သွားရောက်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွဋ်က ကုသမှုလုပ်ငန်းများ၊ အထူးကုအဖွဲ့များ ကွင်းဆင်းဆောင်ရွက်မှုများ၊ ဆေးကုသဆောင်သစ်ဆောက်လုပ်ရန် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်ချက်များနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးရုံများ၊ လူနာဆောင်များ အသစ်ဆောက်လုပ်ရာ၌ သတ်မှတ်ဒီဇိုင်း၊ ဆေးရုံစံညွှန်းများအတိုင်း ပီပီပြင်ပြင်ဆောက်လုပ်ရန်နှင့် စနစ်တကျအကျိုးရှိရှိအသုံးပြုသည့်ဆေးရုံမျိုးဖြစ်ရန်လိုကြောင်း၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဆေးကုသမှုလုပ်ငန်းများဆောင်ရွက်ရုံသာမက၊ ပြည်သူလူထုအတွင်းသို့ ကွင်းဆင်း၍ လူမှုရေးအသင်း၊ ဘာသာရေးအသင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသ၏ပံ့ပိုးမှုကြောင့် ဆေးရုံများ သန့်ရှင်းသပ်ရပ်ခြင်း၊ ပိုမိုတိုးချဲ့ဆောက်လုပ်လာနိုင်ခြင်းများရှိလာသကဲ့သို့ ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝပေးနိုင်ခြင်းတို့ဖြင့် ဒေသ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်ကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံ မဏိပူဒေသ၊ SHIJA HOSPITAL AND RESEARCH INSTITUTE မှ Dr.kh. Palin ဦးဆောင်သည့်အဖွဲ့အား တွေ့ဆုံနှုတ်ဆက်ကာ ခွဲစိတ်ကုသမှုခံယူပြီးသည့်လူနာများအား အားပေးစကားပြောကြားသည်။

အဆိုပါအဖွဲ့သည် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ပူးပေါင်းကာ မွေးရာပါနှုတ်ခမ်းကွဲခြင်း၊ သည်းခြေကျောက်တည်ခြင်း၊ အူအတက်ရောင်ခြင်း၊ မမျိုးဥတွင် အကျိတ်၊ အလုံးဖြစ်ခြင်း၊ အမျိုးသားအူကျရောဂါဖြစ်ခြင်းစသည့်လူနာများကို LAPAROSCOPIC SURGERY နှင့် KEYHOLE SURGERY နည်းများ အသုံးပြု၍ခွဲစိတ်ကုသမှုများ ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဆေးကုသဆောင်သစ်ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ပြီးစီးမှုနှင့် တောင်ပုလုယာယီတိုက်နယ်ဆေးရုံတို့အား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာမြို့ ဒေသန္တရကျန်းမာရေးဌာန၌ ဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ မိခင်သေနှုန်းကျဆင်းရေး၊ ငါးနှစ်အောက်ကလေးသေနှုန်းကျဆင်းရေးဆောင်ရွက်ရာတွင် အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အရေအတွက်အပြည့်ဝရရှိရေး ဂရုပြုရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး၊ တိုင်းဒေသကြီးအဆင့်ပြည်သူ့ကျန်းမာရေးနှင့် ရောဂါနှိမ်နင်းရေး တာဝန်ရှိသူများအားတွေ့ဆုံကာ ပညာရပ်ပိုင်းဆိုင်ရာနှင့် ကိုယ်ရည်ကိုယ်သွေးအစဉ်တိုးတက်အောင် ဌာနအတွင်းသင်ကြားလေ့ကျင့်မှုများ ပိုမိုလုပ်ဆောင်ကြရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနများကို ကြည့်ရှုစစ်ဆေးပြီး ဒေသန္တရကျန်းမာရေးဌာနခွဲ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာနတာဝန်ခံဆရာဝန်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဌာနလက်လှမ်းမမီသောနေရာမရှိအောင် လွှမ်းခြုံမှုအပြည့်အဝရရှိစေရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသ တန်ဖိုးနည်းအိမ်ရာ ကျိုက်ထို၌ ဆောင်ရွက်

ကျိုက်ထို မတ် ၂၅

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အောင်သရဖူကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် စွပ်ပွန်းကျေးရွာနှင့် ကျောက်ရေကန်ကျေးရွာတို့၌ တန်ဖိုးနည်းအိမ်ရာ ၃၄ လုံးတည်ဆောက်ခြင်းလုပ်ငန်းကို မွန်ပြည်နယ် ပြည်နယ်ဝန်ကြီး၊ ပြည်နယ်ညွှန်ကြားရေးမှူးနှင့် မြို့နယ်မှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ကျေးလက်ဦးစီးဌာန)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၂၅

ရန်ကုန်	ရွှေဈေး	၆၇၁၄၀၀	-	၆၇၂၄၀၀
မန္တလေး	ရွှေဈေး	၆၇၁၄၀၀	-	၆၇၂၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၀၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၄. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၄. ၀
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၅. ၅၉
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၂၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၂. ၈၃
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၆၁
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၂. ၇၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၈၉. ၅၀၄
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၈၈၁. ၅၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၀. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းနိုင်ငံဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာတို့ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ဆန်တင်ပို့နိုင်မည့် အလားအလာ၊ မြန်မာနိုင်ငံတွင် မတူကွဲပြားသော လူ့အသိုက်အဝန်းများအကြား သဟဇာတဖြစ်စွာ နေထိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း အာဆီယံဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် နှစ်နိုင်ငံခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ထို့ပြင် ဘရူနိုင်းဘုရင်က မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော ကိစ္စရပ်များသည် ပြည်တွင်းရေးကိစ္စရပ်များသာဖြစ်သည်ဟု ၎င်း၏ သဘောထားကို ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးသိန်းညွှန့်၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးဇေယျာအောင်၊ ဦးဝင်းမြင့်၊ ဦးငြေးအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွန်း၊ ဒေါက်တာ ဒေါ်သိန်းသိန်းငြေး၊ ဒေါက်တာလင်းအောင်၊ ဒေါက်တာအောင်ကျော်မြတ်၊ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အားလျော်စွာ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင်သည် မြန်မာနိုင်ငံသို့ ၁၉၉၈ ခုနှစ်တွင် ပထမအကြိမ် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီး ယခု ခရီးစဉ်မှာ ဒုတိယမြောက်ခရီးစဉ်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံသို့ ပထမအကြိမ် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်း ဘရူနိုင်းနိုင်ငံ၌ ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

(သတင်းစဉ်)

စာရေးသူ မျိုးအောင်(ရုက္ခဗေဒ)၏ အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်မှုများ(ပထမနှစ်) စာအုပ်ကို ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိ

နေပြည်တော် မတ် ၂၅

အစိုးရသစ်၏ မြန်မာ့နွေဦးနိဒါန်း၊ နိုင်ငံတော်သမ္မတ၏ဆောင်ရွက်မှုများ(ပထမနှစ်)စာအုပ်ကို စာရေးသူမျိုးအောင်(ရုက္ခဗေဒ)စုစည်းပြီး ပြည့်စုံစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

စာရေးသူက လက်ရှိအချိန်တွင် အခြေအနေများ၊ အခင်းအကျင်းများ များစွာပြောင်းလဲလာခဲ့ပြီးဖြစ်သော်လည်း အစိုးရသစ်၏ ပထမတစ်နှစ်အချိန်ကာလများသည် အံ့သြဖွယ်ရာကောင်းလှသော အပြောင်းအလဲများကို အကြီးအကျယ်ပြောင်းလဲနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ ဤကာလအတွင်း ထင်ရှားသော ဖြစ်စဉ် ဖြစ်ရပ် ၂၀ ချက်ကို စုစည်းဖော်ပြထားရာ ထိုအထဲတွင် ပြည်သူများအကြား ဆန့်ကျင်ကန့်ကွက်မှု မြင့်မားစွာဖြစ်ပေါ်နေသော မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်း၊ သံတမန်ဆက်ဆံရေး အဆက်ပြတ်ခဲ့ရသော အမေရိကန်ပြည်ထောင်စုနှင့် ကောင်းမွန်သော ဆက်ဆံရေးရရှိလာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားများ နိုင်ငံတည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်နိုင်စေရန် လမ်းဖွင့်ကြိုဆိုခဲ့ခြင်း၊ မီဒီယာလွတ်လပ်ခွင့်ကို အလေးထားအသိအမှတ်ပြု၍ မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်း၊ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်အခွင့်အရေးများရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း စသည့်အချက်များကို ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် စာရေးသူက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၀ ရွေးကောက်ပွဲများမတိုင်မီက ကြိုတင်တစ်ပေးခန့်မှန်းချက်များတွင် ပါဝင်ခြင်းမရှိခဲ့သော်လည်း နိုင်ငံတော်သမ္မတတာဝန် ရယူထမ်းဆောင်ချိန်မှစ၍ ပြည်တွင်း၊ ပြည်ပနှစ်ရပ်စလုံးကို အံ့သြခြင်းကြီးစွာဖြစ်စေခဲ့သူဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူလူထုအကြား ကာလရှည်ကြာ ပျောက်ဆုံးနေခဲ့သော ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကိုလည်း တစ်နှစ်အတွင်း ပြန်လည်ရယူနိုင်ခဲ့သူဖြစ်ကြောင်း စသည်ဖြင့် အဆိုပါစာအုပ်တွင် ဖော်ပြထားသည်။ **(ကြေးမုံ)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘင်္ဂလားဒေ့ရှ်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ (၄၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဘူဟာဆန် မာမွတ်အလီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သတင်းရယူမည့်မီဒီယာများအတွက် အသိပေးခြင်း

နေပြည်တော် မတ် ၂၅

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို နေပြည်တော်၌ ဧပြီ ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်သဖြင့် မတ် ၅ ရက်မှ ၂၅ ရက်အတွင်း မီဒီယာမှတ်ပုံတင်ဆောင်ရွက်နိုင်ရေးအတွက် အသိပေးဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခုအခါ (၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲကို ဧပြီ ၅ ရက်တွင်သာ ကျင်းပမည်ဖြစ်ရာ မှတ်ပုံတင်စာရင်းပေးသွင်းပြီးသော မီဒီယာများအနေဖြင့် သတင်းရယူနိုင်ရေးအတွက် ယင်းနေ့ နံနက်ပိုင်းအစီအစဉ်များမစတင်မီ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ဝင်/ထွက်ခွင့်ကတ်များ ထုတ်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

နျူပစ္စည်းများ အမေရိကန်သို့ ဂျပန်ပြန်ပေးမည်

သည်ဟိဂ်   မတ်   ၂၅

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့တွင် ကျင်းပသည့် နျူကလီးယား ထိပ်သီးအစည်းအဝေးတွင် ဂျပန်နိုင်ငံက ကီလိုရာပေါင်းများစွာသော နျူကလီးယားပစ္စည်းများကို အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းပေးရန် သဘောတူညီခဲ့ကြောင်း တနင်္လာနေ့ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့က ပလူတိုနီယံနှင့် အဆင့်မြင့်သန့်စင်ပြီး ယူရေနီယံများကို အမေရိကန်ပြည်ထောင်စုတွင် ထားရှိမည်ဖြစ်ကြောင်း ပြောကြားကြသည်။

အဆိုပါ နျူကလီးယားလောင်စာဖြင့် နျူကလီးယားလက်နက် ၅၀ ခန့်အထိထုတ်လုပ်နိုင်မည်ဖြစ်သည်။

တစ်ကမ္ဘာလုံးရှိ နျူကလီးယားပစ္စည်းများကို အကြမ်းဖက်သမားများ၏ လက်ဝယ်သို့ ရောက်ရှိမသွားစေရေးအတွက် လုံခြုံစိတ်ချရစေရန် အမေရိကန်ပြည်ထောင်စုက ကြိုးစားလျက်ရှိသည်။

ဂျပန်နိုင်ငံသည် ၎င်း၏ နျူကလီးယားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးတွင် အသုံးပြုရန်အတွက် ပလူတိုနီယံအရေအတွက် ပမာဏကြီးမားစွာ ဆက်လက်ထားရှိမည်ဖြစ်သည်။

အမေရိကန်စွမ်းအင်ဝန်ကြီး အားနက်စ်မိုနစ်က ပလူတိုနီယံ ၃၀၀ ကီလိုဂရမ်ပြန်ပို့ပေးရေး သဘောတူညီချက်သည် နျူကလီးယားလုံခြုံရေးတွင် အလွန်အရေးပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါပစ္စည်းများကို ၁၉၆၀ ပြည့်လွန် ခုနှစ်များအတွင်း၌ သုတေသနပြုလုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဖော်ပြလျက် ဂျပန်နိုင်ငံသို့ အမေရိကန်ပြည်ထောင်စုမှ သယ်ယူခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

ဂျပန်နိုင်ငံ ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ဝါရှင်တန်ပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့သော အမှတ် ၅၃၀ ပြည်ထောင်စုလမ်းမကြီးကို တွေ့ရစဉ်။

ဝါရှင်တန်ပြည်နယ် မြေပြိုကျမှု လူပေါင်း ၁၇၆ ဦး ပျောက်ဆုံးနေ

ဝါရှင်တန်   မတ်   ၂၅

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် ၁၇၆ ဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက မတ် ၂၅ ရက်တွင် ပြောကြားသည်။

ဝါရှင်တန်ပြည်နယ် အိုဆိုမြို့အနီး အမှတ် ၅၃၀ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် မိုးရေကြောင့် စိုစွတ်နေသော မြေသားပြိုကျမှုဖြစ်ပွားခဲ့ရာ နေအိမ်ခြောက်လုံးထက်မနည်း မျောပါသွားခဲ့ပြီး နေအိမ် ၄၉ လုံးထက်မနည်း ပျက်စီးခဲ့ရသည်။ မတ် ၂၂ ရက် နံနက် ၁၁ နာရီခန့်က မြေပြိုကျမှုဖြစ်ပွားခဲ့ရာတွင် မြစ်ကမ်းနံဘေးနှင့် မဝေးကွာသောနေရာ၌ တည်ရှိသည့် ရပ်ကွက်ရှိနေအိမ်များ ပျက်စီးထိခိုက်ခဲ့ရသည်။

အလွန်ပြင်းထန်သော မြေပြိုကျမှုဖြစ်ပြီး တစ်စတုရန်းမိုင်(၂ ဒသမ ၆ စတုရန်းကီလိုမီတာ)ကို သဘာဝဘေးအန္တရာယ် ကျရောက်သော ဇုန်နယ်မြေအဖြစ် သတ်မှတ်ထားကြောင်း စနိုဟိုမစ်စီရင်စု အရေးပေါ်လုပ်ငန်းများဆိုင်ရာ စီမံခန့်ခွဲရေးဌာနက ပြောကြားသည်။

မတ် ၂၅ ရက် နံနက်အထိ လူပေါင်း ၁၇၆ ဦး ပျောက်ဆုံးနေသည်ဟု တာဝန်ရှိသူများကပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် သဲကျွံမှုဖြစ်ရပ်များပေါ်ပေါက်နေသဖြင့် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝါရှင်တန်ပြည်နယ် အုပ်ချုပ်ရေးမှူး ဂျေအင်စလီက ပြောကြားသည်။**ရိုက်တာ။**

အာဖဂန်နစ္စတန်၌ ဘဏ်တိုက်အတွင်း ဝင်ရောက်ပစ်ခတ်

ဆာဒါဘတ် မတ် ၂၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်မြို့တော်ဆာဒါဘတ်၌ မတ် ၂၅ရက်နံနက်ပိုင်းက သေနတ်သမားများက ဘဏ်တိုက်အတွင်းသို့ဝင်ရောက်ပစ်ခတ်ရာ စစ်သွေးကြွလေးဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲခန့်က အစိုးရဌာနဆိုင်ရာ ရုံးအဆောက်အအုံများအနီးရှိ ဘဏ်အဆောက်အအုံအတွင်းသို့ စစ်သွေးကြွလေးဦးဝင်ရောက်ကာ စီးနင်းတိုက်ခိုက်ခြင်းဖြစ်သည်။

ပစ်ခတ်မှုကြောင့် ဘဏ်ဝန်ထမ်းတစ်ဦးအပါအဝင် သုံးဦးဒဏ်ရာရရှိကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြန်လည်ပစ်ခတ်သဖြင့် အဆိုပါစစ်သွေးကြွသေနတ်သမားလေးဦး သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ဟာတီရူလာ့ချ်ဆေရက်စီးလ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

ထိုင်းနိုင်ငံတွင် ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျ

ဗန်ကောက်   မတ်   ၂၅

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဘတ်စ်ကားတစ်စီး မတော်တဆမှုဖြစ်ပွားရာ ၃၀ ထက်မနည်းသေဆုံး၍ ၂၂ဦး ဒဏ်ရာရရှိကြောင်း ထိုင်းနိုင်ငံအာဏာပိုင်များက မတ် ၂၅ ရက်တွင် ပြောကြားသည်။

မတ် ၂၄ ရက်ညပိုင်းက ထိုင်းနိုင်ငံမြောက်ပိုင်း တက်ခ်ပြည်နယ်တွင် ယင်းမတော်တဆမှု ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါဘတ်စ်ကားက အခြားကားများကို ကျော်တက်ရန် ကြိုးစားရာမှ ဘီးချော်ကာ ချောက်နက်အတွင်းကျသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဘတ်စ်ကားမှာ နှစ်ထပ်ဘတ်စ်ကားဖြစ်ပြီး ဒေသခံအစိုးရအလုပ်သမားများ ကွင်းဆင်းရန် စီးနင်းလိုက်ပါလာခဲ့သည်။ ဒဏ်ရာရသူများအနက် ကလေးတစ်ဦးပါဝင်ကြောင်း၊ ယာဉ်မောင်းမှာ နံရိုးတစ်ချောင်းသာကျိုးပြီး အသက်ရှင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အေအက်ဖ်ပီ။**

လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်သည့်ရောဂါများကြောင့် တစ်ကမ္ဘာလုံး၌ လူခုနစ်သန်း သေဆုံးခဲ့

ကုလသမဂ္ဂ   မတ်   ၂၅

၂၀၁၂ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုနှင့်ဆက်နွယ်နေသော ရောဂါဘယများကြောင့် ပြည်သူခုနစ်သန်း သေဆုံးခဲ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က မတ် ၂၅ ရက်တွင် ပြောကြားသည်။

လေထုညစ်ညမ်းမှုနှင့် နှလုံးရောဂါဝေဒနာရှင်များ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်နေရသည့်ဝေဒနာရှင်များနှင့် ကင်ဆာရောဂါဝေဒနာရှင်များအကြား ဆက်နွယ်မှုရှိကြောင်း ဒဗလျူအိတ်ချ်အို၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။ ကမ္ဘာတစ်ဝန်းတွင် လူအများအသက်ဆုံးရှုံးရမှုကိုဖြစ်ပေါ်စေသော ရောဂါများအနက် အမှတ်စဉ် ၈ နေရာ၌ လေထုညစ်ညမ်းမှုရှိနေသည်။

ကမ္ဘာပေါ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ကျန်းမာရေးအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေသော လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားသည်။

လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသူများထဲတွင် လူဦးရေခြောက်သန်းနီးပါးသည် အရှေ့တောင်အာရှဒေသတွင် နေထိုင်သူများနှင့် ပစိဖိတ်ဒေသအနောက်ပိုင်းတွင် နေထိုင်သူများဖြစ်ကြကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် ဝင်ငွေအနည်းပါးဆုံးသာရရှိကြသော ဒေသများနှင့် အလယ်အလတ်ဝင်ငွေရရှိသော ဒေသများမှ ပြည်သူများအနက် ၃ ဒသမ ၆ သန်းသည် လေထုညစ်ညမ်းမှုကြောင့် ရောဂါဝေဒနာများ စွဲကပ်သေဆုံးရပြီး ယင်းတို့အထဲတွင် ၂ ဒသမ ၆ သန်းသော ပြည်သူများမှာ နေအိမ်ပြင်ပလေထုညစ်ညမ်းမှုကြောင့် သေဆုံးရသည်ဟု ဆိုသည်။ **ပီတီအိုင်။**

တရုတ်နိုင်ငံ မြို့တော် ပေကျင်း၌ မီးခိုးမြူလွှမ်းခြုံခဲ့သည့် မှတ်တမ်းပုံ။

စက်တင်ဘာ ၁၁ ရက် အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်မည်

ဝါရှင်တန်   မတ်   ၂၅

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူများ၊ ဒဏ်ရာရရှိသူများနှင့် ဘေးဒုက္ခရောက်ကြရသူများအား ဂုဏ်ပြုသည့်အနေဖြင့် ပြတိုက်ဖွင့်လှစ်ပြသနိုင်ရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါပြတိုက်ကို မေ ၂၁ ရက်တွင်စတင်၍ အများပြည်သူတို့အား ဖွင့်လှစ်ပြသမည်ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်အတွင်း ကျန်ရစ်သူမိသားစုများ၊ အသက်ဘေးမှလွတ်မြောက်ခဲ့သူများ၊ ကယ်ဆယ်ရေးလုပ်သားများသည် ယင်းပြတိုက်အား အများပြည်သူတို့အတွက် ဖွင့်လှစ်ပြသခြင်းမရှိမီ အကြိုငါးရက်တာကာလတွင် အခမဲ့ကြည့်ရှုခွင့် ရရှိမည်ဖြစ်သည်။ အကြိုငါးရက်တွင် နေ့စဉ် ၂၄ နာရီကာလပတ်လုံး ဖွင့်လှစ်ထားမည်ဖြစ်ပြီး နှစ်သက်ရာအချိန်တွင် ကြည့်ရှုခွင့်ရရှိမည်ဖြစ်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်ကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်ကို နောင်လာနောက်သားများ အမှတ်တရဖြစ်စေရန် ရည်ရွယ်လျက် ပြတိုက်ဖွင့်လှစ်မည်ဖြစ်သည်။

မတ် ၂၆ရက်မှစတင်၍ အများပြည်သူတို့အား ကြိုတင်လက်မှတ်ရောင်းချပေးမည်ဖြစ်သည်။ အများပြည်သူတို့အနေဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ညနေ ၅ နာရီမှ ည ၈ နာရီအထိ ကာလအတွင်း အခမဲ့ကြည့်ရှုခွင့် ရရှိမည်ဖြစ်သည်။ **ပီတီအိုင်။**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း လွှတ်တော်သို့ လာရောက်လေ့လာသည့် ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမဆောင်၌ လွှတ်တော်ကျင်းပနေမှုအား လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်မှ အခြေခံပညာအထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၆၉ ဦးနှင့် ကျောင်းသားမိဘ ၂၇ ဦးတို့အား လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Battumur CHIMEDDORJ အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Battumur CHIMEDDORJ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မည်သည့်လုပ်ငန်းမဆို အခက်အခဲစိန်ခေါ်မှုများ ရှိစမြဲဖြစ်ရာ လုပ်ငန်းအောင်မြင်ရေးအတွက် စိတ်ရှည်သည်းခံပြီး စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် မတ် ၂၅

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက မိမိတို့ကော်မတီဖွဲ့စည်းဆောင်ရွက်ခဲ့သည့် သက်တမ်းသည် ၂၀၁၄ ခုနှစ် မတ်လတွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ ဆောင်ရွက်ရန် အချက်များအနက် ဖော်ဆောင်ခဲ့ပြီးသည့်လုပ်ငန်းများ ရှိသကဲ့သို့ ကျန်ရှိနေသည့်လုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း၊ မြေယာလျော်ကြေးငွေနှင့် ထောက်ပံ့ကြေးငွေဆိုင်ရာ အငြင်းပွားမှုများအား စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန် လိုကြောင်း။

နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများဖော်ဆောင်လျက်ရှိသည့် Knight Pie' sold Pty. Ltd မှ အဖွဲ့ လေးဖွဲ့ဖြင့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ချက် ESIA အစီရင်ခံစာ(မူကြမ်း)ပါ အချက်အလက်များကို ၂၀၁၄ ခုနှစ် မတ် ၇ ရက်မှ ၂၀ ရက်အထိ ကျေးရွာပေါင်း ၂၉ ရွာသို့ သွားရောက်၍ ဒေသခံပြည်သူများသို့ ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသလုံခြုံရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အဖွဲ့ခေါင်းဆောင်ဒုတိယဝန်ကြီးများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြရာကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြေပြင်တွင် လက်တွေ့ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းအောင်မြင်ရေးနှင့်အတူ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ တိုးတက်စေရေးအတွက် စေတနာထားဆောင်ရွက်ပေးနေကြောင်း နားလည်သိရှိစေရန် အခြေအနေမှန်များကို သတင်းမီဒီယာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးခြင်းဖြင့် ပြင်ပသွေးထိုးလှုံ့ဆော်မှု ပယောဂများ လျော့ကျသွားစေမည်ဖြစ်ကြောင်း၊ စီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန်အတွက် သင်တန်းပေး လေ့ကျင့်ပြီးသော ဒေသခံအလုပ်သမားများအပါအဝင် တာဝန်ပေးခန့်အပ်ထားသည့် အလုပ်သမား အဆင့်အတန်းအားလုံး၏ ရသင့်ရထိုက်သည့် ရပိုင်ခွင့် အခွင့်အရေးများကို သတ်မှတ်ချက်များနှင့်အညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

စီမံကိန်းလုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (CSR) အရ ယခုလာမည့်နှစ်တွင် ဆက်လက်ဖော်ဆောင်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအဆင့်အလိုက် ကြိုတင်လျာထား သတ်မှတ်ထားရန်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းမဆို အခက်အခဲစိန်ခေါ်မှုများ ရှိစမြဲဖြစ်ရာ လုပ်ငန်းအောင်မြင်ရေးအတွက် စိတ်ရှည်သည်းခံပြီး စုပေါင်းညီညာစွာ ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)



ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်နိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပါတီကော်မတီ အတွင်းရေးမှူး Mr.Peng Qinghua ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ကွမ်ရှီးကျွမ်းဆိပ်ကမ်းများနှင့် မြန်မာနိုင်ငံဆိပ်ကမ်းများ အသုံးပြု၍ အနာဂတ်တွင် ပင်လယ်ပြင်ကုန်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် မတ် ၂၅

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှ Dr. Gro Harlem Brundtland ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး ဗြိတိန်နိုင်ငံ လန်ဒန်အခြေစိုက် The Elders အဖွဲ့အစည်းမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ နော်ဝေဝန်ကြီးချုပ်ဟောင်း Dr. Gro Harlem Brundtland နှင့်အတူ ဖင်လန်နိုင်ငံသမ္မတဟောင်း နိုဗယ်ငြိမ်းချမ်းရေးဆုရှင် Mr.Marttl Ahtisaari နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တာဝန်အပါအဝင် အမျိုးသမီးများ၏ တာဝန်ထမ်းဆောင်မှုကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)



မြိုင်မြို့နယ် အမှတ် (၂၅) အကြီးစားစက်ရုံ (မြိုင်) အတွင်း တည်ထားကိုးကွယ်သည့် သီရိမင်္ဂလာအောင်စကြာဆုတောင်းပြည့်စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၅

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်)အတွင်း သမိုင်းဝင်သင်ပုန်းကျောက်ဖျာကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် သီရိမင်္ဂလာအောင်စကြာဆုတောင်းပြည့်စေတီတော်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူမင်္ဂလာအခမ်းအနားကို မတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါစေတီပရိဝုဏ်အတွင်း၌ ကျင်းပရာ ကံယာကောင်းတောင်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခဇေအမှူးပြုသည့် ဆရာတော်၊ သံဃာတော်ကိုးပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာနှင့် ဝန်ထမ်းမိသားစုများ၊ အလှူရှင်များ၊ ဒေသခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ယခု တည်ထားကိုးကွယ်သည့် သီရိမင်္ဂလာအောင်စကြာဆုတောင်းပြည့်စေတီတော်မြတ်သည် မြိုင်မြို့နယ် ကံယာကောင်းတောင်အနီး ပုသိမ်-မုံရွာကားလမ်း၊ မြိုင်-ကမ္မကားလမ်းအတိုင်း မိုင်တိုင်အမှတ်(၁၉၇/၃)အနီး စက်မှုဝန်ကြီးဌာန အမှတ်(၂၅) အကြီးစားစက်ရုံ(မြိုင်)နယ်မြေအတွင်း အလျား ၁၅ပေ၊ အနံ ၁၄ ပေ၊ ဧရိယာ ပေ ၂၁၀ ခန့်ရှိ သဘာဝအလျောက် ဖြစ်ပေါ်လျက်ရှိသော ကျောက်တုံးကြီးပေါ်တွင် အုတ်မြစ်တော် ၁၉ပေ×၁၉ ပေ၊ ဉာဏ်တော်အမြင့် ၁၁ တောင်၊ မုခ် ၈ မုခ်၊ ရွှေတိဂုံစေတီတော်ပုံစံ တည်ထားခြင်းဖြစ်သည်။

အဆိုပါ ကျောက်တုံးကြီးမှာ စက်ရုံအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဆရာတော်သံဃာတော်များ၊ သက်ကြီးဝါကြီး ပုဂ္ဂိုလ်များ၏ နှုတ်ထွက်စကားအရ ပုဂံခေတ်နှင့် ခေတ်ပြိုင်ကာလတွင် ယောနယ်မြေမှ အပိုင်စားရသော နယ်စပ်နေရာဖြစ်ပြီး စော်ဘွားမျိုးနွယ် ရှမ်းညီမများ ရောက်ရှိကွယ်လွန်အဓိဋ္ဌာန်ပြုခဲ့ရာမှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ အဆိုပါမြေနေရာနှင့် ကျောက်တုံးကြီးမှာ စက်ရုံတည်ဆောက်ခြင်း မပြုမီကပင် ထူးခြားသောပုံသဏ္ဌာန်နှင့် သက်ဆိုင်သူများအား ထူးခြားသော အိပ်မက်များ၊ ယုံကြည်စွာ ဆည်းကပ်ပူဇော်ပါက အဓိဋ္ဌာန်ပြီးမြောက်အောင်မြင်ခြင်းများ အစရှိသော ယုံကြည်ယုံကြည်မှုတို့ဖြင့် ဒေသခံများက ပူဇော်မှုများ ပြုလုပ်ခဲ့ကြပြီး စက်ရုံတည်ဆောက်စဉ်ကာလအတွင်း ထူးခြားသည့် ဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

(သတင်းစဉ်)





ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

မြန်မာ့ယဉ်ကျေးမှုဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆွဲဆောင်မှုရှိ

နေပြည်တော် မတ် ၂၅

နိုင်ငံတော်သမ္မတထံမှပေးပို့သော **UNESCO ၏ Convention for the Safeguarding of the Intangible Cultural Heritage သို့ လက်မှတ်ရေးထိုးဝင်ရောက်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့၌ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြရာတွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)သည် ကမ္ဘာပေါ်ရှိ ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာအစဉ်အလာ အလေ့အထများ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများနှင့် ရိုးရာလက်မှုပညာရပ်များစသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရန်အတွက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းကို ထုတ်ပြန်ခဲ့ပါကြောင်း။

ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်သည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ကာကွယ်စောင့်ရှောက်ရန်၊ တစ်ဦးချင်း၊ အုပ်စုနှင့်အဖွဲ့အစည်းအလိုက်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားအလေးထားရန်၊ ဒေသအလိုက်၊ နိုင်ငံအလိုက်နှင့် နိုင်ငံတကာဆိုင်ရာ အဆင့်များတွင် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား သိမြင်အလေးထားမှု မြှင့်တင်ရန်နှင့် အပြန်အလှန် နားလည်အလေးထားရန်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအကူအညီ၊ အထောက်အပံ့ပေးရေးတို့ကို ဆောင်ရွက်ရန် ဖြစ်ပါကြောင်း။

အဆိုပါကွန်ဗင်းရှင်းအရ ယူနက်စကိုက ဦးဆောင်၍ ကမ္ဘာ့နိုင်ငံများရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ရှင်သန်တိုးတက်အောင် ဆောင်ရွက်ခြင်း၊ မှတ်တမ်းအထောက်အထားများထားရှိခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်းနှင့် ပြန်လည်ရှင်သန်လာအောင် ဆောင်ရွက်ခြင်း စသည့်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ကွန်ဗင်းရှင်းသို့ ဝင်ရောက်မည်ဆိုပါက မြန်မာနိုင်ငံမှ ယူနက်စကိုသို့ ပုံမှန်ထည့်ဝင်ကြေး၏ တစ်ရာခိုင်နှုန်းကို အဖွဲ့ဝင်ရန်ပုံငွေအဖြစ် အနည်းဆုံး (၂)နှစ်လျှင် တစ်ကြိမ်ထည့်သွင်းရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း ရန်ပုံငွေမထည့်ဝင်လိုပါက စာချုပ်အတည်ပြုလွှာ တင်သွင်းရာတွင် ထည့်သွင်း ကြေညာရန်ဖြစ်ပြီး အထွေထွေညီလာခံမှ ဆုံးဖြတ်ပေးမည်ဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်းပါ ဖော်ပြချက်များအား သဘောတူလက်ခံပါက စာချုပ်အတည်ပြုလွှာကို နိုင်ငံတော်အကြီးအကဲ (သို့မဟုတ်) နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးတံဆိပ်ခတ်နှိပ်၍ ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ပေးပို့ရမည်ဖြစ်ပြီး အတည်ပြုလွှာ တင်သွင်းပြီး သုံးလအကြာတွင် ကွန်ဗင်းရှင်းဝင်နိုင်ငံအဖြစ် စတင်အသက်ဝင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်။

ကွန်ဗင်းရှင်းသို့ နိုင်ငံပေါင်း(၁၅၈) နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် (၃၂၇)ခုကို သတ်မှတ်ပြီးဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပါဝင်ထားရှိပြီးဖြစ်ပါကြောင်း ဖြင့် ရှင်းလင်းခဲ့သည်။

အဆိုပါ ကွန်ဗင်းရှင်းသို့ပါဝင်ရန် လက်မှတ်ရေးထိုးပြီးပါက မြန်မာနိုင်ငံရှိ မြန်မာ့ရိုးရာဆိုင်းဝိုင်း တီးမှုတ်မှုပညာ၊ အင်လေးကန်လှေလှော်ဓလေ့နှင့် ရိုးရာနေထိုင် အသက်မွေးခြင်း၊ ရိုးရာသနပ်ခါးလိမ်းမှုဓလေ့၊ ရွှေမျက်ပါးနှင့် ရွှေတောင်စက္ကူ ပြုလုပ်သည့်လုပ်ငန်း၊ (၁၂)လရာသီပွဲတော်များ စသည်တို့အပါအဝင် အခြားသော မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို မပျောက်မပျက်စေရန်နှင့် တည်တံ့နိုင်ရန်အတွက် နိုင်ငံတကာမှ နည်းပညာနှင့် အထောက်အပံ့များရယူပြီး ပိုမိုထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှု ဂုဏ်သိက္ခာကို မြှင့်တင်နိုင်သည်နှင့်အမျှ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆွဲဆောင်မှုရှိစေမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း**တို့နှင့်စပ်လျဉ်းသည့် ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မြန်မာနိုင်ငံအတွင်း ပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုရန်အတွက် ပို့ဆောင်ရေး Master Plan အား ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအကူအညီဖြင့် ရေးဆွဲလျက်ရှိပါကြောင်း၊ ထိုစီမံချက်အရ လာမည့်နှစ်(၃၀)အတွင်း ပို့ဆောင်ရေးစကြံများသတ်မှတ်၍ လိုအပ်သည့်လေဆိပ်များ တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် လေယာဉ်ကွင်းဟောင်းများ အဆင့်မြှင့်တင်ခြင်း၊ လိုအပ်သော လေယာဉ်ကွင်းများအား တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထပ်မံတည်ဆောက်ခြင်းများ ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ တီးတိန်၊ ဖလမ်းနှင့် ဟားခါးမြို့နယ်များတွင် လေယာဉ်ကွင်း ဖောက်လုပ်ရန်အတွက် ကွင်းဆင်းတိုင်းတာ စစ်ဆေးတွေ့ရှိမှုနှင့် တင်ပြပါအကြောင်းအချက်များအရ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေလျာထားမှု မပြုလုပ်ခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်း(၁၅)ခုရှိပြီး လုပ်ငန်း(၇)ခုရှိပါကြောင်း၊ ချေးငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ဓာတ်အား ပိုမိုထုတ်လုပ်ပို့လွှတ်နိုင်မည် ဖြစ်သည့်အပြင် ဓာတ်အားဖြန့်ဖြူးမှုစနစ်တွင်လည်း ပိုမိုကောင်းမွန်လာနိုင်ပြီး ဓာတ်အားခဝင်ငွေများ ပိုမိုရရှိလာခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ပြည်သူများ၏ လူနေမှုမြင့်မားလာခြင်း၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းလာခြင်းတို့ကို ဆောင်ရွက်လာနိုင်ပြီး ဝန်ကြီးဌာန၏အရှုံးကို မဖြစ်ပေါ်စေနိုင်ပါကြောင်းနှင့် မိမိတို့နိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသော အခြေခံအဆောက်အအုံကို ဆောင်ရွက်ပေးခြင်းဖြင့် အခြားကဏ္ဍများတွင်လည်း ဆက်စပ်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စီမံကိန်းများကို ရေးဆွဲသည့်နေရာတွင် ဒေသန္တရစီမံကိန်းများ၊ ကဏ္ဍစီမံကိန်းများ၊ လူမှုဘဝဖွံ့ဖြိုးမှုစီမံကိန်းများ၊ အလုပ်အကိုင်ဖန်တီးရေး၊ ဝင်ငွေတိုးရေးနှင့် လူမှုစီးပွားဘဝ ပြုပြင်ပြောင်းလဲရေး စီမံကိန်းများရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေနှင့်အညီ တင်ပြခြင်းဖြစ်ပါကြောင်း။

မူလရေးဆွဲစဉ်ကပင် ပြည်သူ၏ဆန္ဒ၊ လိုအပ်ချက်၊ ပြည်သူ့ကိုယ်စားလှယ်များ၏ဆန္ဒ၊ လိုအပ်ချက်၊ နိုင်ငံတော်၏ ဖြည့်ဆည်းပေးနိုင်မှုတို့ကို သယံဇာတများ ခွဲဝေနေရာချထားမှုပုံစံဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤသို့ ပြည်တောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာ လိုအပ်ချက်များကို ပိုမိုညှိနှိုင်းခွဲဝေရန်အစီအစဉ်များ ရေးဆွဲနိုင်ခဲ့သည့်အတွက် ၂၀၁၄-၂၀၁၅ စီမံကိန်းသည် ပိုမိုထိရောက်အောင်မြင်ပြီး နိုင်ငံတော်နှင့် ပြည်သူ၏ အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၄)ရပ်၊ စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင် (၁၀)ချက်၊ နိုင်ငံတော်၏ ဦးစားပေးလုပ်ငန်းရပ်များအပေါ် အခြေခံ၍ နိုင်ငံတကာ အခြေအနေများနှင့် ပေါင်းစပ်ရေးဆွဲခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပြင်ဆင်လျာထားခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ မျှော်မှန်းလိုအပ်ချက်ဖြစ်သော လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍအတွက်ပါ ပိုမိုခွဲဝေ လျာထားပေးခဲ့ပါကြောင်းဖြင့် ရှင်းလင်းခဲ့သည်။

ပြင်ဆင်ရေးဆွဲထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် **၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုပြီး အဆိုပါ ဥပဒေကြမ်းနှစ်ရပ်လုံးကို လွှတ်တော်က အတည်ပြုခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

မျိုးဆက်သစ်အားကစားသမားများဖော်ထုတ်ရေး အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးသွားမည်

နေပြည်တော် မတ် ၂၅

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့ပြီး **မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်၏ မြန်မာနိုင်ငံတွင် အားကစားနည်းပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေပြီး လူငယ်များ၏ အကျင့်စာရိတ္တမဏ္ဍိုင် ထိခိုက်နိမ့်ကျမှုဖြစ်ပေါ်နေခြင်းအား မည်ကဲ့သို့ထိန်းသိမ်းဆောင်ရွက်စီစဉ်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အားကစားနည်းများ တိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရေးအတွက် အချို့အားကစားနည်းများ SEA Games တွင် မပါရှိသော်လည်း အားကစားနှင့် ကာယပညာသိပ္ပံများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များတွင် အားကစားသမားများ ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးပြီး နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်လျက်ရှိပါကြောင်း၊ အောက်ခြေတွင် ပျောက်ကွယ် မသွားစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ဖော်ထုတ်ရရှိရေးအတွက် အားကစားနည်းအလိုက် ပြိုင်ပွဲများကျင်းပပေးသွားမည်ဖြစ်ပြီး ဒေသအလိုက်ပြိုင်ပွဲများ ကျင်းပပေးနိုင်ရေးအတွက်လည်း လိုအပ်သည်များကို ပံ့ပိုးနေပါကြောင်း။

ဒုတိယဝန်ကြီး ဦးသောင်းထိုက်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်။

လူငယ်ထုအတွင်း အကျင့်စာရိတ္တမဏ္ဍိုင် ထိခိုက်နိမ့်ကျမှုမဖြစ်ပေါ်စေရေး၊ အားကစားကို စိတ်ပါဝင်စားလာစေရေး၊ ကျန်းမာကြံ့ခိုင်စေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် နွေရာသီ အားကစားအခြေခံသင်တန်းများ၊ အဆင့်မြင့်သင်တန်းများဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ကျောင်းသားအားကစားပွဲတော် ကျင်းပနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်နေပါကြောင်း၊ အားကစားဝန်ကြီးဌာနတွင် အားကစားနှင့် ပညာရေးပေါင်းစပ်ဌာနခွဲကို တိုးချဲ့ဖွဲ့စည်းထားပြီး အခြေခံပညာကျောင်းများ တက္ကသိုလ်များတွင် အားကစားမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက် နေပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ ပြည်သူများ၏ ကျန်းမာရေးကြိုတင်ကာကွယ်နိုင်ရန် နယ်လှည့်၍ ဆေးကုသပေးခြင်း၊ ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးဝါးများဖြန့်ဖြူးပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်ပေးရန်နှင့် ကျေးရွာအုပ်စုတိုင်း၌ သားဖွားဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က ရောဂါရှာဖွေရေးယာဉ်ဖြင့် ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်ကာ ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်ရေး ပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များသည် မြို့နယ်၊ ကျေးရွာများသို့ သွားရောက်ပြီး ရောဂါရှာဖွေစစ်ဆေးမှုများနှင့် ဆေးကုသမှုများဆောင်ရွက်ခြင်း၊ ဆေးရုံသို့လွှဲပြောင်းကုသရန် လိုအပ်ပါက ဆက်လက်ကုသမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍတွင် ရန်ပုံငွေ တိုးမြှင့်ပြီး ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုမြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာ (Mobile Medical Unit)များ ဖြည့်ဆည်းခြင်းကိုလည်း စမ်းသပ်စီမံချက်များအနေဖြင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/ ၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံဘုရင်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ အား ယနေ့ညပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်တို့သည် နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆုတောင်းပတ္ထနာပြုကြကာ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော် ဘရူနိုင်းနိုင်ငံဘုရင်တို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲအခမ်းအနားနှင့် ပဒေသာကပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတများ ဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

စိုက်ပျိုးထားသည့် နာနတ်စိုက်ခင်းတို့ကို လှည့်လည်ပြသသည်။

ထို့နောက် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အဖွဲ့သည် ဧက(၅၀၀)စိုက်ခင်းရှိ အဆင့်မြင့်သစ်သီးဝလံ အအေးခန်းနှင့် ထုပ်ပိုးစက်ရုံ၌ ခင်းကျင်းပြသထားသည့် ပိန်းဥ၊ ဖရဲသီး၊ သခွားမွှေး၊ ကန်စွန်းဥစသည့် ဈေးကွက်သို့တင်ပို့ရောင်းချမည့် အဆင့်မြင့်သစ်သီးဝလံများ၊ ဆန်နမူနာများ၊ ကြံ၊ ပဲ အမျိုးမျိုးနှင့် အအေးခန်းအတွင်း သစ်သီးဝလံများ ဈေးကွက်သို့တင်ပို့ရန် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ နိုင်ငံတော်သမ္မတက သစ်သီးဝလံနှင့်သီးနှံများအား ရာသီအလိုက်သီးထပ်သီးညှပ်စိုက်ပျိုးနေမှု၊ ထွက်ရှိလာသည့်သီးနှံများအား ဈေးကွက်သို့တင်ပို့ရောင်းချမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အဖွဲ့သည် အလျင်လိုကျေးရွာအနီးရှိ ဒေသခံတောင်သူများ၏ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါးစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ဘရူနိုင်းဘုရင်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် ဘရူနိုင်းဘုရင်အား ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တပ်မတော်စစ်သမိုင်းပြတိုက်၏ အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ခဲ့သည်။

တပ်မတော်စစ်သမိုင်းပြတိုက်၌ ရှေးခေတ်မြန်မာ့တပ်မတော်ဖွဲ့စည်းပုံနှင့် အသုံးပြုခဲ့သည့်လက်နက်များ၊ သမိုင်းဝင်မှတ်တမ်းပန်းချီကားချပ်များ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းချိန်မှစ၍ ခေတ်အဆက်ဆက် တပ်မတော်များ၏ အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းဝင်တိုက်ပွဲမှတ်တမ်းများကို ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**

○ **မြို့ပတ်ရထားမှ**

ကျပ် ၄၀၀ တန်လက်မှတ်များအား iPay ကတ်ဖြင့် လက်မှတ်ခပေးချေရေး ဆောင်ရွက်မည်ဖြစ်ရာ လုပ်ကိုင်ခွင့်သက်တမ်းကို သုံးနှစ်ခွင့်ပြုမည်ဖြစ်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းသွားမည်ဖြစ်သည်။

အဆိုပြုလွှာများကို တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ မြန်မာ့မီးရထားရုံးချုပ်၊ နေပြည်တော်ဘူတာကြီးသို့ ၂၀၁၄ ခုနှစ် ဧပြီ ၁၁ ရက်နောက်ဆုံးထား၍ ပေးပို့သွားကြရန် အဆိုပြုလွှာအတွက် အချက်အလက်များဖော်ပြထားသည့် လျှောက်လွှာအဆိုပြုပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ ဖြင့် မတ် ၂၈ ရက်မှ စ၍ အမှတ်(၇) တိုင်း၊ ရန်ကုန်ဘူတာကြီး မန်နေဂျာ (သွားလာရေး/တိုင်း)သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှိုင်ကော်ရပ်သံစက်ရုံမှ မူလလွှင့်အား 1KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် မတ် ၂၅

လှိုင်ကော်ရပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် မတ် ၁၉ ရက်မှ ၂၅ ရက်အတွင်း Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိ ထုတ်လွှင့်နေသော MRTV အစီအစဉ် လွှင့်စက် 1 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို အသိပေးတင်ပြထားပြီးဖြစ်သည်။

ယခုအခါ Digital စနစ်ဖြင့် ထုတ်လွှင့်သော စက်ပစ္စည်းများနှင့် Antenna တပ်ဆင်မှု လုပ်ငန်းများပြီးစီးပြီဖြစ်ပါသဖြင့် မတ် ၂၄ ရက် ညနေ ၆ နာရီထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 1 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိပါကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး(၂/၂၀၁၄)ကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာက အစည်းအဝေး(၁/၂၀၁၄) ဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဝင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုလွှတ်တော် နာယကက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းများရေးဆွဲခြင်းဆိုင်ရာစည်းဝေး

နေပြည်တော် မတ် ၂၅

ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ဥပဒေကြမ်းများ ရေးဆွဲခြင်းဆိုင်ရာ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယရှေ့နေချုပ်ဦးထွန်းထွန်းဦးက ရဟန်းရှင်လူပြည်သူများက နိုင်ငံတော်သမ္မတထံ ဆန္ဒပြုတင်ပြလာမှုအရ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့်လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာဥပဒေကြမ်းများ ပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးက ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းဥပဒေများရေးဆွဲရာတွင် မိမိတို့ကော်မရှင်အဖွဲ့များအနေဖြင့် ပြည်တွင်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတကာစံနှုန်းများနှင့်လည်း ညီညွတ်သည့် ဥပဒေများဖြစ်အောင် ရေးဆွဲရန် လိုအပ်ပါကြောင်း၊ အလားတူ ဘာသာအသီးသီး၏ တည်ဆဲဥပဒေများ၊ ဓလေ့ထုံးစံများကိုလည်း ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ဂရုပြုဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ အများပြည်သူများမှ အကြံဉာဏ်များ ပေးပို့လာပါကလည်း ကော်မရှင်အနေဖြင့် ဥပဒေပြဋ္ဌာန်းရာတွင် အလေးအနက်ထားထည့်သွင်းသုံးသပ်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ တရားမျှတမှုရှိပြီး မြန်မာ့လူနေမှုဘဝနှင့် ကိုက်ညီသော ဥပဒေများဖြစ်ရန် လိုအပ်ပါကြောင်းပြောကြားသည်။

ယင်းနောက် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များက ဥပဒေကြမ်းများ ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်သည် ပြည်သူ

တပ်မတော်နေ့-

မြန်မာ့တပ်မတော်သမိုင်းသည် မြန်မာနိုင်ငံသမိုင်းနှင့်အတူ ချိတက်ဖြတ်သန်းလာခဲ့၏။ တပ်မတော်၏ သမိုင်းသည် နိုင်ငံသမိုင်းပင်တည်း။ တပ်မတော်နှင့် နိုင်ငံတော်ဆိုသည်မှာ ခွဲလို့ခွာလို့မရ။ တစ်သားတည်း တစ်ထပ်တည်း တစ်သွင်တည်း တစ်ပြင်တည်းဖြစ်နေသည်။ အကြောင်းမူ တပ်မတော်သည် နိုင်ငံ၊ နိုင်ငံသည် တပ်မတော်၊ နိုင်ငံသည် ပြည်သူလူထု၊ ပြည်သူလူထုသည် နိုင်ငံ၊ ပြည်သူသည် တပ်မတော်၊ တပ်မတော်သည် ပြည်သူဖြစ်နေသောကြောင့်ပါတည်း။

နိုင်ငံတစ်ခုတန်ဖိုးရသသည် Sovereignty ခေါ် အချုပ်အခြာအာဏာပိုင်မှုပင်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်မှုသည် နိုင်ငံ၏အသက်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်မှုဆုံးရှုံးလျှင် နိုင်ငံအသက်လည်း သေဆုံးသွားမည်သာဖြစ်တော့သည်။ Sovereignty ဆိုသည့် အချုပ်အခြာအာဏာပိုင်မှု ပျောက်ဆုံးလျှင် နိုင်ငံပျောက်ပြီ။ ထို့ကြောင့် အချုပ်အခြာအာဏာပိုင်မှုကို အလုံးအလဲ အကြောက်အကန် ကာကွယ်ထိန်းသိမ်းသွားရမည်မှာ နိုင်ငံသားများ ခေတ်မီအောင် လေ့လာသင်ယူဆည်းပူးဖို့လိုသည်။ အလုပ်လုပ်နေဖို့လိုသည်။ အမျိုးသမီးကလေးများလူကုန်ကူးခံနေရခြင်းမှာ 'အ'လို့ဖြစ်သည်ဟု ထင်မြင်နေမိသည်။ သူများကို အပြစ်တင်ရန်မရှိပါ။ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရပါမည်။ ကိုယ့်ကိုယ်ကိုယ်မှာ ပညာဗဟုသုတတွေ၊ ဆင်ခြင်ဉာဏ်တွေ အကောင်းအဆိုးအကျိုးအပြစ် ခွဲခြားတတ်သည့် ပညာဗဟုသုတရှိနေဖို့လိုသည်။

တပ်မတော်သည် ပြည်သူလူထုကြီးတစ်ရပ်လုံး၏ သားဖြစ်သည်။ တိုင်းပြည်ကို ကာကွယ်ခြင်းသည် ပြည်သူကို စောင့်ရှောက်ခြင်းဖြစ်သည်။ ထိုတပ်မတော်ကြီးသည် နိုင်ငံ၏အချုပ်အခြာအာဏာကို စောင့်ထိန်းကာကွယ်နေရမည်။

နိုင်ငံတကာကိစ္စကို စောင်းငဲ့ကြည့်လျှင် စိုးရိမ်ထိတ်လန့်ဖွယ်ရာများကို တွေ့နေရပါ၏။ ယူကရိန်းနိုင်ငံ ခရိုင်းမီးယားဒေသကို ရုရှားက သိမ်းသွင်းသိမ်းပိုက်လိုက်၏။ မိမိတို့နိုင်ငံအတွက် သင်ခန်းစာယူရမည်။ ယူကရိန်းကဲ့သို့ ဆန္ဒမဲကောက်ယူလိုက်လျှင် ဖြစ်ပေါ်လာမည့်အခြေအနေကို မခန့်မှန်းတတ်။

ကော့သောင်းမြို့ မာရမ်းကျေးရွာ ဒေသခံပြည်သူများအား မတ် ၂၀ ရက်က ကော့သောင်းတပ်နယ်မှ တပ်မတော်သားများ ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။ (ကျော်စိုး-ကော့သောင်း)

တိုင်း၏ တာဝန်ဖြစ်ပါသည်။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် အဓိဋ္ဌာန်ချက်သည် နိုင်ငံသားတိုင်းဦးထိပ်ရွက် ပန်ဆင်ထားရမည့်အရာဖြစ်သည်။ အချုပ်အခြာအာဏာပိုင်မှုဆိုသည့် ရတနာ့ဦးသျှောင်ကို ဦးခေါင်းပေါ်က မချလေနှင့်။ အယိမ်းအယိုင် အရွဲ့အစောင်း မခံပါလေနှင့်။

အချုပ်အခြာအာဏာပိုင်မှုကို နည်းမျိုးစုံနှင့် ထိပါးစော်ကားနေကြလေသည်။ အချို့နည်းများကား မြင်သာထင်သာရှိ၏။ အချို့နည်းများကား မြင်သာထင်သာမရှိ။ ကောက်ကျစ်၏။ စဉ်းလဲ၏။ ကျောချမှုပင် ဓားပြမှုန်း သိရတော့သည့် အဖြစ်မျိုးတွေလည်း ကြုံရ၏။

တိုင်းကြီးပြည်ကြီးတို့တွင် မဟာဗျူဟာဆိုသည်များ ချမှတ်ဆောင်ရွက်ကြသည်။ သူတို့၏ မဟာဗျူဟာကို နိုင်ငံငယ်တို့မသိနိုင်၊ မထင်နိုင်၊ မမြင်နိုင်။ သူတို့က သူတို့မဟာဗျူဟာကို အလျှော့ပေးကြလိမ့်မည်မဟုတ်။

စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံမှုများရှိသလို နိုင်ငံရေးမှာလည်း ရင်းနှီးမြှုပ်နှံမှုများရှိနေသည်ကို မြင်ဖို့လိုပါသည်။ မြင်ဖို့ဆိုလျှင် ဆင်ခြင်တုံတရားအရေးကြီးလှသည်။ မရိုးဖို့ မ 'အ'ဖို့လိုအပ်လှသည်။ ဆရာကြီးဦးသန်းထွန်းပြောသကဲ့သို့ မ'အ'အောင် သမိုင်းသင်ရသည်။ ဆင်ခြင်ရသည်။ 'အ'လျှင် ခံရမည်။ အရာရာမှာ ကျွန်တော်တို့အဖို့ မ 'အ'ဖို့လိုအပ်သည်။ မ 'အ' အောင်ဆိုလျှင် ကျယ်ပြန့်သောပညာဗဟုသုတရှိနေဖို့လိုသည်။ နည်းပညာ ဒေသဘာသာစကား၊ စီးပွားရေး၊ ယဉ်ကျေးမှုကအစ နိုင်ငံကွဲသော်လည်း တူညီမှုများရှိလေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာထရီဗြွန်းသတင်းစာကလည်း ဘူးသီးတောင်၊မောင်တောဒေသ၏ ရခိုင်နှုန်းများစွာသည် သူတို့နှင့် လူမျိုးဘာသာစရိုက်တူတွေမို့ သူတို့ နိုင်ငံထဲသိမ်းသွင်းယူငင်ဖို့ရေးသားထားသည်။ ထို့ကြောင့်မဲဆန္ဒကောက်ယူခြင်းသည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးခြင်း သဘောသက်ရောက်နိုင်သည်ကို သတိပြုရမည်။ ထိုစိုးရိမ်ဖွယ်ရာများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်ဟူသည့် စုပေါင်းအင်အားကြီးက ပြည်သူ့တပ်မတော်ပုံစံအသွင်ဖြင့် မည်သို့ကာကွယ်စောင့်ရှောက်ရပေမည်နည်း။

ကျွန်တော်တို့အသိဉာဏ်များ ကျယ်ပြန့်ကြဖို့၊ ဗဟုသုတများကြွယ်ဝကြဖို့၊ ညီညွတ်ကြဖို့ ဝိုင်းဝန်းအဖြေရှာဆုံးဖြတ်ချက်ချပြီး အားနှင့်မာန်နှင့် ချီတက်ကြဖို့ပင်လိုသည်မဟုတ်ပါလော။

တပ်မတော်နေ့ဆိုသည်မှာ ပြည်သူတစ်ရပ်လုံး၏ နေ့ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံလုံး၏ နေ့ဟုလည်းဆိုထိုက်သည်။ ပြည်သူအားလုံးဂုဏ်ယူ၊ ဂုဏ်ပြုရမည့်နေ့ဟူ၍ တင်စားလိုက်ချင်ပါသည်။ ။

တက္ကသိုလ်လှမောင်(ရေတာရှည်)

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၂၅

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ပြိုင်ပွဲကျင်းပရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် အကဲဖြတ်လုပ်ငန်းအဖွဲ့များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ကိုယ်စားလှယ်များနှင့် ဆပ်ကော်မတီဝင်များက တက်ရောက်ဆွေးနွေးခဲ့သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

☆ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ နိုင်ငံတော်၏ အမျိုးသားလုံခြုံရေးအခန်းကဏ္ဍတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှု၌ တစ်တပ်တစ်အား ဝိုင်းဝန်းကူညီဆောင်ရွက်ရေး။

☆ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် စုစည်းညီညွတ်သော ပြည်ထောင်စုကို အခြေခံ၍ တည်ငြိမ်အေးချမ်းမှုမှသည် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရေး။

ပြည်သူ့စစ်သား တို့အားမာန်

❖ "ဘာလုပ်နေလဲ၊ လေ့ကျင့်နေတယ်"
"ဘယ်သူ့အတွက်လဲ၊ ပြည်သူ့အတွက်ပဲ"
"ဘာစိတ်ဓာတ်လဲ၊ သံမဏိစိတ်ဓာတ်"
"အမှတ်စဉ်ဆို"
"တစ် နှစ် သုံး လေး၊ တစ် နှစ် သုံး လေး"
"ပြည်သူ့စစ်သား၊ ပြည်သူ့စစ်သား"
"ပြည်သူ့စစ်သား"

❖ ပြည်သူ့စစ်သား၊ ထိုစကားသည်
ရိုးသားလေစွ၊ ဖြူစင်စွတည့်
ဘဝတစ်ခု၊ အစပြုသည့်
ငယ်နပျိုလွင်၊ လေ့ကျင့်စဉ်ဝယ်
အစဉ်ဟစ်ကြွေးစစ်သည်တေး။
တစ် နှစ် သုံး လေး ရင်မှာနွေး။
မမေ့နိုင်ခဲ့ အတိတ်ရေး။

❖ စင်စစ်သော်ကား၊ တပ်မတော်သားကို
စစ်သားလည်းခေါ်၊ စစ်သည်တော်ဟု
ဆိုသော်လည်းမှန်၊ ဒို့လက်ခံ၏
နိုင်ငံပုံရိပ်၊ အတိတ်သမိုင်း
ဖြစ်ရပ်တိုင်းတွင်၊ မဆိုင်းမတွ
ရှေ့တန်းကတည့်၊ တက်ကြွဝင့်ကြွား
ပြည်စစ်သားတို့
မားမားမတ်မတ် အစဉ်ရပ်တည်။
ပြည်သူ့အကျိုး မျှော်မှန်းရည်။
သံမဏိစိတ်ဓာတ်ခိုင်မြဲသည်။

❖ အိုးပစ် အိမ်ပစ်၊ မိဘ် ဖပစ်
ဆွေပစ် မျိုးပစ်၊ သားပစ် မယားပစ်
ပစ်ခွာ၍သွား၊ သစ္စာရှေ့ထား
နလုံးသားမှဲ့သည်၊ မဟုတ်သည်တည့်
ဤမြေပေါ်မှာ၊ ပြည်မြန်မာဟု
ကမ္ဘာအရှည်၊ ခိုင်မြဲတည်အောင်
နီရဲစိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
နိုင်ငံတော်အတွက်၊ ကိုယ်နှင့်သက်ကို
ပေးဆက်ရလည်း၊ ဝမ်းမနည်းဘဲ
အသည်းနှလုံးမှာ ကိုယ့်တိုင်းပြည်။
ထာဝရတံဆိပ် ခတ်နိုပ်သည်။
ပြည်သူ့စစ်သား မျိုးဇာနည်။

❖ သြော်. . . ချစ်ခြင်းမုန်းခြင်း၊ ကဲ့ရဲ့ခြင်းနှင့်
ခြောက်ခြင်း မြှောက်ခြင်း၊ ချီးမွမ်းခြင်းကို
ရင်တွင်းမတုန်၊ ဒို့မဖုံချေ
ယုံကြည်ချက်ခိုင်၊ မယိမ်းယိုင်ဘဲ
နိုင်ငံတော်အား၊ စောင့်ရှောက်သွားဖို့
ပြည်သူတို့အား၊ ကာကွယ်သွားဖို့
မနားမနေ၊ တာဝန်ကျေသည့်
ရှေးမွေစဉ်လာ၊ ထိန်းသိမ်းကာလျှင်
ငါတို့ချီတက်၊ ခရီးဆက်မည်
မပျက်ငယ်က၊ ဆိုနေကျအတိုင်း
ခြေကြွအပြေး၊ ဆိုချင်သေးသည်
"တစ် နှစ် သုံး လေး၊ တစ် နှစ် သုံး လေး"
"ပြည်သူ့စစ်သား၊ ပြည်သူ့စစ်သား"
"ပြည်သူ့စစ်သား"
ဟေ့. . . ပြည်သူ့စစ်သား တို့အားမာန်။
သစ္စာလေးချက် ဦးထိပ်ပန်။
ကမ္ဘာတည်သရွေ့ တို့နိုင်ငံ။
တည်တံ့စေရေး သန္နိဋ္ဌာန်။
ထာဝရလွှင့်ပျံ တို့အောင်လံ။ ။

(၆၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်များ၏ စာရင်းစစ်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ(၁/၂၀၁၄) ကျင်းပ

နေပြည်တော် မတ် ၂၅

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ စာရင်းစစ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၁၄)ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ မတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁(က)နှင့် (ခ)တို့အရ မိမိတို့သည် နိုင်ငံတော်၏ အရအသုံး စာရင်းများကို စစ်ဆေးပြီး ဘဏ္ဍာရေးနှစ်အလိုက် ပထမ(၆)လနှင့် ဒုတိယ (၆)လအတွက် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တစ်နှစ်လျှင်(၂)ကြိမ်၊ နိုင်ငံတော်၏ အရအသုံးနှစ်ချုပ်စာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များကို တစ်နှစ်လျှင်(၁)ကြိမ် ဥပဒေအရ တင်ပြလျက်ရှိကြောင်း၊ မိမိတို့သည် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာများကို စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ စစ်ဆေးရာတွင် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးသည် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးရုံးများနှင့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းများကို စစ်ဆေးပြီး ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်သည့် လုပ်ငန်းများနှင့် ဌာနအဖွဲ့အစည်းများကို တိုင်းဒေသကြီး/ ပြည်နယ်စာရင်း စစ်ချုပ်များကို တာဝန်ပေးစစ်ဆေး စေလျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် တိုင်း ဒေသကြီး/ပြည်နယ်တွင်ဆောင်ရွက် သည့်လုပ်ငန်း၊ ဌာန/အဖွဲ့အစည်းများ ကို တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ် ချုပ်များက စစ်ဆေးရကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များနှင့် တိုင်း ဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံး များ (ဒေသရုံးများအပါအဝင်)၏ စစ်ဆေးတွေ့ရှိချက်များကို ပေါင်းစပ်ပြီး စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြုစုခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၎င်းကလက်ရှိအခြေအနေမှာ ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်း၊ အဖွဲ့အစည်းများမှာလည်း နိုင်ငံရေးအပြောင်းအလဲ၊ စီးပွားရေး အပြောင်းအလဲ၊ အုပ်ချုပ်ရေးအပြောင်း အလဲများနှင့်အညီ အံဝင်ခွင်ကျဖြစ် အောင် ကြိုးပမ်းဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း၊ အားသာချက်များ များစွာရှိသကဲ့သို့ အားနည်းချက်များ လည်းရှိနိုင်ကြောင်း၊ အားနည်းချက် များထဲက မိမိတို့စာရင်းစစ်အဖွဲ့ အစည်းနှင့်သက်ဆိုင်သည့် ဘဏ္ဍာ ရေးဆိုင်ရာ၊ ငွေကြေးဆိုင်ရာများကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက် ပေးနေကြရခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် မတ်လအတွင်း စာရင်းစစ် အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိ များ၏ အလုပ်ရုံဆွေးနွေးပွဲများကို လည်း စာရင်းစစ်အရာရှိ စုစုပေါင်း ၄၀၉ ဦးဖြင့် ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံး နေပြည်တော်တွင် (၂)ကြိမ် ကျင်းပခဲ့ကြောင်း၊ ဒေသစာရင်းစစ်ရုံး များ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ အားသာချက်၊ အားနည်းချက်များကို ပိုမိုသိရှိရပြီး ထိုအပေါ်မူတည်၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၁၄) ကိုကျင်းပခြင်းဖြစ်ကြောင်း၊ ၎င်းဆွေး နွေးပွဲတွင် ပြည်ထောင်စုဘဏ္ဍာ ရန်ပုံ ငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်း များ၊ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက် နေသော လုပ်ငန်းများအပေါ် ထူးခြားသော စစ်ဆေးတွေ့ရှိချက်များ နှင့် ပတ်သက်ပြီး ပြည့်စုံစွာဆွေးနွေး ကြရန်ဖြစ်ပြီး ဆွေးနွေးရာတွင် မိမိတို့ စာရင်းစစ်အဖွဲ့အသီးသီး၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်း ဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ များ မလေလွင့်အောင်၊ မဆုံးရှုံး အောင်၊ ထိရောက်စွာ အသုံးပြုနိုင် အောင် မည်သို့ဆောင်ရွက်နေကြ သည်၊ (၆)လပတ်ကာလအတွင်း မည်ကဲ့သို့ ဆောင်ရွက်နိုင်ကြသည် ဆိုသည်ကို ဆွေးနွေးသွားကြရန်ဖြစ် ကြောင်းနှင့် ပြည်ထောင်စုစာရင်း စစ်ချုပ်ရုံးမှလည်း စစ်ဆေးတွေ့ရှိ ထားသည်များကို ဆွေးနွေးပြီး လာမည့် (၆)လပတ်ကာလအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက် သွားရန်ဖြစ်ပါကြောင်း ပြောကြား သည်။

အဆိုပါ စာရင်းစစ်လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည် နယ်စာရင်းစစ်ချုပ်ရုံးအားလုံးမှ တိုင်း ဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ် များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယ စာရင်းစစ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် နေပြည်တော် စာရင်းစစ်ရုံးမှ ညွှန်ကြားရေးမှူးတို့ တက်ရောက်ပြီး ဆွေးနွေးပွဲကို မတ် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တပ်မတော်နေ့ဂုဏ်ပြု ဒိုက်ဦး၌ စက်ရေတွင်းဖွင့်

ဒိုက်ဦး မတ် ၂၅

(၆၉)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရွှေအင်ဒိုကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ရွှေအင်ဒိုကျေးရွာအုပ်စု လက်ပံသုံးခွ ကျေးရွာ၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းကျော်၊ ဒိုက်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်း ကျော်၊ Golden Hours ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ငွေငွေရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဖွင့်လှစ်သောစက်ရေတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေ ကျပ် ၁၆ သန်းဖြင့် Golden Hours ကုမ္ပဏီက တာဝန်ယူတူးဖော်ဆောက်လုပ် ပေးခဲ့ကြောင်း သိရသည်။

ကျော်ကျော် (IPRD)

စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲကျင်းပ

နောင်ချို မတ် ၂၅

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ ရေး အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် နောင်ချို မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကားပြောကြားပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကမ္ဘာ့ကျန်းမာရေးနေ့

World Health Day

၂၀၁၄ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့

7 April 2014

"ရောဂါပိုးသယ် ပိုးမွှားငယ်၊ သေးငယ်သော်ငြား အန္တရာယ်များ၊ ဝိုင်းဝန်းကာကွယ်ကြစို့လား"

Vector-Borne Diseases: Small creatures, big Threat

ကျန်းမာရေးဝန်ကြီးဌာန

မြို့နယ်အလိုက်၊ ကျေးရွာအလိုက် တောင်သူပညာပေးစိုက်ကွင်းများ ထူထောင်ပေးနိုင်ရေးနှိုးဆော်ချက်

၁။ တောင်သူလယ်သမားများ သီးနှံများအထွက်နှုန်းတိုးစေရေးနှင့် အရည်အသွေးကောင်းစေရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို သီးနှံအမယ်အလိုက် ပြောင်းလဲကျင့်သုံးနိုင်ကြရန် လိုအပ်လျက်ရှိပါသည်။

၂။ နေပြည်တော်ကောင်စီနယ်မြေတွင် စံနမူနာပြ တောင်သူပညာပေး စိုက်ကွင်းကြီးများ ထူထောင်ပြသထားရှိသော်လည်း ပြည်ထောင်စုတစ်နိုင်ငံလုံး ကျေးရွာပေါင်း ၆၄၀၀၀ ကျော်မှ လာရောက်လေ့လာနိုင်ကြရန် အလှမ်းဝေးပါသည်။

၃။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျေးရွာတိုင်းတွင် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပျံ့နှံ့ရေးအတွက် စံနမူနာပြ စံပြစိုက်ခင်းများ ထူထောင်နိုင်မှသာလျှင် တောင်သူလယ်သမားများ လက်လှမ်းမီ လေ့လာ အတုယူနိုင်မည်ဖြစ်ပါသည်။

၄။ ပထမအဆင့်၊ ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် **"မြို့ကြီး စုစုပေါင်း ၃၃၀ တွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းကြီးများ ပေါ်ထွန်းလာရေးအတွက်"** တောင်သူလယ်သမားများ၏အကျိုးအား ရှေးရှုပြီး အင်တိုက်အားတိုက်ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန







ယာဉ်မောင်း(၂)ဦး အလိုရှိသည်

၁။ ကုမ္ပဏီယာဉ်မောင်း
လစာ ၁၅၀၀၀၀+ရာခိုင်နှုန်း
၂။ အိမ်ကားမောင်း
လစာ ၂၀၀၀၀၀
ဆက်သွယ်ရန်-
ဖုန်း-၀၉-၃၁၇၈၈၈၈၈၊
၀၉-၃၁၇၉၉၉၉၉

ပြည်တွင်းရေးရာ

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တကောင်းမြို့ဟောင်း ရှေးဟောင်းနေရာများကြည့်ရှု

နေပြည်တော် မတ် ၂၅

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်းသို့ မတ် ၂၃ ရက် နံနက်ပိုင်းတွင် ရောက်ရှိ၍ တကောင်းမြို့ဟောင်းဒေသအတွင်းရှိ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

သမိုင်းတွင် တကောင်းမြို့နှင့် ပျူမင်းအဘိရာဇာတို့သည် မြန်မာနိုင်ငံ၏အစဟုခေါ်ဆိုလာကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ တူးဖော်တွေ့ရှိထားသော ကုန်းအမှတ်(၃၁)မှ ပျူယဉ်ကျေးမှုအထောက်အထားဆိုင်ရာအိုးများကိုလည်းကောင်း၊ ပထမတကောင်းမြို့ဟောင်းမှ မြို့ရိုးနှင့် မြို့ဧရိယာအား မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေးအတွက် မြေထိန်းနံရံတည်ဆောက်ထိန်းသိမ်းမည့်နေရာများကို လည်းကောင်း၊ တကောင်းရှေးဟောင်းသုတေသနပြတိုက်ကို လည်းကောင်း၊ ဒုတိယတကောင်းမြို့ဟောင်း တောင်ဘက်ခြမ်းမြို့ရိုးအား ထိန်းသိမ်းထားရှိမှုနှင့် ကြာညှပ်ကျေးရွာတောင်ဘက်ရှိ ရှေးဟောင်းသံချက်ဖိုများအား အမိုးအကာအောက်တွင် ထိန်းသိမ်းပြသထားရှိရန်အတွက် အဆောက်အအုံဆောက်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမှုရေးဆိုင်ရာဆု ချီးမြှင့်နိုင်ရေး စိစစ်ရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းဆောင်ရွက်

လွိုင်ကော် မတ် ၂၅

နိုင်ငံတော်သမ္မတမှ ချီးမြှင့်မည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရေးအတွက် လူမှုရေးဆိုင်ရာဆု ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီမှ ၂၀၁၄ ခုနှစ်အတွက်လူမှုရေး အကောင်းဆုံးအကျိုးပြုလူမှုရေးအသင်းအဖွဲ့ဆု၊ အများပြည်သူဘေးအန္တရာယ်ကျရောက်မှုအား သက်စွန့်ကြိုးပမ်းကယ်တင်စွမ်းဆောင်သူဆု (ပုဂ္ဂိုလ်ရေးဆိုင်ရာဆု)များအား ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည့်အတွက် အဆိုပါဆုများ ရွေးချယ်နိုင်ရေးအတွက် ကွင်းဆင်းအဖွဲ့ (၂)မှ အဖွဲ့ခေါင်းဆောင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယဝန်ကြီးဒေါ်စုစုလှိုင်နှင့်အဖွဲ့က ကယားပြည်နယ် လွိုင်ကော်မြို့သို့ရောက်ရှိပြီး အကောင်းဆုံးအကျိုးပြုလူမှုရေးအသင်းအဖွဲ့နှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ချက်များနှင့် သိရှိလိုသည့်အချက်အလက်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **(ထိပ်တင်သီဟ)**

လျှပ်စစ်ဓာတ်အားခန္ဓနီးထားများ တိုးမြှင့်ကောက်ခံမှု သဃ်န်းကျွန်း၌ ရှင်းလင်း

ရန်ကုန် မတ် ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးဦးဘုန်းမြင့်က မတ် ၂၃ ရက်တွင် သဃ်န်းကျွန်းမြို့နယ် (၁၆/၁) ရပ်ကွက်ရှိ သတ္တမနန္ဒိဓမ္မာရုံ၌ ကျိုက်/နောက်ရပ်ကွက်နှင့် (၁၆/၁)ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ဓာတ်အားခနှုန်းထားတိုးမြှင့်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ တိုးမြှင့်ကောက်ခံရန် လိုအပ်လာသည့်အခြေအနေများ၊ ပြင်ဆင်ကောက်ခံမည့် ဓာတ်အားခယူနစ်အလွှာလိုက်နှုန်းထားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမြင့်ကလည်းထပ်မံရှင်းလင်းပြောကြားကြောင်း သိရသည်။

(မွှေးမွှေး၊ သဃ်န်းကျွန်း)

မိုးဦးလေဦးအန္တရာယ် စပါးများအမိုးအကာအောက်ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအခါ နွေရာသီကျရောက်ပြီဖြစ်ပါသည်။ မကြာမီ မိုးဦးလေဦး ကျရောက်တော့မည်ဖြစ်ပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသော နွေသီးနှံများကို အချိန်မီ ရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက်ရောက်ရှိရေး၊ သီးနှံများ မပျက်စီး မဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **"ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်"** တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ မပျက်စီးစေရေး၊ အချိန်မီ အမိုးအကာအောက်ရောက်ရှိရေးအတွက် သက်ဆိုင်ရာမြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်တစ်ဝန်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်း၏ ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်းအမှန်တကယ်တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ရာသီလိုက်တစ်ပြိုင်တည်းရင့်မှည့်လာကြမည့် စပါးခင်းများကို အချိန်မီ ရိတ်သိမ်းနိုင်ရန်မှာ လယ်ယာလုပ်သားရှားပါးမှု အခက်အခဲကြောင့် တောင်သူလယ်သမားများ အခက်အခဲတွေ့ရှိနေကြပြီး စပါးများ အလေအလွင့်ဆုံးရှုံးမှု များပြားနေကြသည်ကို ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အချိန်မီ တလင်းပျောက်စနစ် ရိတ်သိမ်းခြင်းနည်းလမ်းအားဖြင့် ကုစားဖြေရှင်းဆောင်ရွက်ပေးရပါမည်။

၅။ ကျေးလက်နေတောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေး၊ ဤအမျိုးသားရေးတာဝန်ပေါ်တွင် **"စပါးရိတ်သိမ်းချိန် ရိတ်သိမ်းခြွေလှေ့စက်များအား"** တောင်သူလယ်သမားများ လက်လှမ်းတစ်မီအသုံးပြုနိုင်ရေး ဝိုင်းဝန်းကူညီရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

မြစ်ကြီးနား ကိုယ်ပွားသတင်းစာတိုက် (၁၁)နှစ်မြောက် အထိမ်းအမှတ်ကျင်းပ

မြစ်ကြီးနား မတ် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကိုယ်ပွားသတင်းစာတိုက်၏ (၁၁)နှစ်မြောက်အထိမ်းအမှတ်အဖြစ် မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါ သတင်းစာတိုက်ရုံး၌ ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပရာ ဆုတောင်းပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာနှင့် ပင့်သံဃာငါးပါးကြွရောက်တော်မူပြီး ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံအရာရှိ ဦးရွှေကိုနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ခံအရာရှိနှင့် တက်ရောက်သူများက ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မိုယ်းကျ(မြစ်ကြီးနား)

မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်းရေပြင်၌ ငါးမဖမ်းရဧရိယာသတ်မှတ်

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါး/ပုစွန်သယံဇာတမျိုးမပြုန်းတီးစေရေး၊ ရေရှည်သားစဉ်မြေးဆက် ဖမ်းဆီးထုတ်လုပ်နိုင်စေရေးအတွက် ငါး/ပုစွန်သယံဇာတကို ထိန်းသိမ်းသည့်အနေဖြင့် ငါး/ပုစွန်များ သားပေါက်ပွားကြီးပြင်းရာသီချိန်ဖြစ်သော ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ် မေ ၃၁ ရက်နေ့အထိကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ ငါးဖမ်းကွက်များအတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များ (ဘုံကျောင်းကျားပိုက်၊ ကျားဖောင်နှင့် ကျားပိုက်ကိရိယာများအပါအဝင်)အားလုံးအား ငါးမဖမ်းရရာသီ (Closed Season)အဖြစ်လည်းကောင်း၊ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ အောက်ဖော်ပြပါငါးဖမ်းကွက်များအား ငါးမဖမ်းရဧရိယာ (Closed Area)အဖြစ် လည်းကောင်း (၁၉-၃-၂၀၁၄)ရက်နေ့စွဲပါညွှန်ကြားချက်အမှတ်၊(၄/၂၀၁၄)ဖြင့် ထုတ်ပြန်တားမြစ်ထားပြီးဖြစ်ပါသည်-

(က) မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် အမှတ် A1 မှ A20 အထိ, B10 မှ B20 အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ခ) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် B11 မှ B20 အထိ, C1 မှ C25 အထိနှင့် D1, D4, D5, D9, D10, D14, D15, D19, D20)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ဂ) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် (ငါးဖမ်းကွက် D2, D3, D6, D7, D8, D11, D12, D13, D16, D17, D18, D21, D22, D23)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

(ဃ) မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၅ မိနစ် ၅၈ စက္ကန့်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၃၀ မိနစ် (ငါးဖမ်းကွက် D24 မှ D29 အထိ, E1 မှ E25 အထိနှင့် F1မှ F21အထိ)အတွင်းရှိ ငါးလုပ်ငန်းရေပြင်၊

၂။ ငါးမဖမ်းဆီးရရာသီ၊ ငါးမဖမ်းဆီးရ ဧရိယာအဖြစ် ပိတ်ပင်ထားသည့် ကာလအတွင်း ရေလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ရေလုပ်ငန်းနှင့် ဆက်နွယ်နေသော မိသားစုများ အဆင်ပြေစေရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်နေ့မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက်ရှိ ကုမ္ပဏီအလိုက်၊ ငါးချဆိပ်ကမ်းအလိုက်၊ အသင်းအဖွဲ့အလိုက်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်စင်းရေ၏ ၆၅ ရာခိုင်နှုန်း ငါးဖမ်းရေယာဉ်စင်းရေကို ငါးဖမ်းဆီးခွင့်ပြုသွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာပ၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာ(၁)လမ်း၊ တိုက်သစ်၊ မှန်ခန်း(ပထမထပ်)၊ ပေ (၁၈×၅၂)၊ အိပ်ခန်းနှစ်ခန်း၊ အဆင့်မြင့်ပြင်ပြီး၊ အသင့်နေနိုင်၊ ကျပ်သိန်း ၅၈၀ (ညှိနှိုင်း)

ဖုန်း-၀၉-၂၅၀၂၈၃၈၈၇
၀၉-၄၂၀၀၂၉၃၀၉

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/စီမံကိန်း(၂)၊ မြေကွက်အမှတ်-၃၂၊ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ ဧရိယာ(၀.၀၈၃)ဧက ပေ(၆၀×၆၀)အကျယ်အဝန်းရှိ အမှတ်-၃၂၊ သံသုမာလမ်းသွယ်ဟုခေါ်တွင်သော မြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်

အထက်ဖော်ပြပါမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမျိုးမြင့်မောင်[၅/မရန(နိုင်)၀၁၁၄၃၀]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးမျိုးမြင့်မောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ အထူးကိုယ်စားလှယ် လွှဲစာအမှတ်-၁၃၈၈၉/၁၃ ရရှိထားပြီး ယခုအခါလက်ရောက်ပိုင်ဆိုင်လျက်ရောင်းချပိုင်ခွင့်ရှိသော ဦးထွန်းနိုင်ဦး[၇/ရတန(နိုင်)၀၈၃၃၇၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်၍ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမင်းထွန်း(စဉ်-၂၉၈၂၇)	ဒေါ်မြင့်မြင့်ဝင်း(စဉ်-၃၅၅၈၆)
(LL.B.,Dip;in Business Law)	**(LL.B)**
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

ကလျာဒေဝီ
အိမ်ခြံမြေနှင့် ဥပဒေအကြံပေးအကျိုးဆောင်လုပ်ငန်း
အမှတ်-၃၂၆၊ မြေညီထပ်၊ သီရိလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၆၂၅၅၀

ပြန်လည်ကြည့်ချင် ရွှေခေတ်မြန်မာ့ရုပ်ရှင်

ငွေးလွင်(မဟာဝိဇ္ဇာ၊ အင်္ဂလိပ်ဘာသာစကားသင်ကြားရေး)

နှစ်ကာလကြာမြင့်ပြီဖြစ်သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ မကြာခဏဆိုသလို ပြန်လည်ထုတ်လွှင့်ပြသနေသည်ကို ကြည့်ရှုခွင့်ရသဖြင့် စာရေးသူများစွာ ဝမ်းသာပီတိဖြစ်မိပါသည်။ ဆာလောင်မွတ်သိပ်နေချိန်တွင် အရသာရှိသည့် အစားကောင်းတစ်ခုကို စားလိုက်ရသဖြင့် အာသာပြေသွားသလို ခံစားမိပါသည်။ ထို့အတွက်လည်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဌာနကို များစွာကျေးဇူးတင်မိပါသည်။ စိတ်အစဉ်ကလည်း စာရေးသူ၏ ဇာတိဖြစ်သည့် မလှိုင်မြို့ရှိ အသောကရုပ်ရှင်ရုံတွင် စာရေးသူတို့မိသားစု မကြာခဏရုပ်ရှင်ကြည့်ခဲ့သည်များကို ပြန်လည်မြင်ယောင်မိပါသည်။ စာရေးသူတို့မြို့တွင် ရုပ်ရှင်နေ့ဘက်ပွဲစဉ်များကို ငါးရက်တစ်ကြိမ် ကျင်းပသည့်ဈေးနေ့တွင်သာ ပြသပါသည်။ လူကြိုက်များသည့် ဇာတ်ကားမျိုးသာ တစ်နေ့သုံးပွဲပြသလေ့ရှိပါသည်။ မင်းသားကြီး ဝင်းဦး၏ မှုံရွှေရည် ရုပ်ရှင်ကားဆိုလျှင် တစ်နေ့သုံးပွဲပြသပါသည်။ စာရေးသူတို့မြို့တွင် အဆိုပါ နေ့ပွဲဟု ခေါ်ဝေါ်သုံးစွဲသည့် ရုပ်ရှင်နေ့ပွဲစဉ်များကို စာရေးသူတို့ မောင်နှမတစ်တွေများစွာ ကြည့်ဖြစ်ပါသည်။ ထိုခေတ်အခါက ၅၀ ပြားတန်း၊ ၇၅ ပြားတန်း၊ ၁ ကျပ် ၅၀ ပြားတန်း၊ နှစ်ကျပ်တန်းဟူ၍ ခွဲခြားထားရာ ကလေးဘ၀ ၅၀ ပြားတန်းတွင် တိုးဝှေ့ကြည့်ရသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်ပါသည်။

မတူကွဲပြားသည့် အချက်မှာ စာရေးသူတို့မြို့ရှိ အသောကရုပ်ရှင်ရုံသည် မလှိုင်မြို့ကျက်သရေဆောင် တန်ခိုးကြီး ရွှေမုဋ္ဌောဘုရားကြီး၏ဝေယျာဝစ္စလုပ်ငန်းများအတွက် အလှူငွေရရှိရန် ရည်ရွယ်ပြီး ရုပ်ရှင်ပြခြင်းသာမက ဇာတ်ပွဲများပါ ရုံသွင်းကပြနိုင်ရန် ဆောက်လုပ်ခဲ့သည့် ဘက်စုံသုံးရုံကြီးဖြစ်ရာ အကျိုးဆက်အနေဖြင့် အတန်သင့်ထိ ကျယ်ဝန်းပြီး ဘုရားပိုင်ဖြစ်၍ ထိုခေတ်အခါက ပြည်သူပိုင်သိမ်းခြင်းမှလည်း ကင်းဝေးခဲ့ပါသည်။ ပြည်သူပိုင်ရုပ်ရှင်ရုံမဖြစ်ခဲ့၍ နိုင်ငံခြားဇာတ်ကားများကိုမှုပြသခဲ့ခြင်းမရှိခဲ့ပါ။ ထိုအကြောင်းကြောင့်လည်း စာရေးသူတို့မြို့မှ ရုပ်ရှင်ကြည့်ပရိသတ်များအတွက် မြန်မာ့ရုပ်ရှင်ကားများနှင့် ပိုမိုနီးစပ်ခွင့်ရသည်ဟု ထင်မြင်မိပါသည်။ ယခုအချိန်အခါကဲ့သို့ (၆၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရန် နီးကပ်လာသည့်ကာလတွင် စာရေးသူတို့အရွယ် ရုပ်ရှင်ကြည့် ပရိသတ်များအသည်းစွဲ ဇာတ်ကားများဖြစ်ခဲ့သည့် ကျည်ဆန်ငါးတောင့်၊ ဒူးမထောက်စတမ်း၊ ၁၃ ရက် ၁၃ ယောက် ၁၃ နာရီ၊ ဆောင်း စသည့် စစ်ကားကောင်းများကို မကြာမီက မြန်မာ့ရုပ်မြင်သံကြားတွင် ပြသသွားသည့် ကျော်ကို ချစ်မလား၊ ဇော်ကို ချစ်မလား ဇာတ်ကားကဲ့သို့ အခါအခွင့်သင့်လျှင် ပြန်လည်ကြည့်ချင်မိသည့် စိတ်ပြင်းပြစွာဖြစ်မိပါသည်။ စာရေးသူကြိုက်နှစ်သက်ခဲ့သည့် ကျည်ဆန်ငါးတောင့် ရုပ်ရှင်ကားတွင်မူ ပါဝင်သရုပ်ဆောင်ကြသည့် အနုပညာရှင်များ၏ ပြောင်မြောက်လှသည့် သရုပ်ဆောင်မှုများကြောင့် ရုပ်ရှင်ကားထဲတွင် တပ်မတော်သားများ၏ စွန့်လွှတ်စွန့်စားစိတ် အပြည့်အဝဖြင့် တိုင်းပြည်အတွက် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်ပုံမှာ ရုပ်ရှင်ကြည့်ပရိသတ်များကို ပြင်ပတွင် အကယ်စင်စစ် ဖြစ်နေသကဲ့သို့ ခံစားရကာ တပ်မတော်သားတို့၏ ဘဝမှန်ကိုပိုမိုနားလည်စိတ်ဖြစ်ပေါ်စေပါသည်။ ထိုစဉ်အခါက စစ်ဝတ်စုံနှင့် သရုပ်ဆောင်တတ်သည့် မင်းသားကြီးဇော်လွင်၏ ခန့်ညားသည့် သွင်ပြင်မှာ ထိုခေတ်ကာလစစ်ကားများ၏ သင်္ကေတပင်ဖြစ်ပါသည်။

စာရေးသူ ငယ်စဉ်က ကြည့်ရှုခဲ့ဖူးသည့် ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်ထိ မြန်မာ့ရုပ်ရှင်ကားကောင်းများအကြောင်း ပြန်ပြောင်းရေးရသော် များစွာရှိပါသည်။ ၁၉၁၄ ခုနှစ်မှ စတင်သန္ဓေတည်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းအရ ဆိုရသော် ထိုရုပ်ရှင်ကားများသည် မြန်မာ့ရုပ်ရှင်ရွှေရတုခေတ်ရုပ်ရှင်ကားများဟု ယေဘုယျ သတ်မှတ်နိုင်မည်ထင်ပါသည်။ ရွှေရတုခေတ်ရုပ်ရှင်ဇာတ်ကားများစွာထဲမှ စာရေးသူစိတ်တွင် ပိုပြီးမှတ်မှတ်ထင်ထင် ဖြစ်မိသည့် ဇာတ်ကားများကိုပြောရသော် မင်းသားကြီး တွံတေးသိန်းတန်၏ အညာသားလေး၊ မိုးနှမလေးလှဥမ္မာ၊ မောင်ရုပ်ဆိုး မိုးသူဇာခြံအမှတ်(၉)၊ အသက်ကိုနှင်း၍၊ သတ္တိသွေးနှင့် သွေးလုလင်၊ အရွှေတို့ရွာ စသည်တို့ ဖြစ်ပါသည်။ မိုးနှမလေး လှဥမ္မာ ဇာတ်ကားနှင့်ပတ်သက်၍ စာရေးသူ အိမ်သို့ မင်းသမီးကြီး ဒေါ်မြင့်မြင့်ခိုင်လာစဉ်က စကားလက်ဆုံပြောဖြစ်ကြပါသည်။ ထိုဇာတ်ကားအကြောင်း ဒေါ်မြင့်မြင့်ခိုင်က ပြန်ပြောင်းပြောနေသည်ကို နားထောင်ရင်း သူမ၏ မှတ်ဉာဏ်ကိုလည်း စိတ်ဝယ်ချီးကျူးမိပါသည်။ ထို့ပြင် မင်းသားကြီး ဝင်းဦး၏ ရည်စားဓားပြ၊ အတွယ်အတာ၊ မင်းဘယ်ပြေးမလဲ မိချိုသဲ၊ မှုံရွှေရည်၊ ချစ်ပါတယ်မောင့်ကို၊ ကျောက်မဲအကျဉ်းသား စသည့်ရုပ်ရှင်ကားများ၊ မင်းသားကြီးဇော်ခင်၏ နှောင်းချစ်ရိပ်ဝယ်၊ သစ္စာပန်းနှစ်ခိုင်၊ မင်းသားကြီးမောင်မောင်မြင့် အန္တရာယ်စက်ကွင်း၊ ၁၃ ရက် ၁၃ယောက် ၁၃ နာရီ၊ မင်းသားကြီးညွန့်ဝင်း၏ သစ္စာရင်မှာပိုက်လို့ရယ်၊ မမထားနဲ့အပါ၊ တူတူညီညီရိရိပြုံးပြုံး၊ တိမ်ညိုနှင့် စန္ဒာ၊ အကွေ့တစ်ထောင်၊ သူချိန်းတဲ့နေရာ၊ ဆောင်း၊ ဗန်ဒိုလူလေးနဲ့ သူဇာစသည့်ဇာတ်ကားများ၊ မင်းသားကြီးစိုးရွှေ၏ လျှို့ဝှက်မေတ္တာ၊ မြေမှာပွင့်သော မေတ္တာပန်း၊ မင်းသားကြီးထွန်းထွန်းဝင်း၏ ဖက်ဖူးရောင်၊ နော်ကူးမ၊ ချစ်လိုက်ရတာ မသည်းအူ စသည့်ဇာတ်ကားများနှင့် မင်းသားကြီး ဇော်ဝမ်း၏ စေလိုရာစေ၊ နေထွက်သောည၊ ရွှေသမက်ငွေသမက်၊ ပြောမရတဲ့ ချောနှမ၊ ကြောင်ရေးတဲ့ဖူးစာ၊ မတ်တတ်ရပ်လို့ လမ်းမှာငို၊ နွေရူပ၊ ယင်းမာပင်လမ်းခွဲ၊ မချစ်တာ မုန်းပါလေဦး၊ မင်းသားကြီးဇော်လွင်၏ ချစ်သွေးနီနီ၊ ပြောက်ကျားတပ်သား၊ ဒူးမထောက်စတမ်း စသည့်အချစ်ကား၊ စစ်ကားကောင်းများနှင့် မင်းသားကြီး ရွှေဘ၏ မိုက်နောင်တ၊ အမှိုက်ထဲကရွှေ၊ ဤသစ်ဆုံစသည့် မြန်မာ့ရုပ်ရှင်ကားကောင်းများကို အခါအခွင့်သင့်လျှင် ပြန်လည်ကြည့်ရှုချင်စိတ်အစဉ်အမြဲပြင်းပြလျက်ရှိပါသည်။ စာရေးသူကဲ့သို့ပင် မြန်မာ့ရုပ်ရှင်ချစ်ပရိသတ်များကလည်း ပြန်လည်ကြည့်ရှုရန် မျှော်လင့်စောင့်စားနေမည်ဟု ယုံကြည်မိပါသည်။ သီချင်းအသားပေးရုပ်ရှင်ကားဖြစ်သည့် မင်းသားကြီး ဇော်ဝမ်း၏ မချစ်သာမုန်းပါလေဦး ရုပ်ရှင်ကားမှ ကြည်နူးဆွတ်ပျံ့ဖွယ် ဇာတ်ဝင်တေးများကိုလည်း စိတ်ထဲကြားယောင်မိကာ မြန်မာ့အသံရေဒီယိုမှ ရုပ်ရှင်တေးအစီအစဉ်တွင် ပြန်လည်နားသောတဆင်လိုစိတ် တပ်မက်စွာဖြင့် မျှော်လင့်မိရင်း ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်တစ်ပြေးညီ မြန်မာ့ရုပ်ရှင်ဇာတ်ကားများအဆင့်အတန်းမီစွာ ကမ္ဘာ့ရုပ်ရှင်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်အောင်မြင်ပါစေကြောင်း ဆန္ဒမွန်ပြုလိုက်ရပါသည်။ ။

ထိုခေတ်အခါက ၅၀ ပြားတန်း၊ ၇၅ ပြားတန်း၊ ၁ ကျပ် ၅၀ ပြားတန်း၊ နှစ်ကျပ်တန်းဟူ၍ ခွဲခြားထားရာ ကလေးဘ၀ ၅၀ ပြားတန်းတွင် တိုးဝှေ့ကြည့်ရသည်မှာ ပျော်ရွှင်ဖွယ်၊

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၆-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့)

MRTV

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၅	သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၆း၃၅	သီချင်းကြီးပဒေသာ
၆း၄၀	"ရွှေဘိုမြို့မှ မော်ခေါမြင်သာ မြို့ထောင့်စေတီ"
၉း၅၅	ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု သက်တမ်း(၃)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုလွှတ်တော်၌ ပြောကြားသည့် မိန့်ခွန်း တိုက်ရိုက် ထုတ်လွှင့်မှု အစီအစဉ်
၁၁း၀၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၂း၄၅	(၆၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အစီအစဉ်

MRTV-4

၅း၀၀	ပဌာန်းပါဠိတော်-ခန္ဓသုတ်၊မောရသုတ်၊ ဝဋ္ဋသုတ်
၅း၄၀	"အောင်ခြင်းလေးဖြာမင်္ဂလာ" တရားတော်(ညောင်ကန်အေးဆရာတော်ဒေါက်တာ ဘဒ္ဒန္တကုန္တက)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရှူး" (အပိုင်း-၃၉)
၂း၀၀	MRTV-4 သတင်း
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရ မန္တလေး"(အပိုင်း-၃၂)
၆း၀၀	MRTV-4 သတင်း
၈း၀၀	MRTV-4 သတင်း
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၁၂၃)

MWD

၆း၀၃	တရားတော်
၆း၁၆	မေတ္တာပို့
၆း၂၀	ဓမ္မပူဇာတေး
၆း၂၅	ယောဂ
၆း၃၀	မျိုးချစ်တပ်မတော်
၆း၃၅	မှတ်တမ်း
၆း၄၅	မြန်မာသံစဉ်ချိုနားဝင်
၈း၀၆	မွေးမြူသုတ
၈း၃၅	ဇာတ်လမ်းတို
၈း၅၀	သူနှင့်သူ၏သီချင်းများ
၉း၀၀	စာပေအလင်းစာပေသတင်း
၄း၀၈	မျိုးချစ်တပ်မတော်
၄း၁၅	လျှပ်တစ်ပြက်
၄း၂၅	အမျိုးသားရေးတေးကဗျာ
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	သာယာသီကြွေးခေတ်ဆန်းတေး -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်ဇာတ်လမ်း "သံယောဇဉ်အနား နှလုံးသားဗဟို" (ပထမပိုင်း)



ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ကား ၅ယ/၃၅၈၅၏ Owner Book မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၅၀၁၅၃၉၆



ထွန်းထွန်းမင်း(မုဒုံသား)

စောရန်ပိုင်(ဘီလပ်မြေစက်ရုံ)

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် မျိုးဆက်သစ်ကလပ်အသင်းများ ဖိတ်ခေါ် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Traditional Boxing Federation တို့ ကြီးမှူး၍ H & S Group မှ စီစဉ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးနှင့် မျိုးဆက်သစ်ကလပ်အသင်းများ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲတို့ကို ဧပြီ ၆ ရက်နှင့် ၇ ရက် ညနေ ၃ နာရီတွင် ပြည်သူ့ဥယျာဉ်(ဖျော်ဖြေရေးကွင်း-၁)၌ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းရွှေတံဆိပ်ဆုရှင် ထွန်းထွန်းမင်း(မုဒုံသား)နှင့် စိန်ခေါ်သူ ပထမတန်းလက်ဝှေ့ကျော် စောရန်ပိုင် (ဘီလပ်မြေစက်ရုံ)၊ လေးညို့ရှင် (သတ္တိ)နှင့် ပြည်ထောင်စုဖလားငွေဆုရှင် ရဲတံခွန်(အလင်းရောင်)၊ ၂၀၁၃ ဒဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင် (အဖြူရောင်သွေးသစ်) နှင့် ပြည်ထောင်စုဖလား ရွှေဆုရှင် ရဲရင့်ထွန်း (မုဒုံသား)၊ ရန်တိုင်းကျော် (ဝါဆို)နှင့် စောကျားလေး (ဘီလပ်မြေစက်ရုံ)၊ သားအသဲတစ်ပွင့် (YGW မန္တလေး)နှင့် အားမာန် (T & T)၊ ထွန်းနိုင်ဦး(အဖြူရောင်သွေးသစ်)နှင့် ဖြူလေး (မုဒုံသား)၊ နိုင်ငံခြားဝါသနာရှင်အထူးစိန်ခေါ်ပွဲအဖြစ် IAN DIAMOND စောရဲဒင်း(သတ္တိ)နှင့် ဇော်ဇော် (အဖြူရောင်သွေးသစ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး အထူးတန်းထိုင်ခုံကျပ် ၁၅၀၀၀ နှင့် ရိုးရိုးတန်းကျပ် ၇၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် အလားအလာကောင်းသည့် ရွက်ပုန်းသီး လူငယ်လေးများကို ဖော်ထုတ်လိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပမည့် မျိုးဆက်သစ်ကလပ် အသင်းများ ဖိတ်ခေါ်ပြိုင်ပွဲကို ဧပြီ ၇ ရက် ညနေ ၃ နာရီတွင် အဆိုပါကွင်း၌ပင် ကျင်းပမည်ဖြစ်ပြီး ဝင်ကြေးအခမဲ့ဖြစ်ကာ ပြိုင်ပွဲကျင်းပမည့်ရက်များအတွင်း ညနေ ၃ နာရီတွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။

သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း

ရာဖေးလ်နာဒယ်နှင့် ဝေါရင်ကာ မီယာမီ၌ နိုင်ပွဲကိုယ်စီရရှိ

နာမည်ကြီးတင်းနစ်ကစားသမားနှစ်ဦးဖြစ်သည့် ရာဖေးလ်နာဒယ်နှင့် ဝေါရင်ကာတို့သည် မီယာမီ၌ ယှဉ်ပြိုင်ကစားခဲ့သော ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အဆင့်(၁)နေရာတွင် ရပ်တည်နေသော ရာဖေးလ်နာဒယ်သည် ပြိုင်ဘက်ဖြစ်သော ဥဇဘတ်ကစ္စတန်တင်းနစ်ကစားသမား ဒန်းနစ်အစ္စတိုမင်အား ၆-၁၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ စတုတ္ထအဆင့်သို့ တက်ရောက်လာနိုင်ခဲ့ပြီဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ၎င်း၏ ပထမဆုံးအကြိမ် ဆိုနီအိုးပင်းတင်းနစ်ဖလားကို ရယူနိုင်ရန် ၅၉ မိနစ်ကြာကစားပြီး ပြိုင်ဘက်ဖြစ်သော ဒန်းနစ်အစ္စတိုမင်၏ ဆိုနီအိုးပင်းတင်းနစ်ဖလားနောက်တစ်ဆင့် တက်လှမ်းနိုင်ရေးမျှော်လင့်ချက်ကို အဆုံးသတ်စေခဲ့ပြီး လက်ရှိဩစတြေးလျအိုးပင်းတင်းနစ်ဖလားချန်ပီယံ ဝေါရင်ကာနှင့်အတူ ဆိုနီအိုးပင်းတင်းနစ်ဖလား စတုတ္ထအဆင့်သို့ တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

တင်းနစ်အကျော်အမော် ဝေါရင်ကာသည် ပြင်သစ်တင်းနစ်ကစားသမား ရော်ဂျာဗက်ဆဲလ်လင်အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ပြီး ၎င်း၏ ခြောက်ကြိမ်မြောက် လာရောက်ကစားခဲ့ရသည့် မီယာမီခရီးစဉ်အတွက် အကောင်းဆုံးရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စတုတ္ထအဆင့်တွင် အဆင့်(၃)နေရာရှိ ဝေါရင်ကာသည် ယူကရိန်းတင်းနစ်ကစားသမား ဒိုလ်ဂိုပိုလော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဒိုလ်ဂိုပိုလော့ဗ်သည် ဆာဘီးယားတင်းနစ်ကစားသမား ဒူဆန်လာဂျိုဗစ်အား ၃-၆၊ ၆-၀၊ ၇-၆(၇-၅)ဖြင့် အနိုင်ရရှိခဲ့သူဖြစ်သည်။

ကမ္ဘာ့အဆင့်(၁)ရာဖေးလ်နာဒယ်သည် စတုတ္ထအဆင့်၌ အီတလီတင်းနစ်ကစားသမား ဖော့ဂ်နီနီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါ အီတလီတင်းနစ်ကစားသမား ဖော့ဂ်နီနီသည် စပိန်မှ ဘော်တီစတာအောဂတ်အား ၄-၆၊ ၆-၃၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် စတုတ္ထအဆင့်သို့ တက်လှမ်းလာခြင်းဖြစ်သည်။

ထို့ပြင် ကနေဒါအဆင့်(၁၂)ရှိ ရာအိုနစ်သည် စပိန်တင်းနစ်ကစားသမား ဂါစီယာလိုပက်ဇ်အား ၅၆ မိနစ်ကြာကစားကာ ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိပြီး ဆိုနီအိုးပင်းတင်းနစ်ဖလားစတုတ္ထအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

ဆရီနာဝီလျံနှင့် ရှာရာပိုဗာ ဆိုနီအိုးပင်း ကွာတားဖိုင်နယ်တက်

ငွေကြယ်

ဆိုနီအိုးပင်းတင်းနစ်ဖလားလက်ရှိအမျိုးသမီးတစ်ဦးချင်းချန်ပီယံ ဆရီနာဝီလျံနှင့် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာတို့သည် ပြိုင်ဘက်အသီးသီးအား အနိုင်ရရှိကာ ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်းကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် တစ်နိုင်ငံတည်းသော တင်းနစ်မယ် ဗန်ဒီဝီဂီအား ၇၉ မိနစ်ကြာကစားကာ ၆-၃၊ ၆-၁ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်မယ်ကာဘာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရုရှားအဆင့်(၄)နေရာရှိ မာရီယာရှာရာပိုဗာသည် ဘယ်လ်လာရုစ်တင်းနစ်မယ် ကာစတန်ဖလစ်ကန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ၃-၆၊ ၆-၄၊ ၆-၁ ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဝင်ဘယ်ဒန်ချန်ပီယံဟောင်းဖြစ်သူ ချက်တင်းနစ်မယ်ဗစ်တိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဗစ်တိုဗာသည် ဆာဘီးယားတင်းနစ်မယ် အိုင်ဗန်နိုဗစ်အား ၃-၆၊ ၆-၀၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆလိုဗက်ကီးယားတင်းနစ်မယ် ဆီဘူလ်ကိုဗာနှင့် ဆရီနာဝီလျံ၏ ညီမဖြစ်သူ အမေရိကန်တင်းနင်းမယ် ဗီးနပ်ဝီလျံတို့၏ ပွဲစဉ်တွင် ဆီဘူလ်ကိုဗာက ဗီးနပ်ဝီလျံအား ၆-၁၊ ၅-၇၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆိုနီအိုးပင်းတင်းနစ်ဖလား ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကြေညာချက်(၁/၂၀၁၄)
နေပြည်တော်၊၁၃၇၅ခုနှစ်၊တပေါင်းလပြည့်ကျော်(၅)ရက်
(၂၀၁၄ခုနှစ်၊ မတ်လ ၂၀ရက်)

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံ စပေါ်ငွေများ စာရင်းရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ။

အောက်ဖော်ပြပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာ လုပ်ငန်းရှင်များအနေဖြင့် ယနေ့မှစ၍ ၂၀၁၄ခုနှစ်၊ ဧပြီလ ၃၀ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အမြန်ဆုံးစာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့်အကယ်၍ လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ သတ်မှတ်ရက်အတွင်း စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

(၁)၂၀၀၅ခုနှစ် ကြေညာချက်	၂/၂၀၀၅၊ ၃/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၅၊ ၆/၂၀၀၅
(၂)၂၀၀၆ခုနှစ် ကြေညာချက်	၁/၂၀၀၆၊ ၂/၂၀၀၆၊ ၄/၂၀၀၆၊ ၅/၂၀၀၆
(၃)၂၀၀၇ခုနှစ် ကြေညာချက်	၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၅/၂၀၀၇၊၆/၂၀၀၇
(၄)၂၀၀၈ခုနှစ် ကြေညာချက်	၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈၊ ၄/၂၀၀၈၊ ၅/၂၀၀၈၊ ၆/၂၀၀၈
(၅)၂၀၀၉ခုနှစ် ကြေညာချက်	၁/၂၀၀၉၊ ၂/၂၀၀၉၊ ၃/၂၀၀၉၊ ၄/၂၀၀၉၊ ၅/၂၀၀၉၊ ၆/၂၀၀၉
(၆)၂၀၁၀ပြည့်နှစ် ကြေညာချက်	၁/၂၀၁၀၊ ၂/၂၀၁၀

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း



"နေ့စွဲပြင်ဆင်ဖတ်ရှုပေးပါရန် အများသိစေရန်ကြေညာခြင်း"

၁၂-၃-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာကဏ္ဍ စာမျက်နှာ (၂၁)နှင့် ၁၅-၃-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ၏ကြေးမုံကြော်ငြာ စာမျက်နှာ(၆)တို့တွင် ကြော်ငြာခဲ့သော ခေါင်းစဉ်၌ သဘောရိုးနှင့် ပုံနှိပ်မှားယွင်းဖော်ပြထားသော "၄-၂-၂၀၁၄ရက်စွဲအစား ၄-၃-၂၀၁၄ရက်ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်"အများသိစေရန်ပြန်လည်ပြင်ဆင်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ရွှေကအေး[၁၃/တကန(နိုင်)၁၂၅၉၀၀]
အမှတ်-၅၀/ရ နန်းသီတာလမ်း၊
ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စောမြချယ်
အထက်တန်းရှေ့နေ
(စဉ်-၁၉၈၂၀/၉၃)
အမှတ်-၁၅(ခ)/ရ ကမ္ဘောဇလမ်း၊
ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။

အရက်မူးပြီး ကိုယ့်အိမ်ကို မီးရှို့

ကျောက်ကြီး မတ် ၂၅

ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း ကျောက်ကြီးမြို့နယ် မုန်းမြို့ အမှတ်(၄)ရပ်ကွက်နေ မောင်ဖြူ အသက် (၃၂)နှစ်သည် အရက်များ သောက်စားထားပြီး ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိလာကာ ဇနီးဖြစ်သူ မညိုစန်း(၂၉)နှစ်အား ရိုက်ပုတ်ဆဲဆိုရန်ပြုသဖြင့် ဇနီးဖြစ်သူမှာ ကြောက်လန့်ပြီး ရပ်ကွက်အတွင်း သွားရောက်ရှောင်တိမ်းနေစဉ် မောင်ဖြူမှာ နေအိမ်ရှိ ပစ္စည်းများအား ညနေ ၅ နာရီတွင် မီးရှို့ခဲ့ရာ ရပ်ကွက်အတွင်းရှိ ပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်နိုင်ခဲ့ပြီး မောင်ဖြူမှာ ထွက်ပြေးတိမ်းရှောင်သွားရာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့်အဖွဲ့၊ မုန်းရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ဦးဆောင်သော အဖွဲ့တို့က ရှာဖွေဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(ပန်းချီသန်းဝင်း)**

တောင်ငူ၌ အမျိုးသားတစ်ဦး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံး

တောင်ငူ မတ် ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၁)ရပ်ကွက် ဇေယျာခင်ဦး (၃)လမ်းရှိ အိမ်တစ်အိမ်တွင် အသက် (၃၃)နှစ်ရှိ အမျိုးသားတစ်ဦး၏ လည်ပင်းတွင် ပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း တောင်ငူမြို့မရဲစခန်းက စုံစမ်းသိရှိရသည်။

ဖြစ်စဉ်မှာ မတ် ၂၄ ရက် နံနက် ၈ နာရီခွဲက တောင်ငူမြို့ အမှတ် (၂၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ သတင်းပေးမှုကြောင့် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူး မြို့မရဲစခန်းမှတာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ အိမ်ရှင် ကိုရဲလင်း အသက် (၃၃)နှစ် မိုဘိုင်းဖုန်းအရောင်းဆိုင်ပိုင်ရှင်ဆိုသူဖြစ်ပြီး လည်ပင်းတွင် အလျား ကိုးစင်တီမီတာရှိ ပြတ်ရှဒဏ်ရာဖြင့် နေအိမ်အနောက်ဘက်ရှိ အိမ်နှင့် ခြံစည်းရိုးအုတ်တံတိုင်းကြားတွင် မှောက်လျက်အနေအထားဖြင့် သေဆုံးနေပြီး သေဆုံးသူအနီး နှစ်ပေခန့်တွင် ၁၀ လက်မခန့်ရှိ မီးဖိုချောင်သုံး စတီးဓားတစ်ချောင်းကို တွေ့ရှိရ၍ ဆေးစာဖြင့် တောင်ငူဆေးရုံကြီးသို့ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တောင်ငူမြို့မရဲစခန်းက သေမှုသေခင်း အမှတ်(၄/၂၀၁၄)ဖြင့် အမှုဖွင့်လှစ်ပြီး စခန်းမှူး ဒုရဲမှူးတင်ဝင်းက ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကျော်စွာ(တောင်ငူ)**

ကျောင်းကုန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ကျောင်းကုန်း မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ မတ် ၂၄ ရက် ည ၇ နာရီ ၄၅ မိနစ်က သစ်စိမ့်ကုန်းအုပ်စု မော်သေးကျေးရွာနေ ဦးဝင်းရွှေ အသက်(၄၅)နှစ်၊ မောင်စိုးထိုက် အသက် (၂၇)နှစ်နှင့်ဇနီး မအိအိဆွေတို့နေထိုင်သော လယ်ကွင်းထဲရှိ လယ်စောင့်တဲမှ မီးစတင်လောင်ကျွမ်းခဲ့ရာ လယ်စောင့်တဲတစ်လုံး၊ နွားတင်းကုပ်သုံးလုံး၊ မျိုးစပါး တင်း ၃၀ နှင့် လက်ကိုင်ထွန်စက်နှစ်စီး၊ တရုတ်နိစက်တစ်လုံးမီးလောင်ခဲ့ရာ လူနှင့်တိရစ္ဆာန်များ သေဆုံးခြင်းမရှိကြောင်းနှင့် မီးလောင်ရာသို့ ကျောင်းကုန်းမြို့နယ် မီးသတ်ယာဉ် နှစ်စီးနှင့် အင်အား ၃၀ ခန့် ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၇ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဒေသန္တရနင်းမိုင်း နင်းမိပေါက်ကွဲ၊ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ကျောက်ကြီး မတ် ၂၅

ကျောက်ကြီးမြို့နယ် မြောင်ဦးကျေးရွာနေ ဦးညွန့်တင်(၄၅)နှစ်သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီခန့်က မီးသွေးဖုတ်ရန် ၎င်း၏နေအိမ်မှ လမ်းလျှောက်ထွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်ကြီးမြို့နယ် ကျောက်အိုင်အနီးတစ်ဝိုက်သို့ရောက်ရှိစဉ် ဒေသန္တရနင်းမိုင်းတစ်လုံးအား ၎င်း၏ဝဲခြေထောက်ခြေတုဖြင့် နင်းမိရာ ပေါက်ကွဲခဲ့သောကြောင့် ဝဲခြေထောက်အတုမှာ စုတ်ပြတ်ခဲ့ပြီး ယာဒူးခေါင်း ဒဏ်ရာရရှိခဲ့သဖြင့် မုန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အလားတူ မတ် ၂၃ ရက် နံနက် ၇ နာရီခန့်ကလည်း ကျောက်ကြီးမြို့နယ် မြောင်ဦးကျေးရွာနေ ဦးစိုင်းအောင်နိုင်သည် တစ်ရွာတည်းနေ ၎င်း၏သမီးများဖြစ်သည့် မသီတာအောင်၊ မအေးသီတာ၊ ဦးကျော်ဝင်းတို့နှင့်အတူ မီးသွေးများသယ်ဆောင်ရန် ထွက်ခွာခဲ့ရာ နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ဖိုးကျောက်ကြီးကုန်းအနီးသို့ရောက်ရှိစဉ် ဒေသန္တရနင်းမိုင်းတစ်လုံးအား ဦးစိုင်းအောင်နိုင်မှာ နင်းမိပေါက်ကွဲခဲ့သဖြင့် ယာဒူးအောက် ပြတ်ရှဒဏ်ရာ၊ ယာပေါင်၊ ခါးမိုင်းစထိမှန်ဒဏ်ရာ(စိုးရိမ်ရ)ရရှိခဲ့သဖြင့် ထမ်းစင်ဖြင့် ပြန်လည်သယ်ဆောင်ခဲ့ရာ ၎င်း၏ နေအိမ်သို့ရောက်ရှိစဉ် ရရှိဒဏ်ရာဖြင့်သေဆုံးခဲ့ကြောင်းနှင့် ကျန်သူများတွင် ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

(၅၇၈)

ဂေါ်ဒန်ကျောက်သယ်ယာဉ်များ နောက်ပိတ် တပ်ဆင်စေလို

ဘားအံ မတ် ၂၅

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် အထက(၃)ကျောင်းရှေ့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ဂေါ်ဒန်ကျောက်သယ်ယာဉ်ပေါ်မှ ဂေါ်ဒန်ကျောက်တုံးကြီးတစ်တုံး မတ် ၃ ရက် ည ၈ နာရီ မိနစ် ၅၀ခန့်က ပြုတ်ကျခဲ့ကြောင်းနှင့် ၎င်းကျောက်တုံးကြီးကို ယခုအချိန်ထိ တာဝန်ရှိသူများက ဖယ်ရှားရှင်းလင်းခြင်းမရှိသေးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်ဘက်မှ ဘားအံမြို့နယ် တန် ၄၀၀၀ ဘိလပ်မြေစက်ရုံသို့ ဂေါ်ဒန်ကျောက်များ သယ်ယူပို့ဆောင်နေသော ယာဉ်တစ်စီးပေါ်မှ ဂေါ်ဒန်ကျောက်တုံးကြီးတစ်တုံး ပြုတ်ကျပြီး ယာဉ်နောက်သို့ အရှိန်ဖြင့် ၁၀ တောင်ခန့်လိမ့်ထွက်သွားခဲ့ကြောင်း အနီးပတ်ဝန်းကျင်နေ ဈေးရောင်းနေသူအမျိုးသမီးတစ်ဦးက ပြောသည်။

ဖေဖော်ဝါရီ ၁၈ ရက်ကလည်း ဂေါ်ဒန်ကျောက်သယ်ယာဉ်တစ်စီး ဘားအံမြို့လယ်နာရီစင်အနီးတွင် တိမ်းမှောက်မှုကြောင့် လမ်းဘေးတွင် ညအိပ်ရပ်နားထားသော မော်တော်ယာဉ်နှစ်စီးကို ကျောက်တုံးကြီးများ ထိမှန်ပိပြားခဲ့ရပြီး အမျိုးသားတစ်ဦး ခြေချင်းဝတ်ကျိုးကြေဒဏ်ရာရရှိကာ ကိုယ်ဝန် ခုနစ်လရှိ အမျိုးသမီးတစ်ဦးမှာလည်း သတိမေ့မြောပြီး ဘားအံပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့ရကြောင်း၊ ယာဉ်မောင်းမှာ ထွက်ပြေးခဲ့ခြင်းကြောင့် ဘားအံမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ရကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံးမှလည်း ဂေါ်ဒန်ကျောက်သယ်ယာဉ်များအား စိစစ်ဖြတ်သန်းခွင့်ပြုရန်ကိစ္စနှင့်ပတ်သက်၍ ဘားအံ-လှိုင်းဘွဲဂိတ်နှင့် သံလွင်တံတားဂိတ်များအား ဖြတ်သန်းမောင်းနှင်သွားသည့် ဂေါ်ဒန်ကျောက်သယ်ယာဉ်များကို ယာဉ်နောက်ပိတ်များ တပ်ဆင်စေရန်နှင့် ယာဉ်နောက်ပိတ်များမတပ်ဆင်ပါက ဖြတ်သန်းခွင့်မပြုရန်၊ ကားကိုယ်ထည်အထက်ကျော်၍ သယ်ဆောင်ခွင့်မပြုရန်၊ တာပေါ်လင်အုပ်၍သွားလာစေရန်၊ ကတ္တားများဖြင့် သေချာစွာစစ်ဆေးချိန်ရန်၊ တန်ပိုကြေးများအား အပြည့်အဝကောက်ခံပေးသွင်းရန် စည်းကမ်း ငါးချက်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဘားအံခရိုင်အင်ဂျင်နီယာမှူး ဦးစိုးဝင်းက ဖေဖော်ဝါရီလအတွင်း ထုတ်ပြန်ထားရှိကြောင်း သိရသည်။

ထွန်းထွန်းထွေး(ဘားအံ)

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ ။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေတွင် ပါရှိသော -
(က) "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။
(ခ) "ဝင်ငွေရလမ်း မဖော်ပြနိုင်သည့် ဝင်ငွေ" ဆိုသည့် စကားရပ်အစား "စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၃ တွင် -
(က) ပုဒ်မခွဲ (ထ) နှင့် (ဓ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ထ) အခြေပစ္စည်းဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏ အခန်းများ၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်း ပါဝင်သည်။
(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူး ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများကို ဆိုသည်။"
(ခ) ပုဒ်မခွဲ (န)၏ နောက်တွင် ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"(ပ) ငွေချေးသက်သေခံလက်မှတ် ဆိုသည်မှာ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ငွေချေး သက်သေခံလက်မှတ်ကို ဆိုသည်။
(ဖ) စည်းကြပ်မှုဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကို တွက်ချက်စည်းကြပ်ခြင်းအပြင် အခွန်ထမ်းကိုယ်တိုင်မှ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ မိမိပေးဆောင်ရမည့် အခွန်ကို ပေးသွင်း၍ စည်းကြပ်မှုခံယူခြင်း၊ ယာယီစည်းကြပ်မှု ခံယူခြင်းနှင့် ဝင်ငွေနှစ်အတွင်း စည်းကြပ်မှု ခံယူခြင်းတို့လည်း ပါဝင်သည်။
(ဗ) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာဥပဒေကို ဆိုသည်။"

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၄။ (က) မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည် -

ဝင်ငွေခွန် ကျသင့်စေခြင်း

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေ၊
(၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊
(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။
(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်း ပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်စေရမည်။"

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၅။ (က) ဤဥပဒေသည် အောက်ပါဝင်ငွေ အမျိုးအစားတို့နှင့် မသက်ဆိုင်စေရ -

ကင်းလွတ်ခွင့်များ

(၁) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စများအတွက် သက်သက်အသုံးပြုသော ဝင်ငွေ၊
(၂) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ အခွန်အခ ရရှိငွေ၊
(၃) ပင်စင်မှ ပြောင်းလဲ၍ရရှိသော ငွေ၊ လစာဝင်ငွေခေါင်းစဉ်တွင် ပါဝင်သည့် ကရုဏာကြေး၊
(၄) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့် လျော်ကြေး၊
(၅) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ ရရှိငွေ၊
(၆) အဖန်တလဲလဲ မဟုတ်ဘဲ တစ်ခါတစ်ရံ ရရှိသည့် ဝင်ငွေ၊ သို့သော် အောက်ပါတို့မပါဝင်စေရ -
(ကက) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊
(ခခ) လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့် ဝင်ငွေ၊
(၇) ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့် အမြတ်ဝေစု။
(ခ) (၁) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် ဝင်ငွေရရှိသူ တစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူ တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ အခွန်နှင့် စပ်လျဉ်းသည့် အခြားခံစားခွင့် ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။
(၂) ပြည်ထောင်စုအစိုးရသည် အောက်ပါဝင်ငွေ အမျိုးအစားများနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း သို့မဟုတ် အခွန်နှင့် စပ်လျဉ်းသည့် အခြားခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည် -
(ကက) ပြည်တွင်းပြည်ပ အလုပ်ရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ အတွက် လှူဒါန်းခြင်းမှ ရရှိသည့်ဝင်ငွေ၊
(ခခ) နိုင်ငံတော်အတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ပေးအပ်သည့်အထောက်အပံ့များ၊
(ဂဂ) နိုင်ငံတော်မှ ရယူသည့် သက်သာသော ချေးငွေ သို့မဟုတ် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ ချေးငွေတို့အတွက် ပေးချေရသည့်အတိုး၊
(ဃဃ) သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့ လှူဒါန်းသည့်ပစ္စည်း သို့မဟုတ် အလှူငွေ။
(ဂ) အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လုပ်ငန်းစတင်သောနှစ် အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအထိ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် သတ်မှတ်ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏအထိ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုရမည်။
(ဃ) တည်ဆဲ အခြားဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။"

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင် -
(က) ပုဒ်မခွဲ(က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ)နှင့် (ဃ) တို့ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မ ၆ ၏ နောက်တွင် ပုဒ်မ ၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"၆-က။ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော် အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေ တစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။ ယင်းသို့ လှူဒါန်းထည့်ဝင်ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့်ညီမျှသော ငွေထက် မပိုစေရ။

လှူဒါန်းငွေများ

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။"

၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ တွင် -
(က) ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ခ) လစာမှ ဝင်ငွေ၊ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေ၊ ပစ္စည်းမှ ဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှ ဝင်ငွေနှင့် အခြားရလမ်းမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေ အပေါ်တွင် အခွန်စည်းကြပ်ရမည်။ ကျန်ခေါင်းစဉ်များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ်တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကိုသီးခြားစီ စည်းကြပ်ရမည်။"
(ခ) ပုဒ်မခွဲ(ဂ)ကို ပယ်ဖျက်ရမည်။

၈။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၁ ၏ ရှင်းလင်းချက်ကို အောက်ပါအတိုင်း အစားထိုးရမည်-
"ရှင်းလင်းချက်။ စီးပွားရေးလုပ်ငန်းဆိုသည်တွင် -
(က) မည်သည့် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းများမဆို ပါဝင်သည်။
(ခ) ထို့ပြင် ငွေချေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေး လုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့ပါဝင်သည်။"

၉။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၁၄။ မည်သူမဆို မိမိမည်ကဲ့သို့ရရှိခဲ့သည်ကို အတိအကျမဖြေရှင်းနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ်အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ ခေါင်းစဉ်ဖြင့် ယင်းပစ္စည်းတန်ဖိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။

စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ

ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။"

၁၀။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၄-ခ တွင် ပါရှိသော "ဇနီးနှင့် အိမ်ထောင်မကျသေးသည့် သားသမီး" ဆိုသည့် စကားရပ်အစား "အိမ်ထောင်ဖက်နှင့် အိမ်ထောင်မကျသေးသည့် သားသမီး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၁၆။ (က) လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေမှ ကျသင့်သောအခွန်ကို နုတ်ယူရမည်။ ထိုသို့နုတ်ယူရာတွင် သက်ဆိုင်သူ၏ နှစ်တစ်နှစ်အတွင်း အဆိုပါ ခေါင်းစဉ်မှ ဝင်ငွေအရပ်ရပ်ပေါင်းအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်၍ အတတ်နိုင်ဆုံးအညီအမျှ အရစ်များဖြင့် နုတ်ယူပြီး ပေးသွင်းရမည်။

ဝင်ငွေရရှိသည့် အချိန်၌ အခွန်ကို ထုတ်ပေးငွေမှ နုတ်ယူပေးသွင်းရန် နည်းလမ်းများ

သို့ရာတွင် ဝင်ငွေရရှိသည့် နှစ်အတွင်း အခွန်ကို ပိုမိုနုတ်မိလျှင် သော်လည်းကောင်း၊ လျော့နည်းနုတ်မိလျှင်သော်လည်းကောင်း ကျန်အရစ် သို့မဟုတ် အရစ်များကိုလျော့၍ ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူနိုင်သည်။
(ခ) လစာခေါင်းစဉ်ဖြင့် ရရှိသော ဝင်ငွေမှအပ ကျန်ခေါင်းစဉ်များဖြင့် ရရှိသော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေရန် ကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။
(ဂ) ပုဒ်မခွဲ (က) နှင့် (ခ)အရ နုတ်ယူသော ငွေအားလုံးကို နုတ်ယူသူသည် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော အချိန်နှင့် နည်းလမ်းများအတိုင်း ပြည်ထောင်စုအစိုးရသို့ ပေးသွင်းရမည်ဖြစ်ပြီး ဤကိစ္စနှင့် စပ်လျဉ်းသော သတ်မှတ်ချက်အားလုံးကိုလည်း လိုက်နာရမည်။
(ဃ) မည်သူမဆို လုံလောက်သောအကြောင်းမရှိဘဲ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ အခွန်ကို နုတ်ယူပေးသွင်းခြင်း မပြုလျှင် ထိုအခွန်နှင့် စပ်လျဉ်း၍ ပေးဆောင်ရန် ပျက်ကွက်သူအဖြစ် မှတ်ယူအရေးယူခြင်းခံရမည်။ ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင်ရမည့် ဒဏ်ငွေကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။
ရှင်းလင်းချက်။ ဤပုဒ်မအရ ငွေထုတ်ပေးရန် တာဝန်ရှိသူဆိုသည်မှာ တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်းဖြစ်လျှင် ပိုင်ရှင်ကိုယ်တိုင်ဖြစ်ပြီး ပုဂ္ဂိုလ်စုပိုင်လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်စုသာဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းဖြစ်လျှင် သက်ဆိုင်ရာ ငွေထုတ်ပေးရန် တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်းဖြစ်သည်။"

၁၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ၏ နောက်တွင် ၁၆-က နှင့် ၁၆-ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -
"၁၆-က။ (က) ပုဒ်မ ၁၆ ပါ ဝင်ငွေရရှိသည့်အချိန်၌ အခွန်နုတ်ယူပေးဆောင်ရမည့် ဝင်ငွေအမျိုးအစားများမှအပ ကျန်ဝင်ငွေခေါင်းစဉ်ပါ ဝင်ငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ အခွန်ထမ်းသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ် ကျသင့်မည့် အခွန်ကို ကြိုတင်၍ ပေးဆောင်ရမည်။

ဝင်ငွေနှစ်အတွင်း အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများ

(ခ) ပုဒ်မခွဲ (က)ပါ ကျသင့်မည့်အခွန်ကို သုံးလတစ်ကြိမ် အရစ်ဖြင့် သက်ဆိုင်ရာ သုံးလမကုန်မီ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပေးသွင်းရမည်။
(ဂ) ဤပုဒ်မအရ ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့် အခွန်ထက် လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။
၁၆-ခ။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေရရှိသည့် အချိန်၌ အခွန်ပေးဆောင်စေခြင်း သို့မဟုတ် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ပေးဆောင်စေခြင်းတို့အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-
"(ခ) ဝင်ငွေနှစ်အတွင်း သို့မဟုတ် ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန် ပေးဆောင်ထားသူအား ဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူအား ဖြစ်စေ၊ ဝင်ငွေကြေညာလွှာပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီး သုံးနှစ်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားစာ အတည်ပြုချအပ်ထားပြီးသူအားဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို သက်သေခံအထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါဝင်သော ပစ္စည်းစာရင်းပုံစံကိုပြသရန် အကြောင်းကြားနိုင်သည်။ ခေါ်ယူ စစ်ဆေးခြင်း၊ စည်းကြပ်ခြင်းပြုလုပ်နိုင်သည်။ ဤပုဒ်မခွဲပါ ပစ္စည်းစာရင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝင်ငွေခွန်စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်။"

၁၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ဃ) မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)အရဖြစ်စေ၊ ပုဒ်မခွဲ(ခ) အရ ဖြစ်စေ ဝင်ငွေကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ဤပုဒ်မ၏ ပုဒ်မခွဲ(ခ) အရ အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရနိုင်သရွေ့အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။ ယင်းသို့စည်းကြပ်ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂၉ တွင် ပါရှိသော "ပြည်ထောင်စုအစိုးရ" ဆိုသည့် စကားရပ်အစား "ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၄၃။ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးသည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသောအဖွဲ့နှင့် လွှဲအပ်တာဝန် ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့် အဖွဲ့များသည် လည်းကောင်း ဤဥပဒေပါ လုပ်ပိုင်ခွင့်များကို တရားမကျင့်ထုံး ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဆောင်းပါး

ဂုဏ်ယူအားထားမြန်မာ့ရိုးရာ သောက်ရေအိုးများ

azxBefaZmfa&p(ud)

ရာသီဥတု ပူပြင်းသောကာလတွင် သောက်ရေအေးအေးကို လူအများ လိုလားနှစ်သက်ကြမည်ဖြစ်သည်။ သို့အတွက် ရာသီဥတုပူပြင်း၍ဖြစ်စေ၊ မောပန်း၍ဖြစ်စေ၊ ထိုအချိန်တွင် သောက်သုံးရန် သဘာဝရေကို ရေခဲသေတ္တာထဲတွင် အအေးခံ၍လည်းကောင်း၊ ဝါတာကိုလာကို အသုံးပြု၍လည်းကောင်း၊ ရေခဲထည့်၍လည်းကောင်း ပြုပြင်၍သောက်သုံးလေ့ရှိကြသော်လည်း မြန်မာလူမျိုးအများစုမှာ မြန်မာ့ရိုးရာ လက်မှုပညာဖြင့် သဘာဝမြေကို အိုးလုပ်၍ ထိုအိုးတွင် ရေထည့်ကာ သဘာဝအတိုင်း အေးသည့် ရေကို သောက်သုံးလေ့ရှိကြသည်။

မြန်မာနိုင်ငံ တစ်နံတစ်လျား ဒေသအနှံ့အပြားတွင် မြေဖြင့်ပြုလုပ်သော သောက်ရေအိုးအမျိုးမျိုးကို ဒေသအလိုက် ပုံသဏ္ဌာန် အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ပြုလုပ်သုံးစွဲကြလျက်ရှိပါသည်။ ထိုအထဲတွင် ရေစကြိုမြို့နယ်လည်း ပါဝင်ပါသည်။

ရေစကြိုမြို့နယ်တွင် ရှေးအစဉ်အဆက်ကတည်းက ယနေ့အထိ မြန်မာ့ရိုးရာ ရေအိုးအမျိုးမျိုးကို သက်ရှာ၊ မြောက်ပြင်၊ ကြက်ဆူကျင်း၊ ဆပ်သွား၊ သဲပုံစသည့် ကျေးရွာအတော်များများတွင် ပြုလုပ်ကြသည်များအနက် သဲပုံရွာမှပြုလုပ်သော သောက်ရေအိုးများသည် နွေအပူနှင့်လိုက်ဖက်စွာ တမူထူးခြားကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ထူးခြားရသည့် အကြောင်းမှာ အိုးရောင်းသူတစ်ဦး၏ ပြောပြချက်အရ "အဓိကကတော့ မြေသဘာဝ အခြေခံကွဲပြားခြားနားမှုကြောင့် အိုးရဲ့ ထူးခြားမှု ကွာဟသွားတဲ့ သဘောပါပဲ။ ပခန်းကြီးနယ်မှ သက်ရှာ၊ မြောက်ပြင်ဒေသထွက် အိုးများက နုံးမြေနဲ့ ပြုလုပ်တဲ့အတွက် မြေကစေးပြီး သိပ်သည်းမှုများတဲ့အတွက် အိုးသားမာတယ်။ ရေစိမ့်အားနည်းတယ်၊ ရေအေးမှုနှေးတယ်၊ ရေအထားခံတယ်၊ သဲပုံရွာကထွက် အိုးတွေလုပ်တဲ့မြေက သဲဆန်တဲ့မြေ ဖြစ်တဲ့အတွက် ပေါ့ပါးပြီး ရေစိမ့်အားများတဲ့အတွက် ချက်ချင်းဆိုသလို အေးတယ်။ ယခုလို နွေပူပူကာလမှာ အနယ်နယ်အရပ်ရပ်က အိုးတွေနဲ့ သဲပုံအိုးတွေကို ယှဉ်တွဲရောင်းတဲ့အခါ သဲပုံအိုးကို လူတွေပိုပြီး အသုံးပြု ဝယ်ယူကြပါတယ်။ သဲပုံအိုးထဲမှာ ရေထည့်ထားရင် အိုးအပြင်ဘက်မှာ စို့ရွှဲနေပြီးတော့ အိုးဖင်ကနေ ရေပေါက်တွေ ပေါက်. . ပေါက်နဲ့ ကျသည့်အထိ ရေစိမ့်အားကောင်းပြီး သောက်ရေအိုးကိုမြင်ရရင် မသောက်ဘဲမနေနိုင်လောက်အောင် စွဲဆောင်မှုရှိတယ်။ ရောင်းဈေးကတော့ အလတ်တစ်လုံး ကျပ် ၉၀၀၊ အကြီး(ဖျင်းအိုး)တစ်လုံး ကျပ် ၁၈၀၀ ရောင်းပါတယ်ဟု နွေအပူနှင့်လိုက်ဖက်စွာ တမူထူးခြားသည့် ရေစကြိုမြို့နယ် သဲပုံရွာမှလုပ်သော သဲပုံ သောက်ရေအိုး၏ ထူးခြားမှုအကြောင်းကို ဗဟုသုတဖြစ်ဖွယ် မှတ်သားခဲ့ရပါသည်။

ဤသို့အားဖြင့် သောက်ရေအိုးတွင်ရေထည့်၍ သဘာဝအတိုင်း အေးသည့်ရေကို သောက်သုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြု၊ မြန်မာ့ရိုးရာ လက်မှုပညာကိုလည်း မပျောက်ပျက်အောင် အားပေးမြှင့်တင်ရာလည်း ရောက်သည့်အတွက် မည်မျှပင် ခေတ်မီ၍ တိုးတက်နေစေကာမူ မြန်မာတို့၏ ဂုဏ်ယူစရာကောင်းသည့် ယဉ်ကျေးမှုဖြစ်သော ဂုဏ်ယူဖွယ်ရာလက်မှုပညာဖြစ်သည့် မြေဖြင့် ပြုလုပ်ထားသည့် သောက်ရေအိုးများက ပျောက်ပျက်၍မသွားဘဲ ယနေ့တိုင် အများစု အသုံးပြုနေကြစဲပင်ဖြစ်သည်။

သတင်းတိုများ

နိုင်ငံတကာသစ်တောများနေ့ အခမ်းအနားကျင်းပ

၂၀၁၄ ခုနှစ် မတ်လတွင်ကျရောက်သော နိုင်ငံတကာ သစ်တောများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်၊ သစ်စေ့ပျိုးပွဲတော်ကို ကြာအင်းဆိပ်ကြီးမြို့နယ် သစ်တောဦးစီးဌာန ယာယီ ပျိုးဥယျာဉ်တွင် ကျင်းပသည်။ သစ်ပင်၊ သစ်စေ့ပျိုးပွဲတော်တွင် ကျွန်း၊ မဲဇလီ၊ အောက်ရေရှား၊ ယူကလစ်၊ မဟော်ကနီမျိုးစေ့များအား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စိုးထက်အောင်(ပြန်/ဆက်)

ဆိုင်ကယ်ချင်းတိုက်မိ တစ်ဦးသေဆုံး

လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ်လမ်းအတိုင်း မတ် ၂၁ ရက်က လှိုင်သာယာမြို့နယ်နေသူ အသက် ၂၈ နှစ်ရှိ ဖြိုးမင်းထိုက် မောင်းနှင်လာသောအနက်ရောင်ဆိုင်ကယ်နှင့်မျက်နှာချင်းဆိုင်မှလှိုင်သာယာ မြို့နယ်နေ အသက် ၃၀နှစ်ရှိဝင်းထွန်းအောင် မောင်းနှင်လာသောအနက်ရောင်ဆိုင်ကယ်တို့သည် မီးခွက်ဈေးအောက်ထိပ် ကားမှတ်တိုင်အနီး တိုက်မိခဲ့သဖြင့်ဖြိုးမင်းထိုက် သေဆုံးသွားခဲ့ရာ သက်ဆိုင်ရာ ရဲစခန်းကအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ ၁၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၀၉ သိန်းကျော်ဖြင့် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ၊ မတ် ၂၅

ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအတွက် ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၂၀၉ သိန်းကျော်ဖြင့် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းကြီးမြို့နယ် သံပုရာ-တောင်ပေါက်ကျေးရွာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ကတ္တရာလမ်းသစ်ခင်းကျင်းခဲ့ရာ ယင်းလမ်းသစ်ဖွင့်ပွဲကို မတ် ၁၂ ရက် နံနက် ၉နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ လမ်းအား မွေးမြူရေး/ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် အရှည် ၁၆ မိုင် ၃ ဖာလုံ၊ ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာနှစ်တွင် ကျောက်လမ်း ၁၁ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်ရေပြွန် လေးစင်း ငွေကျပ် ၅၆ ဒသမ ၉၉ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း ၁ မိုင်၊ ကျောက်ချောတစ်မိုင် ၄ ဖာလုံ၊ တံတားတစ်စင်း ငွေကျပ် ၁၅၂ ဒသမ ၂၇ သန်းဖြင့် ဆောင်ရွက်ထားပြီး သံပုရာ၊ သံပုရာကမ်းနား၊ သံပုရာကုန်း၊ နန်းဖာဖော့၊ ဝင်းကရွာသစ်၊ ထီးပေါကလို၊ သရက်ကုန်း၊ ကတွန်စု၊ အင်းခွ၊ တောင်ပေါက် ကျေးရွာများကို ဆက်သွယ်ဖောက်လုပ်ထားသဖြင့် မုဒုံမြို့နယ်-ကြာအင်းဆိပ်ကြီးမြို့နယ်၊ တံခွန်တိုင်း-တောင်ဒီး-ဖာပြ-အနန်းကွင်းလမ်းမကြီးများနှင့် အလွယ်တကူဆက်သွယ်သွားလာနိုင်သော ကျေးလက်ပြည်သူများအတွက်များစွာ အထောက်အကူပြုသော လမ်းဖြစ်ကြောင်းသိရသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးနေဦးမှ လမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ၊ ကြာအင်းဆိပ်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မွန်ပြည်သစ်ပါတီအတွင်းရေးမှူး ဦးနိုင်အောင်မငေး၊ ကော့ကရိတ် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး၊ ဦးစိုးနိုင်ဝင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကြည်လွင်တို့က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

DÖZO
FASHION DESIGN TECHNICAL SCHOOL

အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်လို

ဖျာပုံ၊ မတ် ၂၅

မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်(UNCEDAW) ကို ၁၉၉၇ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံအနေနှင့်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် အမျိုးသား၊ အမျိုးသမီး တန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရန်လိုအပ်နေကြောင်း မတ် ၂၃ ရက်က ကျင်းပခဲ့သည့် ဖျာပုံခရိုင် ဖျာပုံမြို့တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန CEDAW နှင့် GENDER အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းက ပြောကြားသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာ သဘောတရားများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အစိုးရဌာနများ၊ INGO များ၊ NGO များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ သိရှိစေနိုင်ရန် ယခုပြုလုပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲက ရရှိလာသည့် အသိပညာများကို ပြန်လည် ဖြန့်ဝေနိုင်စေရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြား ဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (UNCEDAW)ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး အဆိုပါ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်တစ်ရပ်အနေဖြင့် ၂၀၁၀ ပြည့်နှစ်မှစတင်၍ မြန်မာနိုင်ငံအတွင်း GENDER နှင့် CEDAW ဆိုင်ရာ အသိပညာများ ပြန့်ပွားစေရေး ဆောင်ရွက်ရန် လိုအပ်နေပါသဖြင့် ၂၀၁၀ ပြည့်နှစ်မှစတင်၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် GENDER နှင့် CEDAW အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါဆောင်ရွက်ရန် လုပ်ငန်းစဉ်များကို ယခုအခါ ဖျာပုံခရိုင်နှင့် မအူပင်ခရိုင်အဆင့် အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ခရိုင်အုပ်ချုပ်ရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)ဒုတိယညွှန်ကြားရေးမှူး၊ လူမှုရေးအဖွဲ့အစည်းများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **ချမ်းသာ**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တစ်ညအတွင်း စည်းကမ်းမဲ့ယာဉ် ၂၀၈ စီး ဖမ်းဆီးနိုင်ခဲ့

မန္တလေး၊ မတ် ၂၅

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် စည်းကမ်းမဲ့ယာဉ်များကို မတ် ၂၃ ရက် တစ်ညအတွင်း ပူးပေါင်းအဖွဲ့များနှင့် ဖမ်းဆီးခဲ့ရာ ကားနှင့် ဆိုင်ကယ် အစီးရေ ၂၀၈ စီး ဖမ်းဆီးမိကြောင်း အမှတ်(၁၁) ယာဉ်ထိန်း၊ ဒုတိယ ရဲတပ်ဖွဲ့ခွဲ(မန္တလေး)မှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

"ညပိုင်းမှာ ဆိုင်ကယ်စီးတဲ့သူတွေက ဦးထုပ်မဆောင်းကြဘူး။ ရှေ့မီး၊ နောက်မီး မထွန်းတာ၊ တချို့က ပျက်နေတာမျိုးတွေပေါ့။ ညမှာ ယာဉ်ကြောရှင်းတယ်ဆိုပြီး အရှိန်နဲ့ မောင်းကြတော့ ယာဉ်တိုက်မှုပဲဖြစ်ဖြစ်၊ စလစ်ဖြစ်တာပဲဖြစ်ဖြစ် ဦးထုပ်မပါရင် ပြင်းထန်တဲ့ ဒဏ်ရာနဲ့ သေဆုံးတဲ့အထိ ဖြစ်သွားမယ်။ ယာဉ်မောင်းတယ်ဆိုတာ မိမိကြောင့် တပါးသူမထိခိုက်အောင် စည်းကမ်းအတိုင်း မောင်းကြဖို့ ပြောလိုတယ်" ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့အရာရှိတစ်ဦးက ပြောသည်။

ပူးပေါင်းအဖွဲ့ သုံးဖွဲ့သည် ညစဉ် ၇ နာရီမှစတင်၍ ည ၁ နာရီအချိန်ထိ ရှောင်တခင် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း၊သတင်းစာ၊ FM ရေဒီယိုလိုင်းများမှ ၎င်းအစီအစဉ်ကို အများပြည်သူသို့ ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း၊ နှစ်စဉ်၊ လစဉ် ပညာပေးဟောပြောပွဲများ၊လက်ကမ်းစာစောင်များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းများကမ်း လိုက်နာကြရေးအတွက် ပြုလုပ်ပေးနေသော်လည်း စည်းကမ်းလိုက်နာမှု အားနည်းနေစဲဖြစ်ကြောင်း သိရသည်။

"မန္တလေးမှာ အများအားဖြင့် လူငယ်တွေက ဆိုင်ကယ်စီးဦးထုပ် မဆောင်းချင်တဲ့ ပြဿနာပဲ။လိုင်စင်ရှိတယ်၊ ဦးထုပ်မဆောင်းလို့ အရေးယူခံရတော့ အချိန်ကုန်၊ ငွေကုန်တာပေါ့။ သတ်မှတ်တဲ့ အမြင့်ဆုံးဒဏ်ကြေး ကျပ်သုံးသိန်းနဲ့သာ အရေးယူမယ်ဆိုရင်တော့ ဆိုင်ကယ် တစ်စီးတောင်ဝယ်နိုင်တယ်။ လက်ရှိမှာ ကျပ်တစ်သောင်းပဲ ဒဏ်ငွေရှိတယ်။ ဦးခေါင်းနေမပူအောင် ဦးထုပ်ဆောင်း နေကြရတာ အတူတူ ဘေးကင်းအောင်၊ အရေးယူမခံရအောင် လိုက်နာသင့်တယ်" ဟု မြို့ခံ ကျောင်းဆရာတစ်ဦးက ပြောသည်။

စတင် အရေးယူသည့် ညပိုင်း တစ်ရက်တည်းတွင် စည်းကမ်းပျက်ဆိုင်ကယ် ၂၀၆ စီး၊ မော်တော်ကား နှစ်စီးတို့ကို အရေးယူခဲ့၍ ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းမပါရှိသော မော်တော်ကား နှစ်စီးကို က-ည-န တွင်ယာဉ်မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးနေကြောင်း၊ အရေးယူခံရသည့် ဆိုင်ကယ်စီးသူများမှာ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်းက အများဆုံးဖြစ်ကြောင်း၊ လာမည့်ရက်များတွင်လည်း အလားတူ ညပိုင်း အထူးစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင် (မန်း)

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် စည်းကမ်းမဲ့ယာဉ်များအား စစ်ဆေးနေစဉ်။

ဒါးကျွန်းကျေးရွာ အလယ်တန်းကျောင်းကို မြစ်ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် ဆွေးနွေး

မြင်းခြံ၊ မတ် ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဒါးကျွန်းကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှုသည် ယင်းကျေးရွာ အလယ်တန်းကျောင်းနှင့် နီးကပ်လာ၍ ကျောင်းဆောင် ရွှေ့ပြောင်း တည်ဆောက်ရေးအခြေအနေများနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့က မတ် ၂၂ ရက်တွင် ဆွေးနွေးခဲ့သည်။

ဒါးကျွန်းကျေးရွာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သောင်းသည် မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်၊ ဦးသန်းဌေးအောင်၊ ဦးကျော်ဆန်းတို့နှင့်အတူ ဒါးကျွန်းကျေးရွာ၏ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှုကို ကြည့်ရှု၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ကျေးရွာများမှ လိုအပ်သည်များတင်ပြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းမှ ပြန်လည်ရှင်းလင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲသို့မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင် ၊ မြင်းခြံမြို့လွှတ်တော်ကိုယ်စားလှယ်များ ရုံးတာဝန်ခံ ဦးတင်အောင်ညွန့်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာအကြီးအကဲများ ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ကြောင်းသိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

သတင်းတို

ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုလှူဒါန်း

မိတ္ထီလာတွင်(သီလရှင်ဘက်စုံလှူဒါန်းရေးနှင့် လူမှုကူညီရေးအသင်း) ဝိသာခါအဖွဲ့၏ (၁၁) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်လှူဖွယ်ဝတ္ထုလှူဒါန်းပွဲကို မတ် ၂၃ ရက်က မြို့မရပ်ကွက် သာသနာ့ ဗိမာန်တွင် ကျင်းပခဲ့သည်။ ယင်းလှူဒါန်းပွဲတွင် မိတ္ထီလာမြို့တွင်း ပရိယတ္တိစာသင်တိုက်များနှင့် သီလရှင်ကျောင်းများတွင် သီတင်းသုံးနေ ထိုင်သည့် သီလရှင်အပါး ၃၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများကို အဖွဲ့ဝင်အမျိုးသမီးများက လောင်းလှူကြသည်။ **ချမ်းသာ(မိတ္ထီလာ)**

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ (၁၃၈)နှစ်မြောက် မွေးနေ့ဂုဏ်ပြုပွဲ မုံရွာမြို့သာစံကျောင်း၌ ကျင်းပ

မုံရွာ၊ မတ် ၂၅

နယ်ချဲ့စနစ် စိုးမိုးဖိနှိပ်သည့်ခေတ်တွင် အဆိုပါစနစ်ဆိုးကြီးကို ဘဝတစ်လျှောက်လုံး ပြည်သူတို့နှင့် လက်တွဲ၍ နည်းအမျိုးမျိုးဖြင့် တော်လှန်တိုက်ခိုက်ခဲ့သူ စာပေယဉ်ကျေးမှုအရေး၊ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးတို့၏ ဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ (၁၃၈)နှစ်မြောက် မွေးနေ့ဂုဏ်ပွဲကို မုံရွာမြို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်မှ ဦးစီး၍ မတ် ၂၃ ရက် နံနက် ၇ နာရီက မုံရွာမြို့ ဘုရားကြီးရပ်ကွက် သာစံကျောင်းတိုက် ဘောဇနသုခကာရီ ဆွမ်းစားကျောင်းဆောင်တော်၌ ကျင်းပခဲ့ကြသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ (၁၃၈)နှစ်မြောက် မွေးနေ့ကုသိုလ်ထူးအဖြစ် သာစံကျောင်းတိုက်မှ သံဃာတော်များအား နံနက် ၅ နာရီတွင် အရုဏ်ဆွမ်းကပ်လှူခဲ့ပြီး နံနက် ၇ နာရီတွင် (၁၃၈)နှစ်မြောက်မွေးနေ့ကို ကျင်းပရာ(၁၃၈)နှစ်မြောက် မွေးနေ့စာတမ်းကို ဆရာကြီးဦးသာအောင်(ပါရမီ)က ဖတ်ကြားသည်။ ထို့နောက် ငြိမ်းချမ်းရေးကဗျာဆရာကြီး ဦးအံ့မောင်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း ဖြတ်သန်းခဲ့ရသော ငြိမ်းချမ်းရေးဖြစ်စဉ်များကိုလည်းကောင်း၊ ချင်းတွင်းကျော်စွာလှိုင်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ယူနီဗာစတီ လေးချိုးကြီးကိုလည်းကောင်း၊ ဆရာကြီး ဦးဝင်းကြည်က ပြည်တွင်းငြိမ်းချမ်းရေး၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ် ချင်းလှအောင်က တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးအကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့ကြသည်။ ထို့နောက်ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးဂုဏ်ကျေးဇူးကို အောက်မေ့သောအားဖြင့် ဆရာနေထွန်း၊ ဆရာမောင်တိက္ခ (အားထုံး)၊ ဆရာမောင်ဆေးရိုး၊ ဆရာမင်းဆွေနှစ်၊ ဆရာကိုနေငယ် (မြန်မာစာ) တို့က ကဗျာများ ရွတ်ဖတ်ဂုဏ်ပြုကြသည်။

"ဆရာကြီးသခင်ကိုယ်တော်မှိုင်းက မြန်မာနိုင်ငံပြည်သူများ ဆင်းရဲဒုက္ခအောက်မှ လွတ်မြောက်ရေး၊ ဝဝလင်လင်စားသောက်နေထိုင်နိုင်ရေး၊ ကျန်းမာချမ်းသာရေးတို့အတွက် ပူပင်ကြောင့်ကြစိတ်နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပြီး ဆရာကြီးက မြန်မာနိုင်ငံရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြောင့်ကြကြီးစွာ ဇွဲမလျှော့တမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ကလည်း ဆရာကြီးအင်မတန်လိုလားတောင့်တတဲ့ ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဇွဲမလျှော့တမ်း ကြိုးပမ်းဆောင်ရွက်ကြပါမယ်" ဟု ဆရာကြီး ဦးအံ့မောင်က မွေးနေ့ပွဲတွင် ပြောကြားခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မင်းကင်းမြို့နယ် ကျေးလက်ဒေသများအတွက် ထင်းတစ်ချောင်းထိုး စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေပေး

မင်းကင်း၊ မတ် ၂၅

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆပ်ကော်မတီမှ ဦးစီးကျင်းပသော ထင်းတစ်ချောင်းထိုး စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်းအခမ်းအနားကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၊ အင်ပင်လှကျေးရွာအုပ်စု ဟားကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ရွှေက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းတစ်ချောင်းထိုးစွမ်းအားမြှင့်မီးဖို အသုံးပြုခြင်းအားဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများအကြောင်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမြင့်စိန်၊ မြို့နယ်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ ဦးဇော်မိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဟိန်းသူ၊ မြို့နယ်မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ ဦးငွေလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဇော်ဝင်းတို့က အသီးသီးအသိပညာပေးရှင်းလင်းဟောပြောကြသည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးအရာရှိက အိမ်ခြေ ၁၀၀ အတွက် တစ်အိမ်ထောင်စုလျှင် တစ်လုံးကျစီ အလုံးပေါင်း ၁၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အလားတူ မတ် ၁၈ ရက်က မင်းကင်းမြို့နယ်ချောင်းဝကျေးရွာ၌လည်း ယင်းကဲ့သို့ အိမ်ခြေ ၁၀၀ အတွက် တစ်အိမ်ထောင်စုလျှင် တစ်လုံးစီ အလုံးပေါင်း ၁၀၀ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

ချင်းတွင်းသား

သတင်းတိုများ

ဘတ်စ်ကားပြတင်းပေါက်ဖွင့်ရာမှ ဓားထိုးမှုဖြစ်ပွား

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူ သန်းအောင်သည် မတ် ၂၂ ရက်က ကြက်ဘဲဈေးမှတ်တိုင်မှ ပန်းဘဲတန်းမြို့နယ်သို့ ၁၀၅ ယာဉ်လိုင်းဖြင့် သွားရာက်စဉ် သမိန်ဗရမ်းလမ်းနှင့် ဓမ္မဒါနလမ်းထောင့်အရောက် အသက်ရှူကြပ်သဖြင့် ကားပြူတင်းပေါက်မှန်အား ဖွင့်ရာမှ ခုံချင်းကပ်လျက်စီးနင်းလိုက်ပါလာသူ အမျိုးသားတစ်ဦးနှင့် စကားများကာ အဆိုပါအမျိုးသားမှ အသွားလေးလက်မခန့်ရှိ ခေါက်ဓားဖြင့်ထိုးခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရပြီး ယင်းအမှုကို တာမွေမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

အမှိုက်စွန့်ပစ်မှုကို ဟန့်တားနှောင့်ယှက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေး ဌာနစုအစီအစဉ်ဖြင့် ဒုတိယဌာနမှူးခေါင်းဆောင်သော စည်ပင်ဝန်ထမ်းများသည် မတ် ၂၂ ရက်က လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်မြေအတွင်း အမှိုက်များ စွန့်ပစ်ရန်အတွက် မြေကျင်းတူးရန် မြေကြီးတူးစက် နှစ်စီး၊ မြေသယ်ယာဉ် ၁၀ စီးတို့ဖြင့် လုပ်ငန်းဆောင်ရွက်ရန်ရောက်ရှိစဉ် လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာနေ လူတစ်စုက ရွာသားများကို စည်းရုံးလှုံ့ဆော်ပြီး တုတ်များကိုယ်စီကိုင်ဆောင်ကာ လုပ်ငန်းခွင်ဆက်လက်လုပ်ကိုင်၍မရအောင် ဟန့်တားနှောင့်ယှက်သောကြောင့်သောင်ကြီး နယ်မြေရဲစခန်းက လူတစ်စုအား အမှုဖွင့် အရေးယူထားသည်။ **(၃၁)**

ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်း လျှပ်စစ်မီးရရှိရန်လိုအပ်

ဘားအံ၊ မတ် ၂၅

ကရင်နှစ်သစ်ကူးပွဲတော်၊ လွတ်လပ်ရေးနေ့နှင့် ပြည်ထောင်စုနေ့ပွဲတော်များ ကျင်းပရာနေရာဖြစ်သည့်အပြင် ညအချိန်ယာဉ်မောင်းလေ့ကျင့်လိုသူများ လာရောက်လေ့ကျင့်သည့်နေရာဖြစ်သည့် ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိကွင်းတွင် ညအချိန် လျှပ်စစ်မီးမရရှိဘဲ မှောင်မိုက်လျက်ရှိနေသည့်အတွက် မီးအလင်းရရှိရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ သီရိကွင်းတွင် လေ့ကျင့်နေသော အားကစားသမားများကိုတွေ့ရစဉ်။

ထိုကဲ့သို့ မှောင်မိုက်လျက်ရှိရာမှ အစပြု၍ ဒုစရိုက်သမားများနှင့် မူးယစ်ဆေးသုံးစွဲသူများ သီရိကွင်းအမှောင်ရိပ်ကို အသုံးချကာအဖျက်အမှောက်ဆောင်ရွက်မည့် အရေးကိုလည်း စိုးရိမ်နေရကြောင်း ဒေသခံပြည်သူများက ဆိုသည်။

အဆိုပါသီရိကွင်းကြီးတွင် နိုင်ငံတော်သမိုင်းဝင်ရက်များနှင့် ပြည်နယ်၏ သမိုင်းဝင်ရက်များတွင် ပျော်ပွဲရွှင်ပွဲများအပြင် စည်းလုံးညီညွတ်မှုနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပွဲများကိုလည်း ပူးတွဲလျက် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ထို့ပြင် ပွဲတော်နေ့ရက်များတွင် ဒေသခံပြည်သူများနှင့် ကျောင်းသားလူငယ်များအတွက် ညနေပိုင်းအချိန်များတွင် လေ့ကျင့်ရေးအားကစားကွင်းအဖြစ် အသုံးဝင်လျက်ရှိပြီး ကရင်ပြည်နယ် မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်သည့်နေရာဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဘားအံမြို့တော် သီရိကွင်းအား မြို့တော်၏အလှတရားနှင့် လုံခြုံရေးအရ သင့်တင့်သောမီးများဖြင့် အလှတန်ဆာဆင်စေလိုကြောင်း ဒေသခံများက လိုလားလျက်ရှိသည်။ **ထွန်းထွန်းထွေး**

အင်းတော်မြို့နယ်ရှိ နန့်စီးအောင် မီးရထားဘူတာရုံတစ်နေရာကိုတွေ့ရစဉ်။

မကွေးတွင် ယာဉ်တိုက်မှုကင်းဝေးရေး စီမံချက်ချထား

မကွေး၊ မတ် ၂၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ယခုအခါ ရွှေစက်တော်ဘုရားဖူးများ၊ မလွန်မြသပိတ်ဘုရားဖူးများ၊ ကျောင်းတော်ရာ ဘုရားဖူးများသည် မကွေးမြသလွန်ဘုရားသို့ ညအိပ်တည်းခို ယာဉ်ရပ်နားမှုများ၍ မကွေးမြို့တွင်း ယာဉ်များနှင့် ဘုရားဖူးခရီးသွားယာဉ်များ ရှုပ်ထွေးစည်ကားနေသဖြင့် ယာဉ်တိုက်မှုအန္တရာယ်စိုးရိမ်ဖွယ်ရာရှိလာ၍ ယာဉ်တိုက်မှုအန္တရာယ် ကင်းရှင်းစေရန် ထားရှိကာ စီမံချက်ချပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ အထူးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစာစောင်များကို ကားများ၊ မော်တော်ဆိုင်ကယ်မောင်းသူများကို ပေးဝေပြီး မကွေးမြို့ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ဦးတင်မျိုးအောင်ဦးစီးလျက် ဆိုင်ကယ်စီးသူများကို ဆိုင်ကယ်ဦးထုပ်များ အခမဲ့ ဝေငှခြင်းများ ဒုတိယအကြိမ် ပြုလုပ်ရန်နှင့် ဌာနဆိုင်ရာအသီးသီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးသင်တန်းများ ပို့ချလျက်ရှိပြီး အခြားအဖွဲ့အစည်းများမှ အကြံပြုချက်၊ ပြည်သူများ၏ အကြံပြုချက်များရယူကာ ဆောင်ရွက်နေကြောင်း ဒုတပ်ဖွဲ့ခွဲမှူးက ပြောကြားသည်။

"ကျွန်တော်တို့အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်းနည်း စနစ် ၅ မျိုးဖြစ်တဲ့ ပညာပေးနည်းစနစ်၊ အင်ဂျင်နီယာနည်းစနစ်၊ စစ်ဆေးအရေးယူ ဆောင်ရွက်ခြင်းနည်းစနစ်၊ အရေးပေါ် ဆောင်ရွက်ခြင်းနည်းစနစ်၊ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာများထိန်းသိမ်းခြင်း နည်းစနစ်တွေနဲ့ ဆောင်ရွက်ထားပါတယ်" ဟု ၎င်းကပြောသည်။

၂၀၁၄ ခုနှစ်တွင် စနစ်တကျဆောင်ရွက်ထားမှုများကြောင့် မကွေး မြသလွန်ဘုရားတွင် ညအိပ်တည်းခိုကြသော ယာဉ်မောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် မောင်းနှင်ပြီး မကွေးမြသလွန် ဘုရားဖူးရင်းတည်းခိုရသည်မှာ အဆင်ပြေကြောင်း သိရသည်။ **ကောင်းသုတ(မင်းဘူး)**

နန့်စီးအောင်မီးရထားဘူတာတွင် အမှတ် (၅၇/၅၈) မန္တလာရထား စတင်ရပ်မည်

အင်းတော်၊ မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နန့်စီးအောင်မီးရထားဘူတာတွင် အမှတ်(၅၇/၅၈) မန္တလာရထား မတ် ၂၅ ရက်မှ စတင်ရပ်တန့်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမှတ် (၅၇/၅၈) မန္တလာ မီးရထားသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ နန့်စီးအောင် မီးရထားဘူတာတွင် ရပ်တန့်ပေးရန် မတ် ၂၁ ရက်က ခွင့်ပြုမိန့်ရရှိပြီး မတ် ၂၅ ရက်၌ အမှတ် ၅၇ အဆန် မန္တလာ မီးရထားသည် မော်လူးဘူတာမှ နံနက် ၅ နာရီ ၄၄ မိနစ်တွင် ထွက်ခွာပြီး နန့်စီးအောင်ဘူတာသို့ နံနက် ၆ နာရီ ၄ မိနစ်တွင် ရောက်ရှိကာ စတင်ရပ်တန့်မည်ဖြစ်သည်။

အမှတ် ၅၈ အစုန် မန္တလာရထားသည် မော်ဟန်ဘူတာမှ ည ၉ နာရီ ၃၈ မိနစ်တွင် ထွက်လာပြီး နန့်စီးအောင်ဘူတာသို့ ည ၉ နာရီ ၅၆ မိနစ်တွင် ရောက်ရှိရပ်တန့်မည်ဖြစ်ကြောင်း၊ ဘူတာတွင် ရပ်တန့်ချိန်မှာ ၂ မိနစ်ဖြစ်ကြောင်းကို မော်လူးမီးရထားဘူတာမှ တာဝန်ခံရုံပိုင်ကြီးထံမှ သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

ဟသ်ာတမြို့တွင် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကျင်းပ

ဟသ်ာတ၊ မတ် ၂၅

ဟသ်ာတမြို့နယ်လုံးဆိုင်ရာ အဘိဓမ္မာအသင်းကြီးမှ ကြီးမှူးကျင်းပသောနွေရာသီ ကျောင်းသားကလေးသူငယ်အားလုံးတို့အတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုရကျောင်းသားကျောင်းသူများအား ဆုပေးပွဲအခမ်းအနားကို မတ် ၂၃ ရက်နံနက် ၈ နာရီက ဟသ်ာတမြို့ မြစ်ကွေ့ပရိယတ္တိစာသင်တိုက် ဇေယျာသီရိသုံးထပ်ကျောင်းဆောင်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြစ်ကွေ့ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက သက်တော်ရှည်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်၍ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားခဲ့ပြီး အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတာဝန်ခံ နည်းပြဆရာမကြီး ဒေါ်အေးအေးကြူက သင်တန်းဖွင့်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲသို့ မြို့နယ်ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဩဝါဒဆရာတော်ကြီးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုထူးချွန်ဆုရ အကြီးတန်း၊ အငယ်တန်းအဆင့်တို့တွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယခုနှစ် (ဒသမ)အကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို ကလေးသူငယ်ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀၀ တက်ရောက်အောင်မြင်ခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ၁၆ ရက် ကြာမြင့်ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

တိုက်နယ်ဆရာဝန်နှင့်အဖွဲ့မှ ကျန်းမာရေးအသိပညာပေးခြင်း၊ ဆေးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

ပေကုန်း၊ မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ မာန်ဟဲကျေးရွာအုပ်စုတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ပေကုန်းကျေးရွာ နှစ်ခြင်းခရစ်ယာန်အသင်းတော်ကျောင်းဝင်းအတွင်း မော်လူးတိုက်နယ်ဆရာဝန် ဦးဆောင်သော ကျန်းမာရေးကြီးကြပ် (၁-၂)၊ ကျန်းမာရေးဆရာမ၊ သားဖွားဆရာမ၊ သူနာပြုများနှင့် ဒေသခံအရန်သားဖွားဆရာမများ ပါဝင်သောအဖွဲ့သည် ကျန်းမာရေး အသိပညာပေးဟောပြောခြင်း ဆေးကုသမှုပြုလုပ်ပေးခြင်းများကို အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ဆေးကုသပေးခြင်းများဆောင်ရွက်ရာသို့ ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ လာရောက်ခဲ့ကြကြောင်း၊ တိုက်နယ်ဆရာဝန် ဒေါ်လာမာမီးမှ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ပြီး၊ အသက်ငါးနှစ်အောက်ကလေးငယ်များ၊ သက်ကြီးရွယ်အိုများကို စမ်းသပ်စစ်ဆေးပြီး လိုအပ်သည့်ဆေးထိုးပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် ဒေသခံပြည်သူ ၁၀၀ ခန့်ရှိကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

သတင်းတို

မော်တော်ကား လမ်းဘေးမြောင်းထဲထိုးကျ

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးမီးသတ်မျှော်စင်အနီးတွင် မတ် ၂၁ ရက်က မြစ်ကြီးနားဘက်မှ ရွှေဘိုဘက်သို့ မောင်းနှင်လာသော ဆယ်ဘီးကားသည် မျက်နှာချင်းဆိုင်မှမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရှောင်တိမ်းလိုက်ရာမှ လမ်းဘေးမြောင်းထဲသို့ ထိုးကျခဲ့ကြောင်း သိရသည်။ အဆိုပါကားအား လမ်းဌာနမှ ကလပ်ကားဖြင့် ကူညီဆွဲတင်ပေးခဲ့ကြောင်း သိရသည်။ **ခင်မောင်ဆွေ(မော်လူး)**

သောင်းဝေဦး
ကျွန်တော်တို့ KNU ဟာ
ချစ်လေတဲ့ချစ်လေ
Ph : 09 73249138,

ကျန်းမာရေးဆောင်းပါး

ဆေးဖက်ဝင် ရဲယိုပင်

zl;Gjcnfrau;G

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် မိရိုးဖလာတိုင်းရင်းဆေးအဖြစ် အသုံးပြုလေ့ရှိသော ရဲယိုပင်များကို အိမ်တိုင်းလိုလိုစိုက်ပျိုးလေ့ရှိပြီး၊ အချို့မှာ တိုင်းရင်းဆေးဖော်စပ်ရန် ဆေးဖက်ဝင် ဈေးကွက်ဝင်အပင်အဖြစ် တစ်ပိုင်တစ်နိုင်စီးပွားဖြစ်စိုက်ခင်းပျိုးထောင်ခြင်းများလည်းရှိကြောင်း သိရသည်။

ရဲယိုသည် ဆေးဖက်ဝင်အပင်အဖြစ်လူသိများပြီး စူးရှသောရနံ့ရှိကာ ရာသီမရွေး၊ အရပ်ဒေသမရွေး စိုက်ပျိုးနိုင်သည်။ ရဲယို၏ အသီး၊ အပွင့်၊ အရွက်၊ အခေါက်၊အမြစ် (ပဉ္စင်္ဂါးပါးစလုံး)သည် လွှင့်ပစ်ရက်စရာမရှိအောင် လူ့ကျန်းမာရေးကို အထောက်အကူပြု၍ အကျိုးကျေးဇူးများလှသည်။ ရဲယိုကို အိန္ဒိယတွင် 'အင်ဒီးယန်းမာလ်ဘာရီသီး' ဟုလည်းကောင်း၊ ဟာဝိုင်ယီကျွန်းတွင် နော်နီ (Noni) ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။ နော်နီ(ဝါ)ရဲယိုသည် ပြင်သစ်ပိုလီနီရှားကျွန်းစုများ၊ မာရှယ်ကျွန်းစုများနှင့် ပစိဖိတ်ကျွန်းစုများတွင် ပေါက်ရောက်သော ဒေသမျိုးရင်းအပင်တစ်မျိုးဖြစ်ကာ ယင်းဒေသခံများ၏တိုင်းရင်းဆေးအပင်ဟုသိရသည်။ နောက်ပိုင်းတွင် ဒေသခံပိုလီနီရှန်းလူမျိုးများ ရွှေ့ပြောင်းနေထိုင်ရာတစ်လျှောက် စိုက်ပျိုးခဲ့ကြပြီး ပစိဖိတ်ကျွန်းများသို့ ပျံ့နှံ့ခဲ့သည်။ ဩစတြေးလျတိုက်ကို စတင်တွေ့ရှိခဲ့သော သင်္ဘောကပ္ပတိန်ဂျိန်းစ်ကွတ်ဆိုသူက ၎င်းရောက်ရှိခဲ့သည့်နေရာဒေသများထဲမှ 'တီဟီတီ'ကျွန်းတွင် နော်နီ(Noni)သီးများကို ဆေးဖက်ဝင် အစားအစာအဖြစ်အသုံးပြုကြကြောင်း အစောဆုံးကာလ ၁၇၇၀ နှစ်ရေးသားသော မှတ်တမ်းများ၌ ဖော်ပြထားကြောင်းသိရသည်။ 'တီဟီတီ'သည် ပစိဖိတ်သမုဒ္ဒရာကျွန်းနိုင်ငံဖြစ်ပြီး ယနေ့ကမ္ဘာ့တိုင်းရင်း ဆေးဖက်ဝင်ပစ္စည်းထဲတွင် တီဟီတီနော်နီဖျော်ရည်မှာ ကမ္ဘာကျော်လှသည်။ နော်နီ(ဝါ) ရဲယိုသည် ပစိဖိတ်သမုဒ္ဒရာကျွန်းစုများမှစတင်၍ ဩစတြေးလျ၊ မလေးရှား၊ အရှေ့တောင်အာရှ ဒေသများနှင့် ကာရစ်ဘီလီယံဒေသ၊ အမေရိကန်ဒေသများအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားပျံ့နှံ့သွားခဲ့သည်။

ရုက္ခဗေဒအမည် မိုရင်ဒါစီထရိုဖိုးလီးယား (Morindo Citrofolia) ဖြစ်သည့် ရဲယိုပင်ကို မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် ချုံပင်၊ အပင်ပုတစ်မျိုး (အချို့ အပင်မြင့်အဖြစ်) မြင်တွေ့ရပြီး မိုးခေါင်ရေရှား အညာဒေသများတွင်လည်း ပေါက်ရောက်လေ့ရှိကြောင်းသိရသည်။

"ကျွန်မတို့အညာဒေသမှာတော့ ရဲယိုရွက်ကို ငါးပေါင်းထုပ်ပြီးစားတယ်။ အရွက်ကို ပြုတ်ပြီးသုပ်တယ်။ အတို့အမြုပ်အဖြစ်လည်း စားတယ်။ နောက်ပြီး အသား၊ ငါးတွေနဲ့ရောပြီး ချက်ပြုတ်ရင်လည်း ငွေကုန်သက်သာပြီး လျှာရင်းမြတ်စေတဲ့ ဟင်းတစ်ခွက်ဖြစ်သွားတာပဲ။ ရဲယိုက အိမ်တွင်းတိုင်းရင်းဆေး အဖြစ်လည်း အများကြီး အသုံးတည့်တယ်။ချောင်းဆိုးရင် ရဲယိုသီးမှည့်ကို ဆားနဲ့တို့စားရင်ပျောက်တယ်။ပျားရည်၊ ထန်းလျက်တို့နဲ့ တေပြီးစားရင်လည်း သွေးတိုးရောဂါ၊ နှလုံးရောဂါသမားတွေအတွက်အများကြီးကောင်းတယ်။ တချို့က ဖျော်ရည်လုပ်ပြီးလည်း ဓာတ်စာအဖြစ်သောက်ကြတယ်" ဟု မကွေးမြို့မှ အိမ်ရှင်မတစ်ဦးက ပြောပြသည်။

ရဲယို၏ အစွမ်းထက်ပုံကိုသိရှိကြသူများအနေဖြင့် စိုက်ခင်းများထူထောင်ကာ ခေတ်နှင့် လျော်ညီသော ဖျော်ရည်မှအစ ဆေးဝါးများကို ထုတ်လုပ်သုံးစွဲနေပြီဖြစ်သည်။မိမိ၏ အိမ်နောက်ဖေး၊ သို့မဟုတ် ခြံဝန်းမြေကွက်လပ်များတွင် သီးပင်စားပင် သဘာဝဆေးဖက်ဝင် ရဲယိုပင်ကို နေရာပေးစိုက်ပျိုးသင့်ပါကြောင်း ဒေသခံအိမ်ရှင်မတစ်ဦးက ပြောသည်။

ရဲယိုသည် ခန္ဓာကိုယ်အကျိုးပြုဓာတ်အမျိုးမျိုး အများအပြားပါဝင်ပြီး သွေးတိုး၊ ချောင်းဆိုး၊ လည်ချောင်းပွန်နာ၊ ပွေး၊ လိပ်ခေါင်း၊ အရိုးအဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အသည်း၊ သည်းခြေ၊ အစာအိမ်လမ်းကြောင်း ဆိုင်ရာ၊ စိတ်ကျရောဂါ၊ အရက်နှင့် မူးယစ်ဆေးစွဲလန်းသော ရောဂါများနှင့် ခန္ဓာကိုယ်အပြင်ဘက်ဆိုင်ရာ ရောဂါများ ကုသရာတွင် အထောက်အကူပေးနိုင်သည်။ဆေးပညာသတင်းများအရ ရဲယိုမှ ကင်ဆာနှင့် ခုခံအားကျဆင်းရောဂါ (HIV/AIDS)ရောဂါများ ကာကွယ်ကုသဆေးရရှိရန် စမ်းသပ်သုတေသနပြု ထုတ်လုပ်လျက်ရှိကြောင်းလည်း သိရသည်။

မိတ္ထီလာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသင်တန်း(၁/၂၀၁၄)ဖွင့်လှစ်၊ သတင်းပိုင်းဆိုင်ရာ သင်တန်းသူသင်တန်းသား စုစုပေါင်း ၃၁ ဦးတက်ရောက်

မိတ္ထီလာ၊ မတ် ၂၅

မိတ္ထီလာတွင် အများပြည်သူဝန်ဆောင်မှု မီဒီယာသင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အများပြည်သူ ဝန်ဆောင်မှု မီဒီယာသင်တန်း(၁/၂၀၁၄) သို့ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်၊ ရမည်းသင်းခရိုင်အတွင်းမှ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ် မြို့နယ်ဦးစီးမှူးများ၊ ဓာတ်ပုံကျွမ်းကျင်-၂များ၊ စာထောက်-၃၊ ရုပ်သံကျွမ်းကျင်-၃ စသည့် စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၁ ဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ပြည်သူ့ဆက်ဆံရေး၊ အများပြည်သူဝန်ဆောင်မှုမီဒီယာ၊ FTP/Web Portal သတင်းရေးသားပေးပို့နည်း၊ သတင်းဓာတ်ပုံရိုက်ကူးနည်း စသည်တို့ကို မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်သန်းထွန်း၊ မန္တလေးကိုယ်ပွား သတင်းစာတိုက်မှ တာဝန်ခံစာတည်းမှူး ဦးညွန့်ဇော်၊ ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေးနှင့် အထက်မြန်မာပြည် ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်တစ်ဦးတို့က မတ် ၂၄ မှ မတ် ၂၈ အထိ သင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသည် မိတ္ထီလာခရိုင်အတွင်း ပထမအမှတ်စဉ် သင်တန်းဖြစ်သည့် အများပြည်သူ ဝန်ဆောင်မှု မီဒီယာသင်တန်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ၊ သင်တန်းသားများ စိတ်ပါဝင်စားစွာ တက်ရောက်လျက်ရှိကြောင်းလည်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲ ပျဉ်းမနားတွင် ကျင်းပ

နေပြည်တော်၊ မတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူများအား အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ နံ့ရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ပျဉ်းမနားမြို့၊ အ-မ-က(၁)မူလွန်၊ မြို့မကျောင်း၌ မတ် ၂၂ ရက် နံနက် ၉ နာရီတွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် တပ်မတော်နေ့အကြောင်းသိကောင်းစရာများ၊ အာဆီယံအကြောင်းသိကောင်းစရာများနှင့် အချက်အလက်များ၊ အာဆီယံထိပ်သီးအစည်းအဝေး မှတ်တမ်းဓာတ်ပုံများ၊ လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအကြောင်း သိကောင်းစရာများ၊ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းမှတ်တမ်းဓာတ်ပုံများကို ပြသခဲ့သည်။

အဆိုပါ ပြပွဲအခမ်းအနားကို ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးတွင် စာရင်းစစ်/စာရင်းကောက် တာဝန်ထမ်းဆောင်ကြမည့် ဆရာ/ဆရာမများနှင့် NGOအဖွဲ့အစည်းများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်းအင်အား ၃၀၀ ကျော်တို့ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်

ထွက်ပြီ

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
သယ်ယူပို့ဆောင်ရေးယာဉ်များဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် သယ်ယူပို့ဆောင်ရေးယာဉ်များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Truck 6 Ton Japan 100-IIO HP	2Nos
(ခ)	Mini Bus 4000 CC Japan	1No
(ဂ)	Mark II 2000CC	1No
(ဃ)	Toyota Betta 1300CC	4Nos

၂။ အိတ်ဖွင့်တင်ဒါများကို ၂၁-၃-၂၀၁၄ရက်မှ၂၇-၃-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၄-၂၀၁၄ရက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်သည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားပေးမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း	**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃	**ဖုန်း-၀၆၇-၄၁၂၃၂၇**

၂၀၁၄ ခုနှစ်၊ အာဆီယံစွမ်းအင်ဆိုင်ရာ
ဆုတံဆိပ်များ ပြိုင်ပွဲအတွက်
ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန (ACE)တို့မှ ကြီးမှူး၍ ၂၀၁၄ခုနှစ်၊ စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများ (Energy Efficient Building) ပြိုင်ပွဲ၊ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ (Renewable Energy Project) ပြိုင်ပွဲနှင့် အဆောက်အအုံနှင့် စက်ရုံများ၏ အကောင်းဆုံးစွမ်းအင်စီမံခန့်ခွဲမှုစနစ် (Energy Management) ပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး နိုင်ငံပိုင် ကဏ္ဍသာမက၊ ပုဂ္ဂလိကပိုင် ကဏ္ဍများမှလည်း ပါဝင်ယှဉ်ပြိုင်နိုင်ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ ပြိုင်ပွဲများကို ၂၀၀၂ ခုနှစ်မှ စတင်၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၂၀၁၃ ခုနှစ်အထိ (Energy Efficient Building) ပြိုင်ပွဲတွင်(၇)ဆု၊ (Renewable Energy Project) ပြိုင်ပွဲတွင် (၆)ဆုနှင့် (Energy Management) ပြိုင်ပွဲတွင် (၂)ဆုအသီးသီး ရရှိခဲ့ပါသည်။ ဆုရရှိခဲ့သူများကိုလည်း ASEAN Centre for Energy နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ဂုဏ်ပြုဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့ပါသည်။

၂၀၁၄ခုနှစ်ပြိုင်ပွဲအတွက် ပါဝင်ယှဉ်ပြိုင်လိုသူများသည် "ရွေးချယ်စိစစ်ရေး အမျိုးသားကော်မတီ" မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ လှိုင်တက္ကသိုလ်ဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ (ဖုန်း-၀၁၅၇၉၀၃၇-၇၆ နှင့် ၅၇၉၀၃၈)၊ (ဖက်စ်-၉၅-၁- ၅၁၉၆၈၁ နှင့် ၆၆၅၁၉၃)သို့ မိမိတို့၏ အဆောက်အအုံ/လုပ်ငန်းစီမံကိန်း/စက်ရုံ/ရုံးဌာနတို့၏ အမည်၊ တည်နေရာ၊ လုပ်ငန်းသဘာဝ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ၎င်း၏လိပ်စာ၊ ဖုန်းနံပါတ်၊ ဖက်စ်နံပါတ်များဖော်ပြပြီး **၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၅ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ ပါဝင်ယှဉ်ပြိုင်လိုကြောင်း အကြောင်းကြား စာရင်းပေးသွင်းကြရန်** ဖြစ်ပါသည်။

ဆက်သွယ်စုံစမ်းရန်-ဒေါ်မေဖြူအေး(လုပ်ငန်းကော်မတီဝင်)
(Phone:01-579038,579039,0973148846)
ရွေးချယ်စိစစ်ရေးအမျိုးသားကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှအောက်ဖော်ပြပါပစ္စည်းအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) စက်ဆီချောဆီ - Lube Oil(PTO-46)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၄-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၉-၄-၂၀၁၄ ရက်

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်၊ မြေကွက်အမှတ်-၁၀၇၆/က၊ မြေကွက်တည်နေရာအမှတ်-၁၀၇၆/က၊ ဘုရားလမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမောင်တီ+ဒေါ်ယဉ်ကြွေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်တီ(ဖခင်)နှင့် ဒေါ်ယဉ်ကြွေ(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအောင်မြင့်[၁၂/သကတ(နိုင်)၀၄၅၄၉၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ကြည်စု၊ မြေကွက်အမှတ်-၇၆၊ မြေကွက်တည်နေရာအမှတ်-၇၆၊ ရတနာသီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးမာမွတ်၊ ဦးစ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက်တစ်ဦးဖြစ်သူ ဦးစ(ဖခင်)၊ ဒေါ်တင်ကြည်(မိခင်)၊ ဦးလှမြိုင်(အစ်ကို)နှင့် ဦးအေးဟန်(ညီ/မောင်)တို့ ကွယ်လွန်သဖြင့် သား၊ သမီး၊ ချွေးမ၊ဇနီးများဖြစ်ကြသော ဦးလှကြိုင်[၁၂/ဒပန(နိုင်)၀၀၅၂၆၉]၊ ဒေါ်ကြည်ကြည်လှိုင်[၁၂/ဒပန(နိုင်)၀၁၃၁၆၇]၊ (ကွယ်လွန်သူ ဦးလှမြိုင်၏ဇနီး) ဒေါ်ခင်ဝင်း[၁၂/ဒပန(နိုင်)၀၁၂၇၆၆]တို့နှင့်ကျန်ပူးတွဲအမည်ပေါက် ဦးမာမွတ်တို့ထံမှ GP[**၁၃၅၇/၁၄**(၁၄-၁-၂၀၁၄)၊**၁၃၇၆/၁၄**(၁၆-၁-၂၀၁၄)] ဖြင့်ရရှိသူ ဦးဘစိန်[၁၂/လမန(နိုင်)၀၀၈၀၁၁]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်း/ငှားမည်

ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း(အထက်)၊ ဒု-ထပ်၊ အာစီ၊ အိပ်ခန်း(၁)ခန်း။

ဖုန်း-၀၉-၇၃၂၀၇၆၅၇၊
၀၉-၃၁၀၆၉၀၁၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၂၉၊ မြေကွက်အမှတ်-၇၁၄၊ မြေကွက်တည်နေရာအမှတ်-၇၁၄၊၂၉ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးကျင်အောင်(KWA-၀၀၁၅၂၃) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးကျင်အောင်ကွယ်လွန်သဖြင့်ဒေါ်ထားရီ[၁၂/ဗဟန(နိုင်)၀၅၁၆၅၈]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ရန်ပြေ၊ မြေကွက်အမှတ်-၆၆၆/က၊ မြေကွက်တည်နေရာအမှတ်-၆၆၆/က (၃/ရန်ပြေ)၊ ရန်အောင်လမ်း၊ သာကေတမြို့နယ်၊ ဦးကျော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းမြင့်[၁၂/သကတ(နိုင်)၀၄၀၈၆၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဆောင်ရွက်လျက်ရှိသော အမှိုက်သိမ်းဆည်းခြင်းနှင့်သိမ်းဆည်းအမှိုက်များကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ သယ်ယူပို့ဆောင်စွန့်ပစ်ခြင်းအတွက် ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းဆောင်ရွက်ရန် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်(၃၃)မြို့နယ်အတွင်း အရှေ့၊ အနောက်၊ တောင်၊ မြောက် ခရိုင်(၄)ခုခွဲ၍ အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါရှိသောကဏ္ဍ(၃)ခုဖြစ်သည့် အမှိုက်သိမ်းဆည်းခြင်း၊ သိမ်းဆည်းပြီး အမှိုက်သယ်ယူပို့ဆောင်ခြင်း၊ သယ်ယူပို့ဆောင်သည့်အမှိုက်များကို နောက်ဆုံးစွန့်ပစ်အမှိုက်ပုံ၌ စွန့်ပစ်ခြင်းတို့၌ နောက်ဆုံးကဏ္ဍဖြစ်သည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံလုပ်ငန်းကို ကော်မတီမှ Waste To Energyလုပ်ငန်းအဖြစ် ပြောင်းလဲဆောင်ရွက်နေပြီဖြစ်ရာ ကျန်ကဏ္ဍ(၂)ခုဖြစ်သော အောက်ပါတို့ကို ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းလုပ်ကိုင်ဆောင်ရွက်မည် ဖြစ်ပါသည်-

(က) အမှိုက်သိမ်းဆည်းခြင်း
(ခ) သိမ်းဆည်းပြီး အမှိုက်သယ်ယူပို့ဆောင်ခြင်း

၂။ သို့ဖြစ်ရာ အဆိုပါပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းဆောင်ရွက်မည့် ကဏ္ဍ(၂)ခုကို လုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်း၊ ပြည်တွင်းနှင့်ပြည်ပ ပူးပေါင်း၊ ပြည်ပ ကုမ္ပဏီများအနေဖြင့် အောက်ဖော်ပြပါအချက်များကို ထည့်သွင်းဖော်ပြ၍ ဤသတင်းစာပါကြော်ငြာပါရက်မှစပြီး ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက် နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ (၉)ထပ်ရုံး၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း (အပေါ်ဘလောက်) ကျောက်တံတားမြို့နယ်သို့ တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်-

(က) ကုမ္ပဏီ Letter Head ဖြင့် တင်ဒါတင်သွင်းရမည်။
(ခ) စည်ပင်သာယာနယ်နိမိတ်တစ်ခုလုံး (သို့မဟုတ်) ခရိုင်(၁)ခု (သို့မဟုတ်) ခရိုင်(၂)ခု စသည်ဖြင့် လုပ်ဆောင်လိုသည်ကို ဖော်ပြရမည်။ (မြို့နယ်အလိုက်သာ ဆောင်ရွက်လိုခြင်း ခွင့်မပြုပါ။)
(ဂ) ကုမ္ပဏီလိပ်စာ ပြည့်စုံစွာဖော်ပြရမည်။
(ဃ) ပြည်ပကုမ္ပဏီများအနေဖြင့် တင်သွင်းပါက မူရင်းအင်္ဂလိပ်ဘာသာနှင့်အတူ မြန်မာဘာသာပြန်ကိုပါ ထည့်သွင်းတင်ပြရမည်။

၃။ တင်ဒါလုပ်ငန်းအတွက် အခြေခံအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကလုပ်ငန်းအဖြစ် လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုမည့်ကာလမှာ (၁၀)နှစ်သက်တမ်းဖြစ်ပါသည်။
(ခ) သတ်မှတ်ပေးသည့် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့ သွားရောက်စွန့်ပစ်ခြင်းအတွက် Tipping Fees ပေးရန် မလို(မလို)ပါ။
(ဂ) နောက်ဆုံးတင်ဒါပိတ်သိမ်းသည့် ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက်ထက်ကျော်၍ တင်ပြခြင်းများ လက်ခံစဉ်းစားမည်မဟုတ်ပါ။
(ဃ) ၎င်းရက်အတွင်း တင်ပြလာသည့် ကုမ္ပဏီများအားလုံးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ၂၀၁၄ ခုနှစ် မေလ ပထမပတ်အတွင်း ဖိတ်ခေါ်၍ အပြီးသတ်အဆိုပြုလွှာတင်ပြနိုင်ရေးအတွက် အသေးစိတ်အချက်အလက်များကို ရှင်းလင်းပြောကြားခြင်းနှင့် လိုအပ်သည့်အချက်အလက်များပေးခြင်း ဆောင်ရွက်မည်ဖြစ်ပြီး တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် ၂၀၁၄ ခုနှစ် မေလ ဒုတိယပတ်မှစပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်အထိ (Feasibility Study)အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ပြီးနောက် ၂၀၁၄ခုနှစ် အောက်တိုဘာလ ၃ ရက် နောက်ဆုံးထား၍ အပြီးသတ်အဆိုပြုလွှာ တင်သွင်းရမည်။
(င) လုပ်ငန်းစတင် လွှဲပြောင်းဆောင်ရွက်မည့်ကာလမှာ ၂၀၁၅ ခုနှစ် ဧပြီလ ၁ ရက် ဖြစ်ပါသည်။
(စ) တင်ဒါမတင်သွင်းမီ လေ့လာစဉ်းစားနိုင်ရန်အတွက် အသေးစိတ်အချက်အလက်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင် တင်ဒါပိတ်ရက်မတိုင်မီ ကာလများအတွင်း ဆက်သွယ်ရယူနိုင်ပါသည်။
(ဆ) ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်ထိ သတ်မှတ်ကာလအတွင်း တင်ဒါတင်သွင်းရာတွင် တင်သွင်းသည့်ကုမ္ပဏီများမှ အာမခံကြေး သိန်း(၅၀)ကို ရန်ကုန်မြို့တော်စည်ပင်ဘဏ်၌ ပေးသွင်းရမည်ဖြစ်ပြီး အပြီးသတ် အဆိုပြုလွှာတင်ရမည့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် အပြီးသတ် အဆိုပြုလွှာတင်သွင်းခြင်းမပြု (မပြု)သည့် ကုမ္ပဏီများကို အာမခံကြေးငွေ ပြန်လည်ထုတ်ပေးမည် မဟုတ်ပါ။
(ဇ) အသေးစိတ်သိရှိလိုပါက တင်ဒါကုန်ဆုံးရက် ၂၀၁၄ ခုနှစ် ဧပြီလ ၃၀ ရက် မတိုင်မီအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်- ဖုန်း-၀၁-၂၄၆၅၇၀၊ ၀၁-၂၄၆၅၇၁၊ ၀၁-၃၈၄၈၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ကြီးပွားရေး/လုံးချင်း)၊ မြေကွက်အမှတ်(၁၁)၊ မြေကွက်တည်နေရာအမှတ်(၂၁)၊ စိန်ပန်းလမ်း၊ ကြီးပွားရေး(လုံးချင်း)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဒေါက်တာတင်ရွှေ၊ ဒေါက်တာခင်ဆွေဝင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါက်တာတင်ရွှေ[၈/မကန(နိုင်)၁၁၆၀၉၆]၊ ဒေါက်တာခင်ဆွေဝင်း[၈/မကန(နိုင်)၀၈၉၂၆၀]တို့က အရောင်းအဝယ်စာချုပ်ချုပ်ရန် ၃-၇-၂၀၁၃ ရက်စွဲပါ sp No.၁၀၉၁၄/၂၀၁၃ ရရှိသူ ဒေါ်ကြည်ကြည်ခင်[၁၂/တမန(နိုင်)၀၆၇၇၉၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာနှင့် ၂၀၁၁ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းမြေပုံမူရင်းပျောက်ဆုံးသွားကြောင်း တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် အမှတ်-၈၊ မြေအမှတ်(၄၉/ခ)၊ မြေကွက်တည်နေရာအမှတ်-၄၉/ခ၊ နဝရတ် ၁၆လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်လှကြွယ်) နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှကြွယ်(မိခင်)နှင့် ဦးထွန်းရင်(ဖခင်)နှင့်သားတစ်ဦးဖြစ်သူ ဦးအေးသောင်း(လူပျိုကြီး)နှင့်သမီးတစ်ဦးဖြစ်သူဒေါ်တင်ရွှေ(ခ)ဒေါ်တင်ရှိန်(အပျိုကြီး)ဘဝဖြင့်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ကျန်သားသမီးနှင့်မောင်နှမတော်စပ်သူ ၁။ ဒေါ်စန်းစန်း[၁၂/သကတ(နိုင်)၀၅၂၂၄၆]၊ ၂။ ဦးစိုးစိုးအောင်[၁၂/သကတ(နိုင်)၀၅၂၂၄၅]တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၉၇၊ ကျောက်တန်းကွင်း၊ မြေကွက်အမှတ်-၁၈၀၊ မြေကွက်တည်နေရာအမှတ်-၁၈၀၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဘားလား-ရွှေနံ့သာသစ်ခွရွာအတွင်းရှိ မြေကွက်အား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ချထားပေးသော သစ်ခွစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်စာရရှိထားသူဒေါ်နွယ်နီစမ်းထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်မေမြင့်ငြေး(ခ)ဒေါ်ဒေစီ[၉/မရတ(နိုင်)၀၁၇၃၃၂]က လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်စာ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း(ဝင်ဒါမီယာ)၊ အမှတ်(၅၉/၆၀)နေ (ဘ)ဦးမြင့်အောင်(ငွေဇင်ယော်)၏သား [၁၂/ဒဂန(နိုင်)၀၁၉၅၃၄]ကိုင်ဆောင်သူ ဦးတင်အောင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ ခြံအမှတ်(၉)ဟုခေါ်တွင်သော မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင်ကျော်၏ဖခင် (ကွယ်လွန်သူ) ဦးမြင့်အောင်(ငွေဇင်ယော်)အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်အောင်ကျော်၏ ခွင့်ပြုချက်မရှိဘဲ မြေကွက်အား ခွဲစိတ်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ မြေကွက်အမည်ပြောင်းခြင်း စသည့်ကိစ္စရပ်များအားလုံး ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးတင်အောင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်အောင်ထွန်း(စဉ်-၅၁၂၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၇၃)၊ (မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးမောင်မောင်(ငြိမ်း)
အသက်(၈၃)နှစ်
ဗိုလ်သင်တန်း(၃၄)

ပြင်ဦးလွင်မြို့နေ ဗိုလ်ကြီးမောင်တွမ်(ငြိမ်း) OTS(53)-ဒေါ်ခင်သန်းဝေတို့၏ဖခင် ဗိုလ်မှူးမောင်မောင်(ငြိမ်း)သည် ၁၈-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

OTS(53) စည်သူတပ်ခွဲမှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာမကြီး ဒေါ်စိန်စိန်မြင့် (အငြိမ်းစားပါမောက္ခ၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)၏ခင်ပွန်း ဆရာဦးလှဝင်း (ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)သည် ၂၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းသား/ကျောင်းသူဟောင်းများ
အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၅/သမိုင်း၊ မြေကွက်အမှတ်-၅/ခB၊ ၁၃/က၂B/B၁၊ မြေကွက်တည်နေရာအမှတ်(၄/အေ)၊ ဦးကျော်လှလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်ခင်မလေး)၊ အမည်ပေါက်မြေပိုင်မြေ၊ အိမ်ရာမြေ မြေအားအမည်ပေါက် မိခင် ဒေါ်ခင်မလေး ၁၀-၁-၂၀၁၃နှင့် ဖခင် ဦးလှမိုး ၂၉-၁၁-၂၀၁၃ ရက်တွင် အသီးသီးကွယ်လွန်သွားပါသဖြင့် အမွေစားအမွေခံကိုတ္တိမသားအဖြစ်မွေးစားခြင်း စာချုပ်အမှတ်-၁၃၀၈၉/၂၀၁၁ (၂၈-၁၂-၂၀၁၁)ဖြင့် မွေးစားခြင်းခံရသူ ဦးစိုင်းမိုး[၁၂/မရက(နိုင်)၁၂၆၂၀၅]မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ မွေးစားခြင်းစာချုပ်-၁၃၀၈၉/၂၀၁၁အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်-၄၇/၁၉၇၄(၁၇-၁-၁၉၇၄)မိတ္တူမှန်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အောင်စေတီဆရာတော်ကြီး၊ တံခွန်တိုင်တောရကျောင်းတိုက်

ဘဒ္ဒန္တဝဏ္ဏသာရ

သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော်ကြီးဖြစ်သည့် အောင်စေတီဆရာတော်ကြီး ဘဒ္ဒန္တဝဏ္ဏသာရ သက်တော်(၈၅)နှစ်၊ ဝါတော်(၆၁)ဝါသည် (၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ရက်) ၂၁-၃-၂၀၁၄(သောကြာနေ့) နံနက် ၇း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသည်။ ၂၁-၃-၂၀၁၄မှ ၂၇-၃-၂၀၁၄ရက်အထိ (၇)ရက်တိုင်တိုင် အဆိုပါကျောင်းတိုက် ယာယီစံကျောင်းတော်တွင် အပူဇော်ခံထားရှိပြီး ၂၇-၃-၂၀၁၄(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် တံခွန်တိုင်တောရကျောင်းတိုက်မှ သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာရှိ အောင်မြေဗောဓိကုန်းတော် (ထမလုံ)သို့ ပင့်ဆောင်ပူဇော် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် မဇ္ဈိမဂုဏ်ရည်ဆရာတော်မှ တံခွန်တိုင်တောရကျောင်းတိုက်တွင် တရားတော်ဟောကြားပေးပါမည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးလှဦး(Director) GOOD BROTHERS Co., L td. - ဒေါ်သက်သက်ခိုင်(ခ)မကြူးကြူးတို့၏ ချစ်လှစွာသောမိခင် ဒေါ်လေးရင်သည် ၂၁-၃-၂၀၁၄ရက် ည ၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်လေးရင် ကောင်းရာသုဂတိသို့ လားပါစေသော်။

GOOD BROTHERS Co., Ltd. မှ
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဦးလှဖေ
အသက်(၈၆)နှစ်

ရဲမှူးကြီးသူရစန်းလွင် (ဒု-တပ်ဖွဲ့မှူး) ရထားရဲတပ်ဖွဲ့၊ ဒေါ်မာလာကျော်တို့၏ဖခင် ဦးလှဖေသည် ၂၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တပ်ဖွဲ့မှူးနှင့်တပ်ဖွဲ့ဝင်မိသားစုများ
ရထားရဲတပ်ဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီဒေါက်တာဦးသက်ဆွေ(ခ)ဟူစိန်အလီ(သံတွဲ)
M.B.,B.S (YGN)
အသက်(၇၁)နှစ်

ဟာဂျီဒေါက်တာဦးသက်ဆွေသည် ၂၂-၃-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစုများ
အာရှတော်ဝင်ဆေးရုံ

ဝမ်းနည်းကြေကွဲခြင်း

ဦးစောလွင်(ဒိုက်ဦး) (၈၈)နှစ်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပါမောက္ခ(ရူပဗေဒ)
အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ကန်တော့ခံပုဂ္ဂိုလ်၊ ဂုဏ်ထူးဆောင် နာယကကြီး ဦးစောလွင်သည် ၂၁-၃-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လေးရင် (၈၂)နှစ်

ဦးလှဦး(Director GOOD BROTHERS Co., Ltd.)-ဒေါ်သက်သက်ခိုင်(ခ) ဒေါ်ကြူးကြူးတို့၏ ချစ်လှစွာသောမိခင် ဒေါ်လေးရင်သည် ၂၁-၃-၂၀၁၄ရက် ည ၁၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်လေးရင် ကောင်းရာသုဂတိသို့ လားပါစေသော်။

ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်အဖွဲ့
အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၅၄၄)တွင် နေထိုင်သူဦးသိန်းလှိုင်[၁၂/အစန(နိုင်)၀၀၇၅၆၃]ပိုင်ဆိုင်လက်ရှိဖြစ်သော လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်-အပိုင်း(၅)၊ မြေကွက်အမှတ်-၄၇၈၊ မြေအကျယ်အလျားပေ၆၀×အနံပေ၆၀၊ စတုရန်းပေ ၃၆၀၀၊(၀. ၀၈၃)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိလူနေဂိုဒေါင်၊ ဦးစိုးစိုးလွင်(ခ)ဦးမောင်မောင်စိုး(NBN-၂၁၈၈၈၄)အမည်ပေါက် မြေငှားစာချုပ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေ ဖြစ်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ ထို့ကြောင့်ဤသတင်းစာကြော်ငြာပါရှိသည့် နေ့မှစ၍ (၇)ရက်အတွင်းမည်သူမဆိုအထောက်အထားခိုင်ခိုင်လုံလုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟ(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)
စီးပွားရေး၊ တရားမကြောင်း၊ ပြစ်မှုကြောင်းနှင့် နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာ
အထူးအကြံပေး
ရုံး-Chitlawfirm၊ အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
အိမ်-အမှတ်(၆၁၅/က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။
ဖုန်း-၀၉-၇၃၁၁၇၉၄၁၊ ၀၉-၂၅၄၁၈၇၉၅၀

အမှတ်(၂၂)၊ မြေညီ၊ စဥ့်အိုးတန်းလမ်း(အောက်)၊ (၃)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ထားထားခိုင်နှင့် အများသိစေရန်

ဒေါ်ထားထားခိုင်သည် ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြို့သစ်(၁)၊ ဗိုလ်ဗထူးလမ်းရှိ မြေကွက်အမှတ်(၁၁၈၂)နှင့် (၁၁၈၃)မြေကွက်(၂)ကွက်၏ မြေချပါမစ်များနှင့် ဆက်စပ်စာချုပ်များအား လက်ခံရယူ၍ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း၊ အမှတ်(၉၀)၊ (A-၇-လွှာ)နေ ကိုလှမိုးအားငွေကျပ် (၃၀၀၀၀၀၀/-)ကို (၂၀၀၇)ခုနှစ်က ခေတ္တချေးငှားခဲ့ပါသည်။ ကိုလှမိုးနှင့်ဇနီး မရင်ရင်မူတို့မှ အဆိုပါစာရွက်စာတမ်းများအား ပြန်လည်ရယူရန်အတွက် ခေတ္တချေးယူထားသောငွေ(၃၀၀၀၀၀၀/-)အား ပြန်ပေးရန်ဆက်သွယ်ရှာဖွေပါသော်လည်း ဒေါ်ထားထားခိုင်အား ဆက်သွယ်ရှာဖွေမတွေ့ရှိပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ဆက်သွယ်တွေ့ဆုံညှိနှိုင်းဆောင်ရွက်နိုင်ရန် ကြေညာအပ်ပါသည်။ ဒေါ်ထားထားခိုင်ရယူထားသော စာရွက်စာတမ်းများနှင့်ပတ်သက်သည့် မြေကွက်(၂)ကွက်အား မရိုးမသားသောဆောင်ရွက်ချက်များ ပြုလုပ်မည်ဆိုပါက တည်ဆဲဥပဒေများအရ အမှုဖွင့် အရေးယူသွားတော့မည်ဖြစ်ကြောင်း ဦးလှမိုးနှင့်ဒေါ်ရင်ရင်မူတို့၏ ညွှန်ကြားချက်အရကြေညာအပ်ပါသည်။

ဒေါ်ဆန်းစန္ဒာ(LL.B,WIPO)၊ ဒေါ်အိအိခိုင်(LL.B,WIPO)၊ ဦးမြင့်သန်း(မင်းဘူး)(LL.B,WIPO)
အထက်တန်းရှေ့နေ(၂၈၂၆၉)အထက်တန်းရှေ့နေ(၄၀၄၆၁)တရားလွှတ်တော်ရှေ့နေ(၃၁၂၉)
အမှတ်(၁၂၀)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၁၉၅၂၉၅၊ ၀၉-၄၂၀၀၅၉၉၅၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(ဂ)ရပ်ကွက်၊ ပိတောက်(၃)လမ်း၊ အမှတ် (၃၅၂/က+၃၅၂/ခ)၊အလျား ပေ၆၀×အနံ ပေ၄၀ရှိ မြေကွက်ကို တရားဝင်ပိုင်ဆိုင်၍လက်ရှိထားရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ ရာဇာဓိရာဇ်လမ်း၊ မြေကွက်အမှတ်-၁၇၉/ထ၊ မြေကွက်အကျယ်အဝန်းပေ(၁၀၀×၄၀)၊ (၀. ၀၉၂)ဧကရှိနှစ်(၆၀) မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသူ ဒေါ်မိုးမိုးထွန်း[၁၃/တကန(နိုင်)၀၀၃၂၇၄]ထံမှ ကျွန်မ ဒေါ်ခင်ကြူကြူလှိုင်[၁၂/ဗဟန(နိုင်)၀၀၅၄၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ခင်ကြူကြူလှိုင်
[၁၂/ဗဟန(နိုင်)၀၀၅၄၉၉]
အမှတ်-၄(စီ)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၉-၅၁၃၂၃၂၉၊ ၀၉-၇၃၂၃၅၅၃

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၁၂၂)၊ အမည်ပေါက် ဦးထွန်းဝင်း[၆/မအရ(နိုင်)၀၅၁၀၆၉]၊ ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ ဧရိယာ(၀. ၀၅၅)စတုရန်းပေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်အကျိုးခံစားလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်နွယ်နီရှိန်[၁၂/ရကန(နိုင်)၀၀၂၄၃၁]ထံမှ ကျွန်ုပ်ကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသိန်းစိုးထွန်း[၉/မခန(နိုင်)၁၆၄၉၁၁] ဖုန်း-၀၉-၄၂၁၀၆၆၆၀၃

ကန်ထရိုက်တာဦးခိုင်ဇော်လင်း[၁၂/တမန(နိုင်)၁၁၉၅၄၃]၊ ဦးဝင်းသိန်း [၈/မကန(နိုင်)၁၀၃၃၆၄] New Generation Construction တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

သဃ်န်းကျွန်းမြို့နယ်၊ င/ကရပ်ကွက်၊ ကျည်စုကျောင်းလမ်း၊ အမှတ်-၁၁/၄၃နေ ဒေါ်ဒေါင်းစိန် (CF ၀၃၈၃၄၂)နှင့် အမှတ်-၁၁/၄၆နေ ဒေါ်အေးသီတာ[၁၂/တမန(နိုင်)၀၇၂၂၃၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာပါသည်။

၁။ ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့သည် ၎င်းတို့လက်ရှိနေထိုင်သော မြေနေရာပေါ်တွင် တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် RC(၃ ၁/၂) (၅)ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာဟု အဆိုပြုသူများဖြစ်ကြသော ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့နှင့် ၅-၂-၂၀၁၄ရက်၌ သဘောတူကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

၂။ ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့သည် အဆိုပါ စာချုပ်ချုပ်ဆိုသည့်နေ့တွင် စာချုပ်စည်းကမ်းချက်အတိုင်း ငွေကျပ်သိန်း(၅၀)ကို ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့အား ပေးအပ်ခဲ့ပါသည်။ ဒေါ်ဒေါင်းစိန်နှင့် ဒေါ်အေးသီတာတို့က အိမ်ဟောင်းကိုဖျက်သိမ်း၍ မြေပြင်ဖြစ်သည့်အခါတွင် ဦးခိုင်ဇော်လင်းတို့က ငွေကျပ်သိန်း(၆၀)ကို ဒေါ်ဒေါင်းစိန်တို့အား ထပ်မံပေးချေရန် စာချုပ်၌ အဓိကစည်းကမ်းချက်အဖြစ် ဖော်ပြထားပါသည်။

၃။ ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့က အိမ်ဟောင်းကို ဖျက်သိမ်းရှင်းလင်းခဲ့၍ ၅-၃-၂၀၁၄ရက်တွင် ဖော်ပြပါ မြေနေရာမှာ မြေပြင်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့က ငွေကျပ်သိန်း(၆၀)ကို ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့အား ပေးချေရမည် ဖြစ်သော်လည်း မပေးမချေပျက်ကွက်ခဲ့ပါသည်။ ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့မှာ အခက်အခဲများ ကြုံတွေ့ပြီး နစ်နာဆုံးရှုံးလျက်ရှိပါသည်။

၄။ ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့က ဖော်ပြပါမြေနေရာတွင် အဆောက်အအုံဆောက်လုပ်ရန် ဖွင့်ဟပြောဆိုခြင်းမရှိဘဲ ၎င်းတို့ပေးအပ်ထားသော ငွေကျပ်သိန်း(၅၀)မှ ငွေကျပ်(၃၂)သိန်းပြန်လည်ပေးအပ်ရန် ဒေါ်ဒေါင်းစိန်တို့ထံ တောင်းဆိုပါသည်။ ထို့ကြောင့်ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့သည် ပဋိညာဉ်အတိုင်း အဆောက်အအုံဆောက်လုပ်ရန် အဆင်သင့်မဖြစ်သည့်အပြင် ဆန္ဒလည်း မရှိတော့ကြောင်း ထင်ရှားပါသည်။

၅။ သို့ဖြစ်၍ ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့သည် ပဋိညာဉ်၏အဓိက စည်းကမ်းချက်ကို ဖောက်ဖျက်သူများဖြစ်ပြီး ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့မှာ ပဋိညာဉ်ဖောက်ဖျက်ခြင်းခံရသည့်အတွက် နစ်နာဆုံးရှုံးသူများဖြစ်ပါသည်။ ထို့ကြောင့် ဦးခိုင်ဇော်လင်းနှင့် ဦးဝင်းသိန်းတို့သည် ဒေါ်ဒေါင်းစိန်တို့အား နစ်နာဆုံးရှုံးစေသည့်အတွက် လျော်ကြေးပေးရန် တာဝန်ရှိသည့်အလျောက် ၎င်းတို့ပေးအပ်ထားသောငွေကို ဒေါ်ဒေါင်းစိန်တို့ထံမှ ပြန်လည်တောင်းခံပိုင်ခွင့်မရှိပါ။

ထို့အပြင် ဒေါ်ဒေါင်းစိန်၊ ဒေါ်အေးသီတာတို့က ဦးခိုင်ဇော်လင်း၊ ဦးဝင်းသိန်းတို့နှင့် ချုပ်ဆိုထားသောစာချုပ်ကို တရားသဖြင့် ဖျက်သိမ်းပါကြောင်း အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးမျိုးမြင့်(စဉ်-၅၇၀၃)	**ဒေါ်သီတာအောင်(စဉ်-၉၀၈၅)**
B.Sc.,R.L,D.B.L	**LL.B.,D.B.A.,D.B.L.,D.M.L**

တရားလွှတ်တော်ရှေ့နေများ
အခန်း-၃၀၆၊ အမှတ် ၉/၁၁၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်။

၈-၃-၂၀၁၄ရက် ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ(၈)တွင် လွှဲအပ်ညွှန်ကြားချက်အရဟု ဦးချစ်ဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၃၇၃၄)၊ ဦးသီဟ အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)နှင့် ဒေါ်နီနီစန်း အထက်တန်းရှေ့နေ (စဉ်-၃၀၉၁၆)တို့၏ တုံ့ပြန်ကြေညာခြင်းအပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၄၄၀ ၁/၂)နေ ပထမံဆရာမ ဒေါ်ယဉ်ညိုထွေး[၁၂/ဥကမ(နိုင်)၀၂၂၃၈၅] ကိုင်ဆောင်သူ၏ ထပ်မံလွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။ ၈-၃-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၈)တွင် ညွှန်ကြားချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေ ဦးချစ်ဝင်း၊ အထက်တန်းရှေ့နေ ဦးသီဟနှင့်အထက်တန်းရှေ့နေ ဒေါ်နီနီစန်းတို့၏ ၂၆-၁-၂၀၁၄ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ(၅)ပါ ပထမံဆရာမ ဒေါ်ယဉ်ညိုထွေး(မြန်မာ့ရိုးရာဗေဒင်လက္ခဏာပညာရှင်)[၁၂/ဥကမ(နိုင်)၀၂၂၃၈၅]၏လွှဲအပ်ညွှန်ကြားချက်အရ သန်လျင်ဦးထွန်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၇၁၁၃)ကအများသိစေရန် ကြေညာခြင်းခေါင်းစဉ်ပါ ကြေညာချက်မှာ မှန်ကန်တိကျမှုမရှိကြောင်း တုံ့ပြန်ကြေညာချက်မှာ လုံးဝ(လုံးဝ)မှန်ကန်ခြင်းမရှိပါကြောင်း သိစေအပ်ပါသည်။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက် ၊မေဓာဝီလမ်း၊ အမှတ်(၄၄၀ ၁/၂)(အလျားပေ ၂၀×အနံပေ ၆၀)ဧရိယာ (၁၂၀၀)စတုရန်းပေရှိမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် နှစ်(၆၀)ဂရန်အမည်ပေါက်သူ ဒေါ်ယဉ်ညိုထွေးတစ်ဦးတစ်ယောက်တည်းသာ ပိုင်ဆိုင်သောပစ္စည်း မဟုတ်ပါဟုဆိုသော်လည်း ယင်း"မြေငှားဂရန်စာချုပ်"ကို ၁၉၉၀ခုနှစ်၊ နှစ်မကုန်ခင်က ဖခင်က ပိုင်ရှင်ဖြစ်သူများ အမည်ပေါက်ဖြစ်ကြပါစေဟု ဆုပေးပြီးနောက်ပိုင်းတွင် နိုင်ငံတော်မှ တာဝန်ရှိပုဂ္ဂိုလ်များစီစဉ်ဆောင်ရွက်ပေးမှုအရ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနမှ နှစ်(၆၀)မြေငှားဂရန်စာချုပ်တွင် ဒေါ်ယဉ်ညိုထွေး၊ ဒေါ်လှရင်အမည်ဖြင့် မြေငှားဂရန်စာချုပ် ထုတ်ပေးခြင်းသာဖြစ်ပါကြောင်း သိစေအပ်ပါသည်။ ဒေါ်ယဉ်ညိုထွေးသည် ၁၉၉၃မတိုင်ခင်ကပင် ယင်းနေရာတွင်နေထိုင်ခဲ့ပြီး ၁၉၉၃ခုနှစ်မှစတင်၍ ဂရန်ပြုလုပ်ပေးစဉ်ကလည်း မည်သူတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ပြောဆိုမှုမရှိခဲ့ပါ။ ယခုအချိန်ကျမှ အများသိစေရန် တုံ့ပြန်ကြေညာခြင်း ၄-၃-၂၀၁၄ရက်က နို့တစ်စာ ပေးမှုအပေါ် အလွန်ပင်အံ့သြမှုများစွာဖြစ်ခဲ့ရပါသည်။ သို့ပါ၍ သက်ဆိုင်ခြင်းမရှိသူများ ပါဝင်ခြင်းမရှိစေရန် လွှဲအပ်ညွှန်ကြားသူ မည်သူများဖြစ်ပါကြောင်း တိကျသေချာစွာ ဖော်ပြပေးစေလိုပါကြောင်း ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ပထမံဆရာမ ဒေါ်ယဉ်ညိုထွေး(မြန်မာ့ရိုးရာဗေဒင်လက္ခဏာပညာရှင်)၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ညိုညိုဆင့်	**သန်လျင်ဦးထွန်း**
LL.B,DBL,DML	**LL.B;CBL;Dip in Business Law;**
အထက်တန်းရှေ့နေ	**Dip in Maritime Law;Dip in International Law;**
(စဉ်-၃၁၃၀၈)	**Dip in Applied Psychology; Wipo (Switzerland)**
ဒေါ်ဇင်မာမျိုး	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၃)**
LL.B	**တိုက်(၉/၁၁)၊ အခန်းအမှတ်(၀၀၄)၊ မြေညီထပ်၊ ၃၆-လမ်းနှင့်**
အထက်တန်းရှေ့နေ	**အခန်းအမှတ်(B-4)၊ May Shopping၊ ပန်းဆိုးတန်းနှင့်**
(စဉ်-၃၈၆၄၃)	**ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
	ဖုန်း-၀၉-၄၃၀၄၃၀၉၆၊ ၀၁-၅၂၂၉၅၅

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမျိုးကြွယ်(ငြိမ်း)
အသက်(၆၇)နှစ်
O.T.S 43

သူငယ်ချင်း ဗိုလ်ကြီးမျိုးကြွယ်(ငြိမ်း)သည် ၂၀-၃-၂၀၁၄ရက် ည ၈း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၃)
ကျောင်းဆင်းသူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှလှစိုး
အသက်(၆၈)နှစ်

သူငယ်ချင်း မောင်မောင်မြဦး၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှလှစိုး (၆၈)နှစ်သည် ၂၃-၃-၂၀၁၄(တနင်္လာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃/၈၄
အထက(၁) ဒဂုံ၊ (၁၀)တန်း(A)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးအေးသန်း (၆၃)နှစ်

စီးပွား/ကူးသန်း ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးမျိုးခိုင်ဝင်း၏မိခင် ဒေါ်အေးအေးသန်းသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ စီမံ/ကုန်သွယ်ဦးစီး
စီမံကိန်းစာရင်းအင်းဌာနခွဲ
ကုန်သွယ်/ဦးစီး၊ စီးပွား/ကူးသန်း

ရဟန်းဒါယကာကြီး
ဦးအောင်ဝင်း
အသက်(၆၀)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်-၆(A)နေ (ဦးလှရွှေ-ဒေါ်သောင်းကြည်)တို့၏သား၊ ဒေါ်သန်းလှ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးစိုင်းနော်စိုင်း-ဒေါ်ရွှေရည်လွဲ့ဝင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်နွယ်နီလှိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်ချိုသဲအောင်၊ ကိုကောင်းခန့်ဝင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၁၄ (တနင်္လာနေ့)နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် ညနေ ၅ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်ထွဋ်(ခ)ဦးအောင်ကျော်ဦး
အသက်(၅၈)နှစ်
[ငယ်/ယာ(၂) မြို့ပြ-ငြိမ်း]
(စိန့်ဂွန်းကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၁၀)၊ အခန်း(၁၈)နေ (ဦးအုန်းခင်နှစ်-ဒေါ်သက်သက်)တို့၏ သားငယ်၊ ဦးတင်ထွဋ်-ဒေါ်နွယ်နွယ်ခင်၊ ဦးမျိုးကိုကိုလတ်-ဒေါ်ချယ်ရီခင်တို့၏ ညီ/မောင်၊ ဒေါ်ခင်ဝင်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်ဖြိုးဟိန်း၊ မောင်ကျော်လင်းထွန်း-မမြတ်မျက်ချယ်တို့၏ မွေးသဖခင်သည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၁၄(တနင်္လာနေ့) တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားသိမ်၊ကျောင်း ဒါယကာကြီး
ဦးကျော်မိုးနိုင် (၃၇)နှစ်
(၄၂/၄၃)ရပ်ကွက်၊
မြောက်ဒဂုံဆွမ်းလောင်းအသင်း
အတွင်းရေးမှူး
ကျော်မိုးနိုင်အိတ်ချုပ်လုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်နေ [ဦးအကုတ်(ခ)ဦးဆေးဘို-ဒေါ်ကျင်မြင့်]တို့၏ တစ်ဦးတည်းသောသား၊ရန်ကုန်မြို့နေ (ဦးစိုးလှိုင်)-ဒေါ်တင်တင်ငွေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၂)ရပ်ကွက်၊ ဦးလင်းလမ်း၊ အမှတ်(၉၃၉)နေ ဒေါ်လှိုင်လှိုင်ဦး၏ ခင်ပွန်း၊ မောင်ဇွဲသိဟနိုင်(ခ) စွမ်းစွမ်း(ES4E)၊ မနွေးထက်လှိုင်(ခ)နွေးနွေး (ES4E)တို့၏ ဖခင် ဦးကျော်မိုးနိုင်သည် ၂၄-၃-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် OSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သိန်းမြ (၈၉)နှစ်
(ထားဝယ်)

ထားဝယ်မြို့၊ ကျောက်မော်ရပ်၊ မြိတ်လမ်း၊ အမှတ်(၁၁)နေ (ဦးဘိုးသောင်-ဒေါ်ဘီ)တို့၏ သမီး၊ (ဦးတိုးခင်)၏ ဇနီး၊ ဦးကံကြီး-ဒေါ်သန်းလှတို့၏ အစ်မ၊ ဦးလှရိုက်-ဒေါ်ဝင်းမြ၊ ဦးအောင်ဝင်း-ဒေါ်ခင်ငွေညွန့်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သိန္ဓုလမ်း၊ အမှတ်(၃၁)၊ သုံးလွှာနေ ဒေါ်မေရှင်၊ ဒေါ်ခင်ခင်ယု၊ ဦးခင်မောင်ဖြူ-(ဒေါ်ခင်ညို)၊ ဦးခင်အောင်(အာရှတော်ဝင်)-ဒေါ်မြင့်မြင့်ဝင်း(ဦးစီးအရာရှိ-NHL)၊ ဦးအောင်စွာ(ကော့သောင်း)-ဒေါ်ခင်မာလွင်တို့၏ မွေးသမိခင်၊ မြေး ၁၆ ယောက်၊ မြစ် ၁၆ ယောက်တို့၏အဘွားသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးလှစိန် (၈၄)နှစ်
(အိမ်မဲ)

ရန်ကုန်မြို့၊အမှတ်(၄၇-အီး)(၇)မိုင်ခွဲ၊ ကံ့ကော်မြိုင်လမ်းသွယ်၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်နေ ဦးကျိုးချိဖု - မဇင်မော်ထွန်း၊ မဇင်မင်းထက်၊ မောင်လင်းထိုက်စန်း၊ ဦးအောင်ဇော်ဖြိုး-မနှင်းအိချို၊ မောင်အောင်ကိုကို-မသူဇာနိုင်၊ မခွန်းဆင့်သာတို့၏အဘိုး ဦးလှစိန်သည် ၂၄-၃-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၃-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၄၇-အီး)၊ (၇)မိုင်ခွဲ၊ ကံ့ကော်မြိုင်လမ်းသွယ်၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် နေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသန်းထွန်း (၈၁)နှစ်
(ဒေးဒရဲ၊ သဲကုန်း)

(ဦးအောင်ဇံ-ဒေါ်လှရင်)တို့၏သားကြီး၊ မောင်နုမရှစ်ယောက်တို့၏ အစ်ကိုကြီး၊ (ဦးဘိုးရင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်-၁၉ (ပထမထပ်)နေ ဒေါ်လှလှဝင်း၏ခင်ပွန်း၊ ဦးဇာနည်ထွဏ်း-ဒေါ်ချောစန္ဒီစိုး၊ ဦးဝင်းနည်ထွဏ်း-ဒေါ်လွင်လွင်ခိုင်တို့၏ ဖခင်၊ မောင်ထူးမြတ်ဝင်းနီ၊ မဖူးမြတ်ဇာနည်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့)မွန်းလွဲ ၁း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့)မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာ
ဦးတင်လှ(ခ)ဦးဟောက်စိန်
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊(၁၄)လမ်းအမှတ်(၅၀၀)နေ(ဦးလီစူးစိန်-ဒေါ်ကြင်မြိုင်)တို့၏သားငယ်၊(ဦးတင်ညွန့်)-ဒေါ်ကျော့ကျော့မေ၊ ဦးခင်မောင်တင့်-ဒေါ်ဘီးကြူးတို့၏ ညီ/မောင်၊ ဦးမျိုးဝင်း-ဒေါ်လှလှမြိုင်၊ ဒေါ်မြင့်မြင့်အေး၊ဦးတင်နိုင်ဝင်း-ဒေါ်နွယ်နီငွေး၊မနီနီဝင်း၊ မခင်အေးဝင်း၊ဦးလှထွေး-ဒေါ်ဝါဝါထွန်းတို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်တင်တင်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၄)ရပ်ကွက်၊အေးရိပ်မွန်အိမ်ရာ(၁)လမ်း၊တိုက်(၂၁)အခန်း(၂၀၆)နေ ဦးတင်လှ(ခ)ဦးဟောက်စိန်သည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၁၄ရက် နံနက် ၁၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရေစကြိုမြို့နယ်အသင်း၊ရန်ကုန်
ဒေါ်အေးအေးသန်း(ရေစကြို)
အသက်(၆၃)နှစ်
ရေစကြိုမြို့နယ်၊ ရန်ကုန်

အသင်းဝင်ဦးဝင်းမောင် (ဒုရဲမှူး-ငြိမ်း)၏ ဇနီးဒေါ်အေးအေးသန်း (၆၃)နှစ်သည် ၂၅-၃-၂၀၁၄ရက်တွင် ကွယ်လွန်၍ ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက်၁၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။)

ရေစကြိုမြို့နယ်အသင်း

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်အေးအေးသန်း(ရေစကြို)
အသက်(၆၃)နှစ်

ရေစကြိုမြို့နေ(ဦးကျော်သန်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ရန်ကုန်မြို့၊မြောက်ဒဂုံမြို့နယ်၊(၃၂)ရပ်ကွက်၊လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၁၃၈)နေဒုရဲမှူးဝင်းမောင်(ငြိမ်း)၏ ဇနီး၊ ဦးသက်နိုင်ဝင်း(လေကြောင်းဦးစီး)-ဒေါ်အိဆက်ဆက်ပိုး၊ ဦးကျော်ကျော်ထွေး-ဒေါ်ဇင်နွယ်ဝင်း(အထက-၁၊တာချီလိတ်)၊ဦးမျိုးခိုင်ဝင်း(ကုန်သွယ်/ဦးစီး)-ဒေါ်ရှင်စောသု(ကုန်သွယ်/ဦးစီး)တို့၏ မိခင်၊ မသွန်းပိုးရတီ၊မောင်အဂ္ဂဘုန်းခန့်၊ မမေမြတ်နိုးရှင်သက်နှင်းအိမ်တို့၏အဘွားသည်၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၂း၂၇ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်သက် (၅၃)နှစ်

ရန်ကုန်မြို့နေဦးကျင်စိန်-ဒေါ်မြကြည်တို့၏သမီး၊ (ဦးသန်းစိုး)၏ဇနီး၊ မဇေယျာခင်၊မောင်အောင်ကိုကိုခင်၊ မောင်ထင်ကျော်ကျော်ခင်(SHShipping Co., Ltd)တို့၏ ချစ်လှစွာသောမိခင်ကြီး ကိုအောင်လွင်-မခင်ယုဆွေ၊ ကိုစိုးစိုး-မသောင်းသောင်းညွန့်(ကိုအောင်ကျော်)-မခင်မိုးမြင့်၊ ကိုမေအောင်-မအေးအေးဆက်၊ ကိုဆန်းဝင်း-မဝေဝေလွင်တို့၏ အစ်မကြီးသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက်၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၃၁-၃-၂၀၁၄ (တနင်္လာနေ့) နံနက်ပိုင်းတွင် တိုက်(၄)၊ အခန်း(၄) ဝါဝါဝင်းအိမ်ရာ၊ အနောက်ရန်ကင်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
Willian (@)မောင်မောင်ခင်
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၅၀)ရပ်ကွက်၊ နေကြာလမ်း၊ အမှတ်(၁၁၂)နေ မောင်မောင်ကလေး- (ဒေါ်ခင်စန်း)တို့၏သား၊ ဦးမောင်မောင်မြင့်-ဒေါ်ထားစန္ဒာ၊ ဒေါ်ခင်မြတ်ကြူ၊ ဦးမောင်မောင်လွင်-ဒေါ်ခင်ချိုသန်း၊ ဦးမောင်မောင်နိုင်-ဒေါ်ဝင်းဝင်းလှိုင်၊ ဦးကျော်စွာထွန်း-ဒေါ်ခင်မြတ်စန်းတို့၏ ညီမောင်၊ ဒေါ်မိုးမိုးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မခင်ရတီမိုး၊ မခင်ရူပါမိုးတို့၏ ချစ်လှစွာသောဖခင် Willam (ခ)မောင်မောင်ခင်သည် ၂၄-၃-၂၀၁၄(တနင်္လာနေ့) ညနေ ၄း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး
ဦးအဂ္ဂ(ခ)ဦးကျင်ဆောင်း(ခ)အပါကြီး၊
အသက်(၉၆)နှစ်
ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ပိမြို့ ခိုင်ခိုင်မြဲမြဲဆေးဆိုးပန်းရိုက်ဖခင်ကြီး

ရန်ကုန်မြို့၊အမှတ်(၈၈)၊မြောင်းကြီးလမ်း၊ ပထမထပ်နေ(ဦးစုဖရောင်း-ဒေါ်အေးတင်) တို့၏သား၊ (ဒေါ်ခင်စန်း)၏ ခင်ပွန်း၊ ဦးခင်ဦး-ဒေါ်နွဲ့နွဲ့ရီ (ဦးစိန်ထွန်း)-ဒေါ်ခင် စီဝင်း၊ ဦးတင့်နိုင်-ဒေါ်မြမြရီ ဦးနေဝင်း-(ဒေါ်သန်းသန်းမြင့်)၊ ဦးနုမောင်-ဒေါ်ပြုံးပြုံးရီ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်စန်း၊ ဦးအောင်ထူး-ဒေါ်အေမီပိုင် (အထက-၃၊ ဗိုလ် တထောင်)၊ဦးခင်မောင်ညို-ဒေါ်အေးအေးမော်၊ဦးသန့်ဇော်-ဒေါ်စမ်းသီတာ၊ ဒေါ်ယဉ်ယဉ်စမ်းတို့၏ ကျေးဇူးရှင်၊ ဖခင်ကြီး၊ မြေး ၂၀ ယောက်၊ မြစ်ခုနစ်ယောက်၊ တီ နှစ်ယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်လှလှစိုး (၆၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၃)လမ်း၊ အမှတ်(၂၄၆)နေ (ဦးစိုးကြည်)-ဒေါ်သိန်းရီတို့၏ သမီးကြီး၊ [ဦးမြင့်စိုး (စိတ်ပညာပါမောက္ခ၊ မော်လမြိုင်တက္ကသိုလ်)၏ ချစ်လှစွာသောဇနီး၊ (ဦးမြင့်အောင်စိုး)-ဒေါ်မာဂရက်၊ (ဦးချစ်ခိုင်)-ဒေါ်ခင်လှသိန်းတို့၏ ညီမ၊ (ဦးမျိုးမြင့်)-ဒေါ်နွဲ့၊ ဦးအောင်ကျော်ဦး-ဒေါ်တင်တင်အေး၊ ဦးအေးကျော်စိုး-Iwamura Nozomi တို့၏ အစ်မ၊ ဦးမောင်မောင်မြဦး-ဒေါ်ခင်စောထွေး၊ ဦးဇင်မင်းထွေး-ဒေါ်နှင်းနှင်းမြ၊ ဦး Andrew မျိုးအောင်-ဒေါ်တိုးတိုးမြတို့၏ ချစ်လှစွာသော မိခင်၊ မမြတ်နိုးထူး၊ မောင်ရဲထက်ဦး၊ မဆုပြည့်မျိုး၊ မသွန်းဆုဇင်၊ မောင်ဖုန်းမြတ်ဟိန်း၊ မောင်မင်းသီဟတို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၃-၃-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် နှင်းဆီကုန်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စိန်းစိန်း (ဟသ်ာတ)
အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၇၃) A-6၊ ရေကျော်လမ်းနေ (ဦးဖိုးတွတ်-ဒေါ်မယ်အိ)တို့၏ သမီး၊ ဦးကျော်ဝင်း-ဒေါ်တင့်တင့်၊ ဦးခင်ငွေ(ဒု-ဦးစီးမှူး၊ စက်မှုလယ်ယာ)-ဒေါ်သန်းငွေတို့၏ အစ်မ၊ Dr. နှင်းအေးခိုင်ဆွေ(ကထိက၊ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ အဒေါ်သည် ၂၅-၃-၂၀၁၄ ရက် မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်ငွေ (၆၁)နှစ်
B.A(Law), L.L.B

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုန်ပလာဇာ၊ တိုက်(စီ)၊ အခန်းအမှတ်(၂၀၂)နေ(ဝဏ္ဏကျော်ထင်ဦးသိန်း-ဒေါ်မြရင်) တို့၏သမီးလတ်၊ ဒုရဲမှူး ဦးသန်းလှိုင်(ငြိမ်း)-ဒေါ်သီသီဝေ၊ ဒေါ်ခင်သန်းမြင့်(အထပြ-ငြိမ်း)တို့၏ညီမ၊ ဒေါ်တင်တင်လေး (Tin Tin Lay Exp & Imp Co., Ltd.)၏အစ်မ၊ ဦးသန်းငွေ၏ ဇနီး၊ မခင်စုလှိုင်၏မိခင် ဒေါ်တင်တင်ငွေသည် ၂၃-၃-၂၀၁၄(တနင်္ဂနွေနေ့)မွန်းလွဲ ၁၂း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၁၄(စနေနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုရဲလင်းအောင်(ခ)သားငယ် (၂၉)နှစ်
Max Myanmar Constvuction Co., Ltd.

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၇၁)၊ (၄/A)နေ (ဦးလှမောင်-ဒေါ်မြင့်မြင့်)၊ (ဒေါက်တာတင်အောင်-ဒေါ်အေးကြည်)တို့၏ မြေး၊ ဒုတိယရဲမှူးအောင်မျိုး(သတင်းရဲတပ်ဖွဲ့)-ဒေါ်ချိုနွယ်နွယ်အောင်တို့၏သားကြီး၊ ကိုရဲရင့်အောင်(M. SHIP MANAGEMENT Co., Ltd.)၏ အစ်ကို၊ နော်ဟယ်လင်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ညက်လင်းအောင်၏ ဖခင် ကိုရဲလင်းအောင်(ခ)သားငယ်သည် ၂၄-၃-၂၀၁၄ ရက် မွန်းလွဲ ၁၂း၂၅ နာရီတွင် SSC ဆေးရုံ၌ ခရစ်တော်တွင်အိပ်ပျော်သွားပါသဖြင့် ၂၆-၃-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးသန်းနွယ်(ပုလော)
အသက်(၆၅)နှစ်
အသင်းဝင်အမှတ်(၅၃၄၃)

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်(၄၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်-(၆၅၀)နေ ဒေါ်သန်းသန်းရီ၏ခင်ပွန်းသည် ၂၄-၃-၂၀၁၄ (တနင်္လာနေ့) ညနေ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အသင်းမှကားများနံနက် ၈နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးမင်းအောင်(ခ)ခေါ့မင်းအောင်
(မော်လမြိုင်)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ပျားရည်ကုန်းရပ်ကွက်၊အမှတ်(၂၅)၊မြေညီ(B)နေ(ခေါ့ကျိုင်ဝှက်)-ဒေါ်ချယ်တို့၏သားကြီး၊ဒေါ်မြတ်မြတ်နွယ်(အလပြ၊ငြိမ်း)၏ခင်ပွန်း၊ခေါ့ဇင်ဇင်မင်း၊ဒေါက်တာခေါ့ဇင်ကိုမင်း၊ခေါ့အောင်ကိုလင်းတို့၏ဖခင်၊ဦးမောင်မောင်-ဒေါ်နော်နော်၊ဦးသက်လွင်-ဒေါ်ခင်အေးမြင့်တို့၏အစ်ကို၊မောင်ဇာနည်မောင်၊မောင်နည်လင်း၊မခြူးသိမ့်နန္ဒာ၊မောင်ပြည့်ကျော်တို့၏ ဘကြီးသည် ၂၄-၃-၂၀၁၄ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၄(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ရပ်ဝေးရပ်နီးမှ ဆွေမျိုးအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးငွေအောင် (၅၉)နှစ်
(ပြည်တွင်းအခွန်ဦးစီးမှူး-ငြိမ်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်တောင်၊ သစ်တောလမ်း၊ အမှတ်(၆၁)၊ ခြောက်လွှာနေ ဦးမောင်မောင်ညွန့် - ဒေါ်ခင်အေးမူတို့၏ သားကြီး၊ (ဦးသင်-ဒေါ်တင်မြ)တို့၏ သားသမက်၊ ဒေါ်ခင်မြင့်ရီ(ဘေဘီ) (ACSI) Singapor၏ဇနီး၊ ဦးဇော်ဇော်အောင် (MSCT) Singapor -ဒေါ်ရီနွယ်ထွန်း(senior staff nurse NUH singapor)၊ မသင်းသီရိလှိုင် Singaporတို့၏ဖခင်၊ Daniel Zaw row Tun၊ သီရိဝေတို့၏ အဘိုးသည် ၂၄-၃-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်နီချို (၄၄)နှစ်

ရန်ကုန်မြို့၊ကျောက်မြောင်းရပ်ကွက်၊ အောင်ဘာလေလမ်း၊အမှတ်(၇)နေ(ဦးဟန်စိန်-ဒေါ်အုန်းကြည်)တို့၏သမီး၊ ကိုမျိုးမင်းသိန်း၏ညီမ၊ ရန်ကုန်မြို့၊တာမွေမြို့နယ်ပျားရည်ကုန်းရပ်ကွက်(၁၄၉)လမ်း၊ အမှတ်(၂၅)မြေညီထပ်နေ မကြည်ဖြူမိုးထက်၊မကြည်ဖြူနှင်းဆက်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်နီချိုသည် ၂၃-၃-၂၀၁၄(တနင်္ဂနွေနေ့)ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မပုပ်မသိုးဆရာတော်ကြီးများ ရုပ်ကလာပ်(၃)ပါးတည်ရှိရာ ကမ်းပျိုတောင်တောရကျောင်း ပဓာန နာယက ဆရာတော်
ဘဒ္ဒန္တ တေဇမဥ္စူ
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ဒေသ၊ တောင်ဇင်းကျေးရွာ၊ မပုပ်မသိုးဆရာတော်ကြီးများ၏ ရုပ်ကလာပ်(၃)ပါး တည်ရှိရာ ကမ်းပျိုတောင်တောရကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇမဥ္စူသည် (၁၃၇၅ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်) ၂၃-၃-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ပျူခေတ် ဂဝံမြို့ဟောင်းကျပ်ပြင် သာသနာ့နယ်မြေတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် (၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁ ရက်) ၃၁-၃-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ပျူခေတ် ဂဝံမြို့ဟောင်း ကျပ်ပြင် သာသနာ့နယ်မြေတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမအပေါင်းတို့အား ဆရာတော်အရှင်ပညာသီရိနှင့် တောင်ဇင်း၊ သံပုရာကုန်း၊ ကြက်ပေါင်ကုန်းကျေးရွာများမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့မှ ဖိတ်ကြားအပ်ပါသည်။(ရန်ကုန်ကျော်ကျော်နိုင် (မင်္ဂလာဆိုင်းအဖွဲ့ဖြင့် ပူဇော်မည်။)

တပည့်ဒါယကာ၊ဒါယိကာမများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အောင်မခိုင်(မြောက်ဦး) အသက်(၈၀)

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ငါးခြောက်ဈေးရပ်နေ(ဦးစံညိုအောင်-ဒေါ်ကြိုင်သာ)တို့၏သမီး၊ (ဒေါ်မိုးဒါဦး)၊ (ဦးရွှေဖိုးအောင်)-ဒေါ်စောညွန့်ဖြူ၊ ဒေါ်အောင်သာခိုင်တို့၏ညီမ၊ ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးမြောက်ပိုင်း၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၁၀/က)နေ ဒေါ်ခိုင်စိန်ဦး၊ ဦးသာဇံအောင်-ဒေါ်ဦးညွန့်ခင်၊ ဦးသိန်းထွန်းအောင်၊ ဦးထွန်းအေးခိုင်-ဒေါ်ချိုချိုဝင်း၊ ဦးသန်းထွန်း-ဒေါ်မခင်ဝင်း၊ (ဦးအောင်သန်း)-ဒေါ်ဖြူဖြူခိုင်၊ ဦးစိန်ကျော်ဝင်း-ဒေါ်မခင်ရွှေ၊ ဦးမြသော်-ဒေါ်အေးခင်မြ၊ ဦးသာအေးဇံ-ဒေါ်ခင်မာဇော်၊ ဒေါ်စောအေးဖြူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၆ ယောက် တို့၏ အဘောင်ရှင်၊ (ဦးမောင်သာဇံ) ကျောင်းဆရာ(ငြိမ်း)၏ဇနီး ဒေါ်အောင်မခိုင်သည် ၂၅-၃-၂၀၁၄ ရက် နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၃-၂၀၁၄ (စနေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါက်တာဦးသက်ဆွေ(ခ)မောင်မောင်(ခ)ဟာဂျီဟူစိန်အလီ
M.B.B.S(YGN),M.Med.Sc (Radiology) (သံတွဲ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃၇)အေပြည်လမ်း၊ ကမာရွတ်မြို့နယ်နေ(ဦးအောင်သိန်း-ဒေါ်ညွန့်ညွန့်)တို့၏သား၊ ဒေါ်မြင့်မြင့်၏မောင်၊ ဒေါ်ခင်မေဆတ်(မေလေး)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသိန်းထက်ဦး၊ ကိုလင်းအောင်သက်တို့၏ဖခင်သည် ၂၁-၃-၂၀၁၄ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၃-၂၀၁၄ ရက်တွင် ရေဝေးကာဘာစတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကိုကျော်စိုးမိုး (၂၉)နှစ်
လုံးလုံး-သုဝဏ္ဏ

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁၆၅)၊ အခန်း(၁)နေ (ဦးကျော်စိုး)-ဒေါ်ခင်မာရီ-ပဲပဲတို့၏ သားလတ်၊ SHOJI KOGA - ဒေါ်ခင်မာကြည်-မီးမီးတို့၏ တူသား၊ မောင်အောင်စိုးမိုး-မသီတာဇော်မင်း၊ မောင်ဝေဖြိုးနိုင်၊ မယဉ်ယဉ်ခိုင်တို့၏ ညီ/မောင်၊ မောင်ကျော်စိုးနောင်၏ အစ်ကိုသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက် ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင် (၈၈)နှစ်

ကျိုက်လတ်မြို့နေ(ဦးဘိုးသွဲ့-ဒေါ်ဖွားသင်)တို့၏သား၊ရန်ကုန်မြို့နေ(ဦးညို-ဒေါ်တင်မေ)တို့၏သားသမက်၊ရန်ကုန်မြို့၊အမှတ်(၅၃)မြင်တော်သာလမ်း(၃)၊ မာန်ပြေရပ်ကွက်၊သာကေတနေဒေါ်မြကျင်၏ ခင်ပွန်း၊ ဦးစန်းငွေ-(ဒေါ်သန်းသန်း)တို့၏ ဖခင်၊ ဦးဇော်လွင်-ဒေါ်သန္တာဝင်း၊ ဒေါ်သင်းသင်းခိုင်၊ဦးသိန်းထွန်းဦး-ဒေါ်ဆွေဆွေဝင်း၊ ဦးမျိုးသန့်ဇင်-ဒေါ်မြင့်မြင့်သွင်၊ ဦးကျော်ဇေယျ-ဒေါ်ဇင်မီမီကိုတို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်အေးအေးသန်း(ရေစကြို)
အသက်(၆၃)နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ နဂါးရုံရပ်နေ(ဦးကျော်သန်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ ဇလွန်မြို့နေ(ဦးဖိုးထွေး-ဒေါ်ခင်ဥ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ အမှတ်(၁၃၈)၊ လက်ဝဲသုန္ဒရလမ်းနေ ဦးဝင်းမောင်-ဒုရဲမှူး(ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးဝင်း-ဒေါ်တင်တင်ကျော့(ရွှေကြာအိုးကုမ္ပဏီလီမိတက်)၊ ဦးသင်း-ဒေါ်မြဝင်း(ကြယ်ငါးပွင့်ရောင်းဝယ်ရေးနှင့် ဆောက်လုပ်ရေး)တို့၏ညီမ၊(ဦးတူး)-ဆရာမကြီး ဒေါ်အမာတင်-မုံရွာ၊ ဆရာမကြီးဒေါ်ခင်ကျော် (ပန်းလှိုင်ဆေးရုံကြီး)၊ ဦးချိုလွင်-ဒေါ်ဥမ္မာ (ကြယ်ငါးပွင့်ဗီဒီယိုလုပ်ငန်း)၊ ဦးကျော်နီကျော်-ဆရာမကြီး ဒေါ်ဆွေဆွေသန်း (မြောက်ဥက္ကလာဆေးရုံကြီး)တို့၏ အစ်မ၊ တူ၊ တူမ(၁၆) ယောက်၊ မြေး၁၁ယောက်တို့၏ ဘွားဘွားကြီး ဒေါ်အေးအေးသန်းသည်၂၅-၃-၂၀၁၄ရက် နံနက် ၂း၂၇နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်၍ ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (မြောက်ဒဂုံနေအိမ်မှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကြည်ကြည်(ခ)ဒေါ်တင်ကြည်
(ပျဉ်းမနား)
အသက်(၇၉)နှစ်
ဗဟိုတရားရုံး(ငြိမ်း)

ပျဉ်းမနားမြို့နေ(ဦးသင်-ဒေါ်နှင်း)တို့၏သမီး၊ ရန်ကုန်မြို့၊ တိုက်(၃၆၅)၊ အခန်း(၁၄)၊ ရန်ရှင်းလမ်း၊ (၅)ရပ်ကွက်၊ အနောက်ရန်ကင်းနေ (ဦးဝင်းအောင်)၏ဇနီး၊ ဦးမြင့်ထွန်း-ဒေါ်ခင်ဝင်းအောင်၊ ဦးလှမြင့်(U.P.C.Co.,Ltd)-ဒေါ်တင်ဝင်းအောင်(ရှမ်းမောမြေကုမ္ပဏီလီမိတက်)၊ ဦးထွန်းအောင်ကျော်-ဒေါ်ရီဝင်းအောင်၊ ဒေါ်ဆွေဝင်းအောင်၊ ဦးစောစိန်လင်း(မြန်မာ့အာမခံလုပ်ငန်း) -ဒေါ်ကြည်ဝင်းအောင်(မြန်မာ့အာမခံ လုပ်ငန်း)၊ ဦးဇော်ဝင်းအောင် - ဒေါ်ထက်ထက်အောင်တို့၏ မိခင်၊ မြေး၁၂ယောက်တို့၏ အဘွားသည် ၂၅-၃-၂၀၁၄(အင်္ဂါနေ့) နံနက်၀၀း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီယာကွတ်ခန်း(ခ)ခလီဖာ
ဦးမျိုးမြင့် အသက်(၇၀)
ကာဒရီယာ၊အာလီကာ(တွရီကာ)
(ထားဝယ်)

ထာဝယ်မြို့၊ဆေးရုံးလမ်းနေ(ဦးမူရှီး-ဒေါ်အိုင်ဇာဘီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၂၀၀)၊အခန်း(၁၅)၊လေးထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်နေ ဟာဂျီမဒေါ်ချိုချိုမာ(ခ)စကီနာဘီ၏ခင်ပွန်း၊ ဦးဝင်းမြင့်(UNOPS)-ဒေါ်မေရီသန်း၊ ဟာဂျီဦးတင်ဦး- ဒေါ်သန္တာဝင်း၊ ဦးခင်မောင်ထွေး-ဒေါ်ဖြူဖြူသန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၁၄ရက် နံနက် ၈း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့အဆွာရ် အပြီးတွင် ရေဝေး ကာဘာစတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

မြို့ပတ်ရထားများ၌ လက်မှတ်ခပေးချေမှု iPay ကတ်စနစ်ဖြင့် ဆောင်ရွက်ရန် ဖိတ်ခေါ်

နေပြည်တော် မတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်း ရထားစီးခရီးသည်များ လက်မှတ်ဝယ်ယူမှုလွယ်ကူအဆင်ပြေစေနိုင်ရေးအတွက် iPay ကတ်စနစ်ဖြင့် လက်မှတ်ခပေးချေမှုကို ပုဂ္ဂလိကနှင့် အကျိုးတူ ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ကိုင်လိုသည့် ပြည်တွင်းမှပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီများသို့ အဆိုပြုလွှာတင်သွင်းနိုင်ရေးဖိတ်ခေါ်ထားသည်။

ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် လူစီးရထားများ၏ ခရီးစဉ်တစ်ကြောင်း စီးနင်းနိုင်သည့် ကျပ် ၂၀၀ တန်၊ ကျပ် ၃၀၀ တန်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းနိုင်ငံဘုရင်နှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ စံပြစိုက်ခင်းများအတွင်း လှည့်လည်ပြသ

နေပြည်တော် မတ် ၂၅

